# ...ပင်းသစ်

## မမေ့နိုင်ဘူးကွယ်..
## ငယ်ချစ်ဆွေ...



## ပုံနှိပ်မှတ်တမ်း

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း (၀၉၉၇၃၉၂၈၃၇၇)

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ချီး** - ၁၅၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

မမေ့နိုင်ဘူးကွယ်…ငယ်ချစ်ဆွေ
အလင်းသစ်
ရွှေပဒေသာစာပေ၊ ၂၀၁၆၊ ရန်ကုန်။
၂၃၇-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မမေ့နိုင်ဘူးကွယ်…ငယ်ချစ်ဆွေ


# မမေ့နိုင်ဘူးကွယ်

# ငယ်ချစ်ဆွေ

## အလင်းသစ်

> အချစ်ဆိုတာကို ဟိုပြောင်းဒီရွှေ့ လုပ်လို့ရသလား သပြေ။ ငါ့ရင်ထဲမှာ နင်တစ်ယောက်တည်းပဲရှိတာ။ နင့်နေရာမှာ ငါ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူး။ ငါ့ရဲ့ ပထမဦးဆုံးချစ်သူက သပြေညိုဖြစ်သလို… နောက်ဆုံးချစ်သူကလည်း သပြေညိုပဲ ဖြစ်စေရမယ်ဆိုတာ နင်မြဲမြဲမှတ်ထား။
>
> တေဇမောင်





> နင်…မိုးသောက်ကိုပဲ လက်ထပ်ပါ တေဇ။
> နင် သူ့ကို လက်မထပ်လို့ ငါက နင့်ကို လက်ထပ်လိမ့်မယ်လို့ မထင်နဲ့။
> ငါ နင့်ကို ဘယ်တော့မှ လက်မထပ်ဘူး။
>
> သပြေညို

# အခန်း (၁)

ဒီအချိန်နဲ့ ××× ဒီလိုရာသီ ရောက်ပြန်ပြီဆိုမှဖြင့်…အလွမ်းတွေက ဝေဝေသီ×××ဆောင်းဟောမာန်ဆီ နှင်းကလေးနဲ့အတူ လှမ်းခဲ့ပြီ××× ငယ်ကျွမ်း ဘယ်ဆီရောက်လို့နေလဲ မေမျှော်မိသည်··

မေ့နိုင်ပြီလားလို့ မေ့ထားဖို့ ကြိုးစားခဲ့ပြီ ××× မရနိုင်ဘူး အချစ်ရဲ့××× ဒီရာသီ…သြော်…မမေ့နိုင်ဘူး အချစ်ရဲ့ ခါတော်မှီ·· စိန်ပန်းတွေ မြေမှာကြွေပြီ…ဒီလမ်းကို လျှောက်ခဲ့ဖူးသည်…အချစ်ရယ် မေရယ် နှင်းရယ် အတူကွယ်…ဟိုစဉ်တုန်းကများဆို… အတူပြုံးလို့ ပျော်ဖူးသည်…

သီချင်းတစာစာ ညည်းတွားရင်း ကောက်ရိတ်နေသော ဆယ့်ခြောက်နှစ်အရွယ်ကလေးမလေးသည် စားရေးသောက်ရေး အဆင်ပြေဖို့အတွက် ရုန်းကန်လှုပ်ရှားနေရတာ ဘေးဘေးဘီဘီကို ယောင်၍ပင် မကြည့်နိုင်ရှာပေ။ တစ်ယောတ်တည်းမို့ ပျင်းပျင်းရှိရှိ



မရှိ၊ သီချင်းလေးဆိုလို့သာ။ လက်တွေကတော့ လျင်မြန်သွက်လက်နေ၏။

ဘယ်ဘက်လက်၏ လက်ချောင်းကလေးတွေက စပါးပင်တွေကို ဆုပ်ကိုင်ပြီး လက်ဖနောင့်က ပံ့မှန်တွန်းပေးနေသလို ညာဘက်တံစဉ်ကိုင်ထားသော လက်ကလည်း ကောက်ပင်တွေကို လည်ပင်းဖြတ်ဖို့ လှုပ်ရှားနေသည်သာ။

ထိုကောင်မလေး၏အနားသို့…

ပုဆိုးကိုခြုံ၍ စပါးပင်တွေကို အကာအကွယ်ယူကာ ပုန်းလျှိုးကွယ်လျှိုး ခြေသံဖွ၍ တိုးလာသူကတော့ တေဇမောင်ဆိုတဲ့ ကောင်လေးပါပဲ။ တေဇမောင်တစ်ယောက် ကောင်မလေးအနားကို ရောက်သည်နှင့် ပုဆိုးခြုံကို ဖွင့်လိုက်ပြီး မားကနဲ ရပ်ကာ ခြောက်လှန့်လိုက်လေတော့သည်။

"ဝါး…ဟိတ်…ကောင်မလေး"

"အမယ်လေး"

ကောင်မလေးက လန့်ဖျပ်ပြီး ကိုယ်လေး ဆတ်ကနဲ တုန်သွားလေသည်။ ရုတ်တရက်ဆိုတော့ လန့်သွားသည်မို့ တဒိတ်ဒိတ်ခုန်လာသောရင်ဝကို လက်ဝါးလေးနှင့်ဖိထားပြီး မျက်လုံးလေးမှိတ်ထားလေတော့၏။ ဒီအဖြစ်ကိုကြည့်၍ သဘောကျစွာ တဟားဟားရယ်နေသူက တေဇမောင်ပါ။

"လန့်လိုက်တာ တေဇရယ်…ရင်တွေတောင်တုန်တယ်"

“အခုမှ အကဲပိုမနေစမ်းပါနဲ့ဟာ…ရင်တုန်ပြေအောင် တိုက်စရာ ငါ့မှာ ရေမပါဘူး”

“ငါကလည်း နင်တိုက်မယ့်ရေကို မျှော်ကိုးနေတာမဟုတ်ပါဘူး။ ငါ့မှာ ရေဗူးပါတယ်”

“ဟုတ်လား…ဒါဆို ငါ့လည်းတိုက်ပါဦးဟ…ငါလည်း ရေဆာလာလို့”

“အမယ်…အိမ်ကနေလာတဲ့သူက လယ်ထဲမှာ အလုပ်လုပ်နေတဲ့သူရဲ့ရေကို ပြန်တောင်းသောက်ရသလား”

“ရေဆာပြေရုံ နည်းနည်းပဲသောက်မှာပါဟ”

“ဟွန်း…မပြောလိုက်ချင်ဘူး”

ကောင်မလေးက တေဇကို မျက်စောင်းထိုးပြီး လယ်ကန်သင်းဘေးတွင် ထောင်ထားသော ရေသန့်ဗူးလေးကို သွားယူ၍ မော့သောက်လိုက်သည်။ ပြီးတော့ သူမ သောက်ပြီးတာနှင့် တေဇဆီသို့ ကမ်းပေးသည်လေ။ ရေသန့်ဗူးထဲက ရေသည် ရေသန့်တော့ မဟုတ်ပေ။

သူများဆီမှ ဗူးခွံကို တောင်းပြီး တံုကင်ရေသာ ထည့်လာခြင်းပါ။ သူမဘဝက ရေသန့်မပြောနှင့်။ လက်ဖက်ရည်ကြမ်းတောင် လက်ဖက်ခြောက် မဝယ်နိုင်တဲ့အခါ မသောက်ရတဲ့ရက်တွေ ရှိခဲ့သည်သာ။ တေဇက အနောက်ယွန်းယွန်းဆီမှ အပူချိန်ပျော့သွားပြီဖြစ်တဲ့ နေလုံးကြီးကိုကြည့်ကာ…



“နေလုံးပျောက်တော့မယ်…နင် အိမ်မပြန်သေးဘူးလား”

“မပြန်နိုင်သေးပါဘူး တေဇရယ်…ရွာနဲ့ နီးနီးနားနားမှာ ရိတ်ရတုန်း ရိတ်လိုက်ဦးမယ်ဟာ”

“နင့်အစား ငါ စိတ်မောလိုက်တာ သပြေရယ်”

မှန်ပါသည်။ သူမနာမည်က သပြေညိုပါ။ သပြေညိုဘဝက မလှပခဲ့လို့ ဝဋ်ကြွေးတွေရှိရင် ပြေပါစေတော့ဆိုပြီး အဘိုးနဲ့အဘွားက ဒီနာမည်ကို ခေါ်တွင်စေခဲ့ခြင်းပါ။ သပြေ့ကို ကြည့်ပြီး…

တေဇ စိတ်မသက်သာစွာနှင့် သက်ပြင်းချလိုက်မိသည်။ ပြီးလယ်ကွက်ထဲမှ ပြန်ရောက်နေပြီဖြစ်တဲ့ သပြေဆီသို့ လျှောက်လာပြီး သပြေ့လက်ထဲက တံစဉ်ကို ဆွဲယူလိုက်လေလျှင် သပြေက သူ့ကို မော့ကြည့်ကာ…

“နင်…ဘာလုပ်မလို့လဲ တေဇ”

“နင့်ကိုမြင်ရတာ စိတ်မချမ်းသာလို့ပေါ့…ငါ ရိတ်မယ်…နင် နားလိုက်ဦး”

“မလုပ်ပါနဲ့ တေဇရယ်…နင့်လက်တွေက အလုပ်ကြမ်း မလုပ်ဖူးတော့ နာနေမှာပေါ့။ ပြီးတော့ နင် ရိတ်ရောရိတ်တတ်လို့လား”

“အောင်မာ…ဘာလို့ မရိတ်တတ်ရမှာလဲ။ ငါ့ကိုများ အထင်သေးလို့…ကျောင်းပိတ်ရက်တွေဆို ငါ အိမ်က လယ်ထဲကိုလိုက်သွားပြီး ကိုကြီးကို သင်ပေးခိုင်းထားတာ”

"အင်း...တတ်ထားတာကောင်းပါတယ်၊ ဒါပေမဲ့ နင်က ဒီအလုပ်တွေ လုပ်ရမှာမဟုတ်ပါဘူးဟာ...အချိန်တန်ရင် နင်က ဘွဲ့ရပညာတတ်ကြီးပဲ ဖြစ်မှာပါ"

"................"

"ကဲပါ...တံစဉ်ပြန်ပေး...ငါ့ဘာသာပဲ ရိတ်ပါ့မယ်။ တော်ကြာ နင့်အဒေါ် အပျိုကြီးသိလို့ ငါ့ကို ထဘီစွန်တောင်ဆွဲပြီး လိုက်ရိုက်နေပါ့မယ်ဟယ်..."

သပြေက တံစဉ်ပြန်တောင်းပေမယ့် တေဇက မပေးပေ။

"ရပါတယ်ဟ...အေးဆေးပါ၊ အခုလောက်ဆို ငါ့ဒေါ်ကြီး တစ်အိမ်ဝင်တစ်အိမ်ထွက်နဲ့ အကြွေးတောင်းရင်း အတင်းပြောလို့ ကောင်းနေလောက်ရောပေါ့။ ငါလည်း သူလစ်တုန်းထွက်လာတာ။ ငါ ကျောင်းကပြန်လာတော့ နင် ဒီမှာကောက်ရိတ်နေတာမြင်လို့ ဒေါ်ကြီးအလစ်မှာ ငါ ထွက်လာတာလေ...ရေတောင်မချိုးရသေးဘူး"

ဟုတ်ပေသားပဲ။ တေဇကိုယ်ပေါ်မှာ ကျောင်းဝတ်စုံက သက်သေ။ ရှပ်အင်္ကျီအဖြူလက်တိုနှင့် ကျောင်းစိမ်းပုဆိုးလေးက တေဇကိုယ်ပေါ်မှာ ခန့်ညားနေလို့သာ။

"နင်...တကယ်ရိတ်တတ်လို့လား တေဇ၊ တော်ကြာ တံစဉ်က နင့်လက်ကအသားကို မြည်းသွားမယ်နော်"

"ဘာလဲ...နင်က ငါ့ကို သူဌေးသားဆိုပြီး အထင်သေးတာ



လား"

သပြေက ရယ်လိုက်ပြီး...

"ဟဲ့...သူဌေးသားကို အထင်သေးလို့ရမလားဟဲ့၊ အထင်ပဲ ကြီးလို့ရမှာပေါ့"

ပြောရင်း တေဇက ကောက်ပင်တွေကို ရိတ်နေသဖြင့် သပြေ ရိုးပြတ်တွေကြားမှာ ထိုင်၍နားလိုက်သည်။

"အေး...နင် ငါ့ကို အထင်လည်းမသေးနဲ့၊ အထင်လည်း မကြီးနဲ့။ ငါ နင့်ကိုခင်လို့ ဒီအလုပ်တွေ တတ်အောင်သင်ခဲ့တာ သဘောပေါက်လား"

"ဟင်...ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဟ...နင် ပင်ပန်းနေတာ ငါ မကြည့်ရက်ပါဘူး။ ဒါကြောင့် ကူညီနိုင်အောင်လို့လေ"

"ပါးစပ်ကပြောရုံနဲ့တင်တောင် ကျေးဇူးတင်ပါတယ်ဟယ်... ငါ့ဘဝက နေလုံးပျောက်လို့ လရောင်သမ်းမှ အိမ်အပြန်လမ်းက ဝမ်းရေးကျောရေး အေးတာလေ။ ငါက ကြိုတင်ငွေယူထားတဲ့ လယ်တွေ လိုက်ရိတ်ပေးနေရတာ။ အဘကတော့ အခုလောလော ဆယ်စားဖို့ ပိုက်ဆံရအောင် လိုက်ရိတ်နေရတာဟ။ ငါ ဒီလယ်ပြတ် ရင် ဦးလှဦးတို့လယ်ကို ရိတ်ပေးရမှာ"

သပြေက စိတ်ပျက်လက်ပျက်ညည်းတော့ တေဇ သူငယ်ချင်း မလေးကို သနားမိပါသည်။ သပြေက မိဘမရှိဘူးလေ။ အဘိုး

အဘွားတွေနဲ့ နေရတာပါ။ သပြေ့မိဘတွေက အချို့ပြောကြတာတော့ အသက်ရှင်လျက်နဲ့ ရှိနေကြသည်လိုလို···အချို့ကျတော့ သေပြီတဲ့။ ဘာကိုယုံရမှန်း မသိပါဘူး။

အဘိုးနဲ့အဘွားက အသက်ကြီးလှပြီ။

ဒါပေမဲ့ ကျန်းမာရေးကောင်းစွာနဲ့ လုပ်နိုင်ကိုင်နိုင်ရှိနေသေးတာက ကံကောင်းခြင်းတစ်မျိုးပေါ့။ ငယ်စဉ်လေးကတည်းက ကစားဖော်ကစားဖက်တွေမို့ သပြေ့အတွက် စိတ်မကောင်းနိုင်ပေ။

"အားမငယ်ပါနဲ့ သပြေရယ်···နင် ဒီလိုလုပ်ပါလား"

"ဘယ်လိုလဲ"

"ငါ့မှာ မုန့်ဖိုးစုထားတဲ့ပိုက်ဆံ ရှိတယ်။ အဲဒါကိုယူပြီး နင် အကြွေးတွေ ဆပ်လိုက်ပါလား"

"မလုပ်ပါနဲ့ တေဇရယ်···ငါ့ကုသိုလ်နဲ့ငါ ရှိပါစေ။ ငါ့အပူတွေ နင့်ကို မကူးစက်စေချင်ဘူး။ ပြီးတော့ အချောင်အလကားရတဲ့ ပိုက်ဆံကိုလည်း ငါ မလိုချင်ဘူး။ ငါ့လုပ်အားပဲ ငါ အားကိုးတယ်"

ကြေသာကြေသော် အရည်မပျော်တတ်သည့် မာနတွေနှင့် ကျောက်စရစ်ခဲမလေးသည် ဘယ်သူပဲနင်းနင်း ခိုက်ရန်အလျဉ်းမရှိပါဘဲ လောကခံကို ခေါင်းမော့ရင်ကော့၍ တိုက်စစ်ဆင်နေသော မိန်းကလေးပါ။ ဒါကြောင့် လေးစားခြင်းတစ်လှည့် ခင်မင်ခြင်းတစ်ဖုံနှင့် တေဇ ခပ်ပြုံးပြုံးမျက်နှာနှင့် လှည့်ကြည့်ကာ···

"နင်···ဒီစကားပဲပြောမယ်ဆိုတာ ထင်တော့ထင်သားပဲ"



"အစကတည်းက ထင်ရင် ဘာလို့ပြောသေးလဲ"

"ပြောလို့ရမလားလို့ ပြောကြည့်တာ"

စကားသံတို့ တိတ်ဆိတ်သွားလေသည်။ တဖြေးဖြေးနှင့် နေမင်းကြီးသည် တစ်နေ့တာ ဖျော်ဖြေမှုအလှည့်ပြီးဆုံးလို့ လောကကြီးပေါ်ရှိ ပရိသတ်အားလုံးကို လက်ပြနှုတ်ဆက်၍ တောင်စွယ်ကန့်လန့်ကာနောက်သို့ ငုံ့လျှိုး၍ ဝင်ရောက်ကွယ်ပျောက်သွားလေတော့သည်။

နေအလှည့်ပြီးလို့ အလှည့်ကျတာဝန်ထမ်းဆောင်ရတော့ မည်က လမင်းပါ။

"သပြေ···နေဝင်သွားပြီ···ပြန်ကြရအောင်"

"အေး···ပြန်မယ်"

နှစ်ယောက်သား လယ်ကွက်တွေ ဖြတ်ကျော်ပြီး ပြန်လာခဲ့ရာ

"သပြေ···ကိုယ့်သူငယ်ချင်းမို့လို့ပြောတာ မဟုတ်ဘူးသိလား။ နင့် သီချင်းဆိုတာ နားထောင်လို့ကောင်းတယ်။ ညကျရင် ဦးလှဦးတို့အိမ်မှာ ကာရာအိုကေဆိုပါလား။ ငါ စရိတ်ခံမယ်ဟာ"

သပြေ တွေကနဲဖြစ်သွားပြီးမှ မချိပြုံးလေး ပြုံးလိုက်ကာ···

"ငါက ဘယ်လိုလုပ်ပြီး ဆိုလို့ရမှာလဲ တေဇရယ်··· တီးလုံးအဖြတ်အတောက်နဲ့ သံစဉ်တွေကို နားမလည်ဘူးလေ"

"ဘာဖြစ်လဲဟ···စာကြည့်ဆိုတာပဲ၊ နီမာတို့၊ စံပယ်တို့၊ ဖြူဖြူတို့တောင် ဆိုနေကြတာကို"

"နင်…မေ့နေပြီလား တေဇ၊ ငါက စာမတတ်ဘူးလေ"

"အင်"

လေသံအေးနှင့်ပြောလိုက်သော သပြေ့စကားကြောင့် တေဇ ကိုယ့်ပါးစပ်ကိုပင် ကိုယ်ကျိတ်ဆဲလိုက်မိတော့သည်။ ပြောချင်ဦးလို့လေ။ သူ တကယ်မေ့နေခဲ့တာပါ။ သပြေမှာ ငယ်ငယ်ကတည်းက ကျောင်းမတက်ခဲ့ရဘူးလေ။ ဒါ သူမရဲ့အားနည်းချက်ပါပဲ။

အဘိုးနဲ့အဘွားက…

စားရေးတောင် အနိုင်နိုင်လုပ်နေရချိန်မှာ သပြေက အဘိုးနဲ့ အဘွား အလုပ်လုပ်သွားရာနေရာ လိုက်နေရတာနဲ့ ရွာမှာ အခြေတကျပြန်နေကြတော့ အရွယ်ကလွန်နေခဲ့ပါပြီ။ ဘယ်နေရာမှာ အလုပ်ကောင်းတယ်ဆိုသွားလိုက်ကြ၊ ညာနေရာမှာ အလုပ်ကောင်းတယ်ဆိုသွားလိုက်ကြနှင့် နေရာအတည်တကျ မနေကြတော့ သပြေ ပညာရေးက မျောက်သစ်ကိုင်းလွတ်ပမာနှယ်။

"ငါ တောင်းပန်ပါတယ် သပြေ…ငါ တကယ်မေ့သွားလို့ပါဟာ"

"ရပါတယ်…နင်နဲ့ငါက သူငယ်ချင်းတွေပဲဥစ္စာ"

"သပြေ"

"ဟင်"

"နင် စာသင်မလား…ငါ သင်ပေးမယ်လေ"

"နင်…တကယ်ပြောတာလား တေဇ"





"တကယ်ပေါ့ဟ"

သပြေ့မျက်နှာလေး ဝင်းပသွားပြီး အဲလေ သနပ်ခါးထူလဗျစ်ကြီးက ချွေးတွေနှင့် ပျက်တာပျက်၊ ရှိတဲ့နေရာကရှိ ဘယ်လိုတင်စားရမှန်းပင် မသိပေ။

"ညဘက် ငါ စာလာသင်ပေးမယ်လေ…ကျောင်းပိတ်ရက်ဆို တစ်နေကုန် သင်ပေးမယ်…ဟုတ်ပြီလား"

"နင့်အိမ်က လွတ်ပါ့မလား"

"အမေက ငါပြောရင် ရမှာပါဟ…မရတော့လည်း လစ်တဲ့အချိန် အကြောင်းပြချက်ကောင်းကောင်းနဲ့ လိမ့်ရုံပေါ့"

"အဲဒါကနောက်မှ…အခု နင် နေဝင်မှအိမ်ပြန်လို့ အဆူခံနေရဦးမယ်နော်"

တေဇ ရယ်လိုက်ပြီး…

"ငါက အရေးမကြီးပါဘူး၊ နင်သာ…တော်ကြာ သူများတွေက ယောကျ်ားနောက်လိုက်သွားတယ် ထင်နေဦးမယ်"

"သေနာကောင်"

သပြေက လိုက်ထုလေတော့ တေဇ ပြေးပါလေတော့သည်။ ရွာထိပ်ကိုရောက်ပြီဆိုတော့ သပြေ့ကို စိတ်ချလက်ချထားခဲ့လို့ရပြီပဲလေ။

~~~
~~~

# အခန်း (၂)

"ဘာ···နင်က သမြေကို စာသွားသင်ပေးမလို့···ဟုတ်လား တောဇ···မသွားရဘူး···ငါ ခွင့်မပြုဘူး"

သမြေကို စာသွားသင်ပေးပါရစေလို့ ခွင့်တောင်းတာများ အရက်သောက်၊ ဖဲရိုက်သွားတော့မယ့်အတိုင်း ဒေါ်ကြီးအသံက စီစီ လျှပ်သွားလေတော့သည်။ အဖေနဲ့အမေကတော့ ဘာမှမပြောသေးပါဘူး။ ကိုကြီးဝဏ္ဏအောင်ကသာ···

"ဘာဖြစ်တာလဲ ဒေါ်ကြီးရာ···တိုးတိုးပြောလည်း ဒီစကားပါပဲ၊ ဒေါ်ကြီး အဲဒီလိုအပေါက်ကျယ်လို့ အခုထိ ယောကျ်ား မရတာ"

"ဘာပြောတယ် ဝဏ္ဏ···အဲဒါ နင် ကိုယ့်အဒေါ်အပျိုကြီးကို ပြောရမယ့်စကားလားဟဲ့"





"ကျွန်တော်က ဒေါ်ကြီးပါးစပ်ပေါက်ကျယ်တာကို ပြောတာပါဗျာ"

တောဇ ခွိးကနဲ ရယ်လိုက်တော့ ဒေါ်ကြီးက မျက်စောင်းထိုးလေသည်။

"မသွားစေချင်လို့ မသွားနဲ့ပြောတာ ဘာဖြစ်လဲ။ နေရာအတည်တကျနဲ့ အခြေအမြစ်မရှိတဲ့ဟာတွေ···ဘယ်ကနေ လေလွင့်လာမှန်းမသိတဲ့သူတွေနဲ့ ဘာမှပတ်သက်စရာ မလိုဘူး"

"ဒေါ်ကြီး···လူတစ်ယောက်ကို အဲဒီလို နှိမ့်နှိမ့်ချချကြီးတော့ မပြောပါနဲ့ဗျာ။ သူတို့ဘာသာသူတို့ ဘယ်ကနေပဲ ရောက်လာလာ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေကြတာပါ"

ဒါမျိုးကျ တောဇ မခံနိုင်လို့ ပြောပြီလေ။ ဟုတ်တယ်လေ··· ဒီဇာတိချက်မြှုပ် မဟုတ်တာနဲ့ပဲ ဒီလိုနှိမ်စရာလား။ လူတွေက မရှိဆင်းရဲသားဆို ကြဲဖန်ပြီး နှိမ်ကြတာပါ။ ဘထွေးတို့က သမြေငယ်ငယ်လေးကတည်းက ဒီရွာကို ပြောင်းလာကြတာတဲ့။

ဒီရွာမှာ···

ကောက်ရိတ်၊ ကောက်စိုက်နဲ့ အလုပ်အဆင်ပြေတယ်ဆိုလို့ အလုပ်လာလုပ်ရင်းက ဒီမှာပဲ နေဖြစ်သွားကြတာတဲ့။ လယ်တွေပြီးလို့ အလုပ်ပြတ်ရင် အခြားနေရာတွေ ပြောင်းလုပ်သည်။ အချိန်တန်တော့ ဒီရွာကိုပဲ ပြန်လာတာ။ ဒီရွာနဲ့ ရေစက်မကုန်သေးဘူးထင်ပါရဲ့။

မရှိလို့ ဟိုပြောင်းဒီရွှေ့နဲ့ လုပ်ကိုင်စားသောက်နေတာကိုပဲ အပြစ်ပြောနေကြတာ။

“တေဇ”

“...............”

“နင်က နာတယ်ပေါ့…ဟုတ်လား”

“ကဲပါ…မမရယ်…ပြောမနေပါနဲ့တော့။ ပတ်ဝန်းကျင်က ကြားသွားရင် မမကိုပဲ အပေါက်ဆိုးတဲ့မိန်းမကြီးလို့ ပြောကြဦးမှာ”

“လာပြန်ပြီ…ဒီအပေါက်အကြောင်း…ဆိုးတယ်ပြောလည်း တိုးကြည်တို့က ဂရုမစိုက်ဘူးဟေ့”

“အပေါက်ဆိုတာနဲ့ ပါးစပ်ပေါက်မှန်း လူတိုင်းသိပါတယ် ဒေါ်ကြီးရယ်…ဒေါ်ကြီးဘာသာ အနက်ဖောက်ပြီး တွေးနေတာပါ”

“ဝဋ္ဋ”

“မမ”

ဦးဇော်မင်း ငြိမ်နေလို့မရတော့ပေ။ ကလေးတွေပြောလည်း ပြောစရာဖြစ်အောင် မမအပေါက်ကိုက…အဲလေ…အသံကိုက ကျယ်တာ။ သူပြောလည်း ပြောမှာဖြစ်နေပါလား။

“စာသင်ပေးတာပဲ မမရယ်…သွားပါစေ၊ စာမတတ်တဲ့သူကို စာသင်ပေးတာပဲ၊ ပညာဒါနပြုတာ ကုသိုလ်တောင်ရသေးတယ်”

“ဟာ…အဖေ တကယ်ပြောတာလား၊ ဒါဆို သား…သပြေ





ကို စာသွားသင်ပေးလိုက်မယ်နော် အဖေ”

“အေးပါကွာ…ဒါနဲ့ ကိုယ့်စာလည်း ကိုယ်ကြိုးစားဦးနော် သား။ အဖေ့မျှော်လင့်ချက်တွေကိုတော့ မဖျက်ဆီးနဲ့”

“ဟုတ်ကဲ့ပါ အဖေ…အဲဒီအတွက် စိတ်ချပါ၊ သား အဖေ ဖြစ်စေချင်တဲ့ ဆရာဝန်ဖြစ်အောင် ကြိုးစားမှာပါ”

ဦးဇော်မင်း ကျေနပ်စွာနှင့် ခေါင်းညိတ်ပြလေလျှင်…

“ဒါဆို…သား သွားလိုက်ဦးမယ်နော် အဖေ”

ပြောပြီး တေဇ လက်နှိပ်ဓာတ်မီးကိုယူပြီး ထွက်လာခဲ့တော့သည်။ သပြေတို့အိမ်နဲ့ တေဇတို့အိမ်က အလှမ်းဝေးသည်ဆိုတော့ ခပ်သုတ်သုတ်ပဲ လျှောက်ခဲ့ပြီး သပြေတို့အိမ်ရှေ့ကိုရောက်တော့…

“သပြေ…သပြေ…ဘထွေး…အမေကြွေ”

နာမည်တွေကို စုံအောင်ခေါ်လိုက်လေတော့…

“ဟော…မောင်တေဇပါလား။ သပြေရေ…ဒီမှာ မြေးမလေးသူငယ်ချင်းလာတယ်ကွဲ့”

ဘထွေး အသံပြုလိုက်တော့ သပြေ မီးဖိုချောင်ထဲမှ ဖယောင်းတိုင်လေးကိုင်၍ ထွက်လာလေသည်။ မနက်ကောက်ရိတ်သွားရင် ထမင်းချိုင့်ယူသွားဖို့အတွက် အခုကတည်းက ချက်နေသည်ထင်ပါရဲ့။ မနက်ကျ အစောကြီးထသွားရတာဆိုတော့ အိပ်ရာထနောက်ကျရင် မလွယ်ဘူးလေ။

ဒါကြောင့်ထင်ပါရဲ့…

အမေကြွေက မျက်စိပြာနေပြီဆိုတော့ ချက်ရပြုတ်ရတာ သပြေ မကြည့်ရက်ဘူးထင်ပါရဲ့။

"ဟဲ့…တေဇ…ညကြီးမင်းကြီးကျမှ ဘာကိစ္စရှိလို့လဲ"

"နင် မေ့နေပြီလား သပြေ…နင်ပဲ စာသင်ချင်တယ်ဆိုလို့လေ…စာသင်ပေးဖို့ ငါ လာခဲ့တာ"

"သြော်…အေး…ဟုတ်သားပဲ၊ နင်က ကတိတည်ပြီး ငါက မေ့နေတာ…ဟဲ…ဟဲ"

"ဖြစ်ရမယ်"

"လာ…ထိုင်လေ တေဇ၊ နေဦး…ငါ ကျောက်သင်ပုန်းနဲ့ ကျောက်တံ ယူလိုက်ဦးမယ်"

ကျောက်သင်ပုန်းနဲ့ကျောက်တံ အဆင်သင့်ရှိနေခြင်းအကြောင်းရင်းကတော့ ဘထွေး ချဲတွက်လို့လေ။ နှစ်လုံးထီတွေက ခေတ်စားနေတော့ ဘထွေးလည်း တွက်တော့တွက်တာပဲ…ဘာတွေကို ဘယ်လိုတွက်ကြလဲတော့ မသိပေ။ တေဇက စာသင်ပေးမယ်ဆိုတော့ သပြေ ဝမ်းသာအားရဖြစ်သွားပုံကို လိုက်ကြည့်ရင်း ဘထွေးက ကျေးဇူးတင်စကား ဆိုလေသည်။

"ကျေးဇူးတင်ပါတယ် မောင်တေဇရော…အဘမြေးမလေးမှာ ဟိုသွားလိုက် ဒီလာလိုက်နဲ့ပဲ ကျောင်းမတက်ရရှာဘူး။ ဆင်းရဲခြင်းကူးစက်တာပဲပေါ့။ သူ့ကို ကျောင်းမထားခဲ့မိတာ အဘတို့ မိဘဝတ္တရားမကျေဘူးလို့ပဲ ပြောရတော့မယ်ကွာ"





"ဟုတ်ပါတယ်…မြေးမလေး ကံဆိုးရှာတာပါ"

အမေကြွေကလည်း မျက်ရည်လေးလည်လည်နှင့် ပြောရှာလေသည်။

"အမေကြွေကလည်း အခု သပြေ ကံကောင်းပါပြီဗျ။ ကျွန်တော် သပြေ့ကို တတ်အောင်သင်ပေးမှာပါ"

"အဘ"

"ဟေ"

"အဘ…ချဲတွက်တဲ့ ကျောက်သင်ပုန်းရော"

"အဘ…အိပ်ရာဘေးမှာလေ မြေးရဲ့"

တေဇ ပြုံးလိုက်မိပါသည်။ ကံစမ်းဉာဏ်စမ်းဟုဆိုကာ ဘထွေးက နှစ်လုံးထိုးသည်လေ။ ပေါက်ကာပေါက်၊ မပေါက်ကာ မပေါက်ပေါ့။ ထိုးတော့သာ ကြေးမပါတာ မျက်မှန်ကြီးတပ်၍ ချဲတွက်ရတာတော့ အမောပါပဲ။

"ကဲ…တေဇ၊ ငါ ဘာကနေ စရေးရမလဲ…ပြော"

"ဝလုံးကနေ စပြီးအရေးသင်မယ်။ ဝလုံးလေးတွေကို တန်းနေအောင် အရင်ရေးကြည့်ဦး"

သပြေ…တေဇရှေ့မှာ ကျုံ့ကျုံ့လေးထိုင်ပြီး တေဇ ခိုင်းသမျှ လိုက်ရေးလိုက်မှတ်နေတာ တကယ့်သူငယ်တန်းကလေးလေး နှယ်ပါ။ တတ်ချင်စိတ်ရှိလို့ပဲလား… အသက်အရွယ်အရပဲလား… သပြေကပဲ မှတ်ဉာဏ်ကောင်းလို့လား မသိပေ။ ဒီညရဲ့စာသင်မှုက

တော်တော်လေး ခရီးပေါက်လှပါသည်။

“အခုသင်တာတွေ သေသေချာချာ မှတ်မိရဲ့လား သမြေ”

“အင်း…မှတ်မိပါတယ်”

“ဒါဆို…ဆိုကြည့်ပါဦး”

“က-ခ-ဂ-ဃ-င-စ-ဆ-ဇ-ဈ-ည”

“နင်…တကယ်မှတ်မိတယ်နော်”

“မှတ်မိပါတယ်…မနက်ဖြန်ကျ ကျောက်သင်ပုန်းနဲ့ ကျောက်တံ လယ်ထဲယူသွားမယ်လေ။ နားတဲ့အချိန်မှာ ရေးကြည့်ပြီး ကျင့်ရမှာပေါ့”

“ဟုတ်ပြီ…မနက်ဖြန်ညကျ ဒီဆယ်လုံးကို အလွတ်ရေးနိုင်ရင် အသစ်ဆယ်လုံး ထပ်သင်ပေးမယ်”

တေဇနှင့်သမြေကိုကြည့်ပြီး ဘထွေးမှာ ခေါင်းတဆတ်ဆတ် ညိတ်နေသည်သာ။ ငယ်ငယ်လေးကတည်းက အလွန်သံယောဇဉ်ကြီးခဲ့ကြသည့် ကလေးတွေပါ။ တေဇက စိတ်ထားဖြူစင်သူလေးပါ။ ချမ်းသာပေမယ့် ကြွားဝါခြင်းလည်း မရှိ။ တကယ့်မာနကင်းတဲ့ ကလေးပါပဲ။

“ဟဲ့…မယ်ကြွေ…ဟိုနေ့က ငါ ခူးလာတဲ့ကြက်တက်ရွက်တွေပြုတ်ပြီး အချဉ်ထုပ်ထားတယ်မဟုတ်လား။ ပဲကြီးလှော် ဝယ်ထားတာလည်း နည်းနည်းကျန်သေးတယ်။ အဲဒါ…သုပ်ပြီး ကလေးတွေကို ကျွေးလိုက်လေ။ တော်ကြာ စာဖတ်ရင်း အိပ်ချင်နေ





မယ်ဟ”

“သုပ်တာကတော့ ဟုတ်ပါပြီ…ဆီမရှိဘူး ကိုထွေးရဲ့”

“ဟော…ညနေက မဝယ်ခဲ့ဘူးလား”

“ဝယ်တော့ဝယ်ခဲ့တာပေါ့ ကိုထွေးရဲ့၊ ရှင်ပေးတဲ့ပိုက်ဆံလေးနဲ့ အိမ်မှာ လိုအပ်တာတွေ မျှဝယ်ရတာ ဆီက ငါးကျပ်သားပဲ ဝယ်နိုင်ခဲ့တယ်လေ”

“ဒါဆို…အဲဒီဆီက အကုန်ကုန်ပြီလား”

“ကုန်ပြီ အဘ…သမီး မနက်ထမင်းချိုင့်အတွက် ငါးကြော် ကြော်လိုက်တာပါ”

ကြားရတာ နားဝမှာ မချမ်းသာစရာပါ။ ဒါကြောင့် တေဇ မနေသာတော့ဘဲ…

“နေပါစေ ဘထွေးရယ်…ကျွန်တော် ပြန်တော့မှာပါ။ ဘထွေး ကျွေးချင်သပေါ့ဆို နောက်မှပဲ ကျွေးပေတော့”

ပြောပြီး တေဇ ထရပ်လိုက်တော့သည်။ သူပြန်မှဖြစ်တော့မည်လေ။ တော်ကြာ စေတနာက အရာမမြောက်တော့ စိတ်မကောင်းဖြစ်ကုန်ကြမှာစိုးလို့ပါ။

~~~
~~~

## အခန်း (၃)

'ဖေဖေရယ်…မေမေရယ်…ကြင်စတုန်းက စလယ်ဝင်အိုး လေးကိုသုံးကာ××× ထမင်းချက်ပြုတ် စားသောက်လို့နေလာခဲ့ ရာ ××× သားတွေ သမီးတွေ အကုန်စားနိုင်ရေးအတွက် ××× ရည်မှန်း ကာ အိုးကြီးရယ်…

နွားတင်းကုပ်ထဲကထွက်လာတဲ့ သီချင်းသံစူးစူးဝါးဝါးကြောင့် တေဇ ကျက်လက်စစာအုပ်ကို ပိတ်လိုက်ပြီး…

"ကိုကြီး"

ဟု အော်ခေါ်ပစ်လိုက်သည်။ ရွာထဲမှာ ကာရာအိုကေက ခေတ်စားနေတော့ ဓာတ်ပျက်ဆိုင်းပျက် ဖြစ်နေကြတာလေ။ ညဘက်ဆို ကာရာအိုကေဆိုကြတာ သူ့အလှည့်နဲ့သူ စာရင်းတောင် ပေးရတဲ့အထိပါပဲ။ သီချင်းတစ်ပုဒ် ငါးဆယ်ပေးဆိုကြတာ တစ်ည တစ်ည ဦးလှဦးတို့အိမ်မှာ ဝင်ငွေနှစ်ထောင်ကျော် သုံးထောင်။



"ဘာလဲ…ညီလေး"

"ကိုကြီး…အဲဒီလိုသီချင်းအော်ဆိုတော့ ကျွန်တော် စာကျက် လို့ မရဘူးဗျ။ နွားချေးကျုံးတာ အေးအေးဆေးဆေး ကျုံးစမ်း ပါဗျာ"

"ဩော်…အေး…ငါ မေ့သွားလို့ပါ ညီလေးရာ၊ ဘွာတေး… ဘွာတေး…ဟဲ…ဟဲ"

ဝဏ္ဏ အသံတိတ်သွားပြီး နွားချေးကျုံးရင်းမှ နောက်ဖေးဘက် သို့ လှည့်ကြည့်မိလေရာ အိမ်သာဆီမှ မီးခိုးထွက်နေတာမြင်တော့ မျက်မှောင်ကြုတ်သွားလေတော့၏။ ဒါ…အိမ်သာပေါ်မှာ လူရှိနေ လို့ ဆေးလိပ်ဖွာနေတာလား။ ဒါမှမဟုတ်…

"ကိုကြီး"

"ဘာလဲကွ"

"ကိုကြီး ပေါတောတော သိပ်လုပ်မနေနဲ့ဗျ။ ကိုကြီးကို ပေါတောတောကြီးဆိုပြီး ရွာထဲကအပျိုတွေက ဘယ်သူမှမကြိုက် ကြတာ"

"အောင်မယ်…မင်းကများ ငါ့ကို အထင်သေးလို့။ ဒီမှာ အဲဒီအပျိုတွေကို ငါက မကြိုက်တာကွ။ ငါကသာ ကြိုက်တယ် ပြောရင် ခေါင်းခါမယ့်သူ တစ်ယောက်မှမရှိဘူး"

"ဘာလဲ…ပုတ်သင်ညိုတွေလား"

"လူတွေကို ပြောတာကွ"

“ကိုကြီးက အပျိုတွေကို မကြိုက်ဘူးဆိုတော့ မုဆိုးမတို့၊ တစ်ခုလပ်တို့ကို ကြိုက်တာလား”

“ဟော့ကောင်…ဟော့ကောင်…အဲဒါတော့ မင်း များသွားပြီ။ ညီအစ်ကိုချင်း အဲဒီလောက်မနိမ်နဲ့”

တေဇ ကိုကြီးကိုစပြီး ရယ်နေချိန်မှာ ဝဏ္ဏကတော့ အိမ်သာဆီသို့ ခဏခဏကြည့်မိကာ…

“ညီလေး…မင်းကို ငါ ပြစရာရှိလို့ ငါ့ဆီ ခဏလာဦး”

“အင်…ဘာပြမှာလဲ၊ စကားက မရှင်းမရှင်းနဲ့…ခစ်…ခစ်”

“ဒီကိုသာ လာစမ်းပါကွာ”

“လာပြီ…လာပြီ”

တေဇ ကိုကြီးဆီသို့ ဆင်းသွားလိုက်သည်တွင် ကိုကြီးက နောက်ဖေးဘက်ကို မြုံးပြုံးကြည့်နေပြီး…

“မြန်မြန်လာ”

“ဘာလဲ…ကိုကြီး”

“ဟိုမှာတွေ့လား…အိမ်သာထဲက မီးခိုးတွေ ထွက်နေတာ”

တေဇ ကြည့်လိုက်တော့ မှန်ပါသည်။ အိမ်သာထဲကနေ မီးခိုးတွေ ထွက်နေတာသည် ဒေါ်ကြီး အိမ်သာတက်တာအပြင် ဘာရှိဦးမှာလဲ။ ဒေါ်ကြီး ဆေးလိပ်ကြိုက်ချက်ကတော့ လက်လန်ပါ့။ ဆေးလိပ်ကို ကွမ်းသီးဖက်နှင့် ကိုယ့်ဘာသာလိပ်တာမို့ ဆေးလိပ် တစ်လိပ်ဆို လသားအရွယ်ကလေး လက်ကောက်ဝတ်လောက်နှင့်··





အရှည်ကလည်း လိပ်ပြီးကာစဆို တစ်ပေလောက်ရှိမည်သာ။ အိမ်သာတက်တာတောင် ဒီဆေးလိပ်ကို မထားခဲ့နိုင်ဘူးလေ။

“ဒေါ်ကြီး…အိမ်သာတက်နေတာပဲဖြစ်မယ် ကိုကြီးရ”

“အေး…ဟုတ်တယ်ကွ၊ ဒီလောက်အပေါက်ဆိုးတဲ့ အပျိုကြီးကိုညီအစ်ကို သူ့ကို ပညာပေးရအောင်”

“ဘယ်လိုပညာပေးမှာလဲ”

“ရေယူခဲ့…ရေနဲ့ သွားပက်မယ်”

“ကိုကြီးအကြံကောင်းတယ်…ဟီ…ဟီ”

ပြောပြီး ညီအစ်ကိုနှစ်ယောက် ကိုယ့်အလုပ်တွေကိုထားခဲ့ပြီး ဖလားကိုယ်စီကိုင်၍ ရေခပ်လိုက်ကြသည်။ ရေဖလားတွေကိုင်ပြီး ဒေါ်ကြီးအိမ်သာပေါ်ကအဆင်းကို စောင့်နေလိုက်ကြ၏။ ဒီအပျိုကြီးကို ဒီလိုပညာပေးမှ။ ဒေါ်ကြီး ထွက်မလာခင် ညီအစ်ကိုတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကျိတ်ရယ်လိုက်မိကြသည်။ အိမ်သာတံခါးဖွင့်လာလေတော့…

“ဖြန်း”

“အမယ်လေး”

“ဖြန်း”

“ဟာ”

“အယ်”

သရုပ်ဆောင်က ကောင်းပါ့။ ဒေါ်ကြီးကို ရေနဲ့ပက်ပြီး အုံ့ဩ

သလိုပုံစံ ပြုံးတုံးကြောင်တောင်နှင့် လုပ်ပြလိုက်ကြကာ…

"ဒေါ်ကြီး"

"နင်တို့…နင်တို့ အဲဒါဘာလုပ်ကြတာလဲ"

"အဲ…ကန်တော့ ဒေါ်ကြီး…ကန်တော့…အိမ်သာကမီးခိုးတွေ ထွက်နေတာမြင်လို့ ကျွန်တော်တို့ မီးလောင်နေတယ်ထင်ပြီး မီးလာသတ်ကြတာပါ"

"ဘာ"

ဒေါ်ကြီးကိုယ်မှာ ရေတွေရွှဲနေလို့ လက်ကြားက ဆေးလိပ်ကြီးမှာတော့ အငွေ့တထောင်းထောင်း ထွက်နေဆဲပါ။ ဒေါ်ကြီး သူတို့ကို စူးစူးရဲရဲကြည့်ပြီး…

"အိမ်သာမီးလောင်လို့ မီးလာသတ်တာ…ဟုတ်လား"

"ဟုတ်တယ်လေ…အိမ်သာထဲက မီးခိုးတွေထွက်နေလို့ မီးလောင်နေတယ်မှတ်လို့"

"ဘာမီးလောင်ရမှာလဲ…နင်တို့ တမင်သက်သက် လုပ်တာ၊ ငါ သိတယ်…တွေ့မယ်"

"ဟာ…ဒေါ်ကြီး…ဟာ…ဟာ"

"ပြေးပြီဗျို့"

ဒေါ်ကြီးက တုတ်ကိုကောက်ပြီး လိုက်ရိုက်လေတော့ နှစ်ယောက်သား ပြေးကြလေတော့သည်။

"မီးလောင်နေတယ်…အိမ်သာမီးလောင်နေတယ်"



"ဒေါ်ကြီးရယ်…ရှိတာပါဗျို့"

"ကယ်ကြပါရှင့်…ကယ်ကြပါ"

"ခွေးကောင်တွေ"

ရှေ့ကနေ သီချင်းလုပ်ဆိုပြီး ဝဏ္ဏက တင်ပါးကို ခါယမ်းပြလေတော့ ဒေါ်တိုးကြည် ပို၍ဒေါသဖြစ်ရသည်သာ။ အစကတည်းက မဒေါသအိုးပဲလေ။

"ဟဲ့…နင်တို့ မပြေးနဲ့နော်"

"မပြေးရင် အရိုက်ခံရမှာပေါ့လို့"

ဝဏ္ဏ ကနွဲ့ကလျပုံစံနှင့်ပြောပြီး ခါးကိုကုန်းကာ တင်ပါးကို လှုပ်ခါပြခဲ့သေးသည်လေ။

"ဟား…ဟား…ဟား…ဟား"

## အခန်း (၄)

အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဆိုတဲ့အတိုင်း အချိန်ကာလတို့သည် မည်သူ့ကိုမှ သနားငဲ့ညှာစွာနှင့် စောင့်ဆိုင်းမနေပေ။ တောကိုးတန်းဖြေပြီးလို့ ကျောင်းပိတ်ရက်တွေမှာလည်း သပြေကို အချိန်ရရင်ရသလို စာသင်ပေးခဲ့လို့ အခုဆိုရင် သပြေတစ်ယောက်…

ရေးတာရော ဖတ်တာရော စာကောင်းကောင်းတတ်ခဲ့ပါပြီ။ အဓိကက မြန်မာစာပဲပေါ့။ သချ်ာက သူများကိုယ့်ကို လိမ်လို့မရရုံလောက်ပဲ သင်ပေးခဲ့တာလေ။

"သပြေ လာပြီလား…သပြေ ဒီကိုလာဟေ့…ဒီမှာ ငါ နင့်ဖို့ နေရာဦးထားတယ်"

"အေး…လာပြီ ဖြူဖြူ"





လပြည့်ဝန်းဗွီဒီယိုရုံတွင် လူတွေများတော့ ရုတ်စီရုတ်စီနှင့်ပါ။ ဒီရွာမှာ ဗွီဒီယိုက ဒီတစ်လုံးသာ ရှိသည်လေ။ ဒါကြောင့် လူမကျပ်သည့်အခါဆိုတာ မရှိသလောက်ပါပဲ။ အချို့ဆို ဗွီဒီယိုမကြည့်ရမနေနိုင်လို့ စားမည့်ဆန်ကို လျှော့ဝယ်ပြီး ကြည့်ကြတာလေ။

ဒါ…

လက်ရှိတောသဘာဝအခြေအနေပါ။

"ဟေ့…သီချင်းဆိုဖို့ နောက်ထပ်စာရင်းပေးမယ့်သူတွေ ရှိသေးလား"

"ရှိတယ်…ရှိတယ်"

"ကိုလှဦး…ကျွန်တော်က နွဲ့ဆိုးသီချင်း"

"ကျွန်တော်က အောင်သူသီချင်းဆိုမှာ"

"တို့ကတော့ ဆိုနေကျသီချင်းပဲ ဆိုမယ်။ လွမ်းမိုးရဲ့ ချစ်ကြိုးမဲ့လေတံခွန်ပဲ"

"ဦးလှဦး…သမီးက အလွမ်းတောင်ပို့ ဆိုမယ်"

"ဟုတ်လား…အဲဒီလောက်ကြီးတောင် လွမ်းသလား။ ဘယ်သူ့ကိုလဲ…ငါ့ကိုလား"

"နင့်ကို လွမ်းစရာလား…သေနာကောင်ရဲ့"

လူပျိုအပျိုတွေကျတော့လည်း အဲဒီလို စကြနောက်ကြတာတွေရှိလေသည်။ အချို့ ရည်းစားတွေကျတော့ အိမ်ကို ဗွီဒီယိုသွားကြည့်မယ်လို့ ပြောခဲ့ပြီး ချိန်းတွေ့ကြတဲ့သူတွေက ရှိသေးပေါ့။

"ဦးလှဦး…သမီးက ထွန်းအိန္ဒြာဇိုလ်ရဲ့ ဘီလူးခေါင်းနဲ့ မင်းသားလေး ဆိုမယ်နော်"

"အေး…အေး…အလှည့်ကျရင်ဆိုရမယ်"

အလှည့်နဲ့တောင် အချို့က သူ့အလှည့်ရောက်ခဲလှလို့ စိတ်တို သူကတို့။ ဤအရာသည် တောသူတောင်သားတွေအတွက် တစ်နေ့တာ ပင်ပန်းနွမ်းနယ်သမျှကို ခဏတာအချိန်အတွင်းမှာ အပန်းဖြေခြင်းပါပဲ။

"သပြေ…သပြေ"

"……………"

"သပြေ"

တေဇ ခေါ်နေသော်လည်း သပြေက မကြားပေ။ မကြားဆို သီချင်းသံကို တေဇအသံက မထိုးဖောက်နိုင်ဘူးပဲကိုး။ ပြီးတော့ သပြေက သီချင်းထဲက သရုပ်ဆောင်တွေကို ကြည့်နေတာ ပါးစပ်အဟောင်းသားနှင့်ပါ။ တေဇအသံကို ကြားထဲကနေ ကြားသူက ဖြူဖြူ။

ဖြူဖြူက သပြေကို လက်ကုတ်၍…

"ဟဲ့…သပြေ"

"ဟင်…ဘာလဲ…ဖြူဖြူ"

"နင့်ကို တေဇ ခေါ်နေတယ်"

"ဘာ"





"တေဇ နင့်ကို ခေါ်နေတယ်"

ကြားသွားတော့ သပြေ ဒူးလေးထောက်ပြီး တေဇကို လှမ်းမျှော်ကြည့်လေသည်။

"ဘာလဲ…တေဇ"

"နင်…သီချင်းဆိုလေဟာ"

"ဟာ…မဆိုရဲပါဘူး၊ ငါ ကြောက်တယ်ဟ"

"ဘာကြောက်စရာရှိလို့လဲဟ…သူများတွေတောင် ဆိုနေကြတာကို"

ပြောရင်း တေဇက လူတွေအများထဲမှ တိုးလာလေသည်။

သပြေအနားကို ရောက်လေတော့…

"စာတတ်ရင် သီချင်းဆိုမယ်လို့ နင် ငါ့ကို ကတိပေးထားတာ ကတိမဖျက်နဲ့နော် သပြေ"

သပြေ တွေကနဲ ဖြစ်သွားလေသည်။ သူမ တေဇကို ကတိပေးထားတာ တကယ်ပါ။ အခု သပြေ စာကောင်းကောင်းတတ်နေပြီလေ။ မဆိုရင် ကတိပျက်ရာကျဦးမည်။ ဆိုဖို့ကျတော့လည်း တစ်ခါမှ မဆိုဖူးတော့ ခပ်ကြောက်ကြောက်။ ဘာပဲဖြစ်ဖြစ် ဆိုဖူးအောင် ဆိုမယ်ဟု…

စိတ်ကို တင်းလိုက်ကာ…

"ကတိတော့ မဖျက်ဘူး…ဆိုမယ်ဟာ"

တေဇမျက်နှာက ရယ်ကျဲကျဲဖြစ်သွားပြီး ချက်ချင်းပဲ ဦးလှဦး

ဆီသို့သွားလိုက်ကာ…

"ဦးလှဦး"

"ဟေ"

"သပြေ သီချင်းဆိုမလို့ဗျ…ရော့…ဒီမှာ ပိုက်ဆံ"

သပြေ သီချင်းဆိုမယ်ဆိုတော့ ဦးလှဦးက သပြေ့ကို မယုံသင်္ကာမျက်လုံးနှင့် လှမ်းကြည့်လေသည်။

"ဖြစ်ပါ့မလား တေဇရော…သပြေက စာမှမတတ်တာကွ။ ပြီးတော့ တစ်ခါမှ ဆိုဖူးတာမဟုတ်ဘူး။ တော်ကြာ တောက်တဲ့ လှည်းနင်းနဲ့ သူများရယ်စရာ ဖြစ်နေပါ့မယ်ကွာ"

သပြေကို အထင်သေးစကားဆိုလာတော့ တေဇ မခံနိုင်ဖြစ်သွားရသည်။ နားထောင်ကြည့်လိုက်စမ်းပါ။ သပြေဆိုနေကျ သီချင်းလေးက ဒီရွာထဲမှာ ဘယ်သူမှ မဆိုဖူးကြသေးပေ။ သပြေတောင်မြို့ထဲမှာ အလုပ်သွားလုပ်ရင်း သူ အလုပ်လုပ်တဲ့အိမ်က…

မကြာခဏဖွင့်လို့ နားထောင်ပြီး ရလာတာတဲ့။ တေဇ… သပြေကို အဲဒီအခွေဝယ်ခိုင်းထားတာ ကြာပြီလေ။ မနေ့က သပြေဈေးသွားလို့ မှာလိုက်တာ။ ရလာပြီဆိုမှတော့ ဆိုပြီပေါ့။

"ခင်ဗျား…ပိုက်ဆံရဖို့က အဓိကမဟုတ်လား ဦးလှဦး"

"ငါကတော့ ဟုတ်တာပေါ့ကွ…ပိုက်ဆံရဖို့က အဓိကပဲ"

"အဲဒါဆို တောက်တဲ့ပဲ လှည်းနင်းနင်း…ဖီးကွက်ပဲ လေယာဉ်တိုက်တိုက် ဖွင့်မှာသာဖွင့်"





တေဇ ပြောတော့ ဦးလှဦး ဘာမှမပြောတော့ပေ။ သူက တေဇ မိဘတွေနဲ့ မကင်းနိုင်ဘူးလေ။ ငွေလိုရင် တေဇတို့အိမ်မှာပဲ ချေးရတာဆိုတော့ တေဇကို ဦးစားပေးအနေနဲ့…

"ဘယ်နှပုဒ်ဆိုမှာလဲ"

"တစ်ပုဒ်ပဲဆိုမှာ"

"ဒါဆို သပြေ့ကို ငါ အရင်အလှည့်ပေးလိုက်မယ်။ ဘာသီချင်းဆိုမှာတဲ့လဲ"

"စိုးစန္ဒာထွန်းသီချင်း"

ဦးလှဦး တွေကနဲဖြစ်သွားပြီး..

"ငါ အဲဒီသီချင်းကို မသိဘူးကွ။ ရှိလည်းမရှိဘူး…ကြားလည်း မကြားဖူးဘူး"

"မကြားဖူးရင် ကြားဖူးအောင် နားထောင်ပေါ့ဗျာ…ရော့… ဒီမှာ အခွေ…ကိုယ့်အခွေနဲ့ကိုယ်လာတာပါဗျ"

တေဇ အဆင်သင့်ယူလာသောအခွေကို ဦးလှဦးလက်ထဲသို့ ထည့်ပေးလိုက်လေသည်။ တစ်ပုဒ်ပြီးတစ်ပုဒ် ရှာကြည့်နေရင်း…

"အဲဒါ…အဲဒါ…အဲဒီသီချင်းပဲ"

"သပြေကို မိုက်ပေးလိုက်ပါဟော့…သူ တစ်ပုဒ်တည်းပဲ ဆိုမှာပါ"

"အေးယ်"

"ဟာ"

"ဟဲ့"

သပြေ သီချင်းဆိုမည်ဆိုတော့ အံ့ဩသည့်မျက်ဝန်းတွေနှင့် ကြည့်ကုန်ကြလေသည်။

"ဟုတ်မှလည်း လုပ်ပါဟ"

"တီတွန်တော့မယ်"

သို့လော…သို့လော အချင်းချင်း လက်တို့ပြီး ပြောသံတွေ။ အချို့ကလည်း မကြားကြားအောင် အော်ပြောလို့သာပေါ့။ သပြေ စိတ်ကို တင်းပစ်လိုက်သည်။ ဒီလောက်တောင် ကဲ့ရဲ့ချင်ကြတာ ဖြစ်အောင်ဆိုပြမယ်။ သူတို့လည်းလူ၊ ငါလည်းလူပဲ။ ဘယ်သူက များ ခေါင်းတစ်လုံး ပိုပေါက်နေလို့လဲ။

"သပြေ…ဒီမှာ…ရော့…မိုက်"

သပြေ မိုက်ကို ရဲရဲပဲ လှမ်းယူလိုက်၏။ တီးလုံးသံ စထွက်လာပြီဆိုတာနှင့် စိတ်ကို ငြိမ်အောင်ထားကာ…

ဒီအချိန်နဲ့ ဒီလိုရာသီ××× ရောက်ပြန်ပြီဆိုမှဖြင့်…အလွမ်းတွေက ဝေဝေသီ××× ဆောင်းဟေမာန်ဆီ နှင်းကလေးနဲ့အတူ လှမ်းခဲ့ပြီ×××ငယ်ကျွမ်းဘယ်ဆီ×××ရောက်လို့နေလဲ မေ မျှော်မိသည်…

မေ့နိုင်ပြီလားလို့ မေ့ထားဖို့ ကြိုးစားခဲ့ပြီ××× မရနိုင်ဘူး အချစ်ရဲ့×××ဒီရာသီ…သြော်…မမေ့နိုင်ဘူး အချစ်ရဲ့ ခါတော်မှီ စိန်ပန်းတွေ မြေမှာကြွေပြီ…ဒီလမ်းကို လျှောက်ခဲ့ဖူးသည်…အချစ်





ရယ်…မေရယ်…နှင်းရယ် အတူကွယ်…ဟိုစဉ်တုန်းကများဆို အတူဖြုံးလို့ ပျော်ဖူးသည်×××

သပြေ သီချင်းသံလေးက အဖြတ်အတောက် အဆွဲအငင် မှန်မှန်နဲ့ နားထောင်ကောင်းလေသောအခါ ပွစိပွစိ ပါးစပ်တွေ ပိတ်သွားကြလေတော့သည်။ သပြေကို စာမတတ်ဘူးဆိုပြီး အထင်သေးကြတာ။ အခုတော့လည်း အံ့ဩသလို ဝိုင်းကြည့်နေကြတာကို မြင်ရတော့ တေဇတစ်ယောက် အကျေနပ်ကြီး ကျေနပ်နေလို့သာ။

လူ့ဘဝဆိုတာ ပင်လယ်ရေပြင်လိုပါပဲ။ လေထန်လို့ လှိုင်းထချင်ထမယ်။ လေငြိမ်နေတဲ့အခါကျတော့ လှိုင်းက ငြိမ်နေမှာပဲလေ။ အတည်တကျရှိတာမှ မဟုတ်တာ။

အခု…

သပြေသည်လည်း စာမတတ်ပေမတတ်ဟု အများက သိထားကြပေမယ့် လရောင်ကြောင့် ရေပြင်မှာ အလင်းရောင်ဆိုတာလည်း ပြိုးပြက်လက်ခဲ့တာ ဘယ်သူသိခဲ့သလဲ။

"ဟေး…ဒါမှ သပြေကွ၊ ငါ့ညီမကို ဘယ်သူက ကဲ့ရဲ့ဦးမလဲ‥သပြေကွ…ဟား…ဟား"

"ဖြောင်း…ဖြောင်း…ဖြောင်း"

သီချင်းဆုံးတာနှင့် ဝန်းကျင်က ထအော်သလို သပြေ့သူငယ်ချင်းတွေကလည်း လက်ခုပ်ဝိုင်းတီးကြလေသည်။ တေဇတစ်ယောက်ကတော့ ကိုယ်ပြုစုပေးသည့်ပန်း တော်မဝင်နန်းမထိုက်ပေမယ့် ပန်းမိုက်

စာရင်းထဲက ရုန်းထွက်နိုင်ပြီမို့ ရင်မှာပီတိ ဂွမ်းဆီထိကဲ့သို့ပါ။

"ထင်မထားဘူး သပြေရယ်…နှင်ဆိုတာ အရမ်းနားထောင်လို့ ကောင်းတာပဲ…သိလား"

"အေးဟာ…ငါဖြင့် ယုံတောင်မယုံဘူး၊ နှင် ငါ့အနားမှာ ထိုင်ပြီးဆိုနေလို့သာပေါ့။ မဟုတ်ရင် အခွေထည့်ဖွင့်ထားတယ်လို့ ထင်မိမှာဟ"

"သပြေ…မနက်ဖြန်ကျ အဲဒီသီချင်းလေး ငါ့ကို ရေးပေးပါလား…ငါ ကြိုက်လို့ပါဟ"

"အေးပါ…ငါ ရေးပေးပါ့မယ်"

နီမာ၊ စံပယ်နှင့်ဖြူဖြူတို့မှာ ဒီသီချင်းကိုပဲကြိုက်လို့ ရေးပေးနိုင်းတာ တတွတ်တွတ်ပါ။ တေဇ လူနှစ်ယောက်ရဲ့နောက်ကျောဘက်ကနေ သပြေဘက်သို့ ခေါင်းလေးတိုးသွားပြီး…

"သပြေ"

"ဟင်"

"တွေ့လား…ဆရာကောင်းတပည့်ဆိုတော့ ချီးမွမ်းခံရတာ"

"အေးပါ…နှင့်ကျေးဇူးကို ငါ မမေ့ပါဘူး…တေဇရဲ့"

"ဟဲ့…သပြေ နှင် သီချင်းဆိုတော်လို့ ချီးမွမ်းခံရတာကို ဘာလို့ တေဇကို ကျေးဇူးတင်နေရတာလဲ"

အကြောင်းမသိသေးသော စံပယ်က ဤသို့ဆိုလေသဖြင့် သပြေ စံပယ့်ပေါင်ကို ဖျတ်ကနဲ ရိုက်လိုက်မိကာ…





"နှင်က ဘာသိလို့လဲ စံပယ်ရဲ့…စာမတတ်ပေမတတ် ငါ့ကို စာကောင်းကောင်း ရေးတတ်ဖတ်တတ်လာအောင် အချိန်အကြာကြီး သည်းခံပြီး စာသင်ပေးခဲ့သူက တေဇလေ…တေဇက ငါ့ရဲ့ ဆရာပါ"

"ဟုတ်လား…ဒါဆို နှင် စာတတ်ပြီပေါ့နော် သပြေ"

"ဒါပေါ့ဟ…သပြေက ငါ့တပည့်လေ"

"ဟယ်…ဝမ်းသာလိုက်တာ သပြေရယ်"

ဒီတစ်ခါ တကယ်ဝမ်းသာဟန်နှင့် သပြေ့လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး ပြောလိုက်သူက ဖြူဖြူပါ။ သူစိမ်းကောင်းတော့ ခွေမျိုးအရှုံးပေးရသည်ဆိုတာမျိုး သပြေ၏ ကန်းနေသောမျက်စိကို ရော၊ ပင်းနေသော နားကိုပါ ဖွင့်ပေးခဲ့သူက…

တေဇပါလေ…။

## အခန်း (၅)

တေဇ ကိုးတန်းစာမေးပွဲ အောင်ခဲ့ပါပြီ။ အစကတည်းက အောင်ဖို့ကြိုးစားခဲ့တာမို့ အောင်မယ်ဆိုတာ သေချာပြီးသားလေ။ ကိုယ်စာမေးပွဲအောင်တာအတွက် သူများတွေ ပျော်ကြဝမ်းသာကြပေမယ့် တေဇကတော့ မပျော်နိုင်ပါဘူး။ အဖေက ရည်ရွယ်ချက်ကြီးမားသည်လေ။

တေဇကို ဆရာဝန်ဖြစ်စေချင်တယ်တဲ့။

ဆရာဝန်မဖြစ်တောင် အင်ဂျင်နီယာလောက်တော့ ဖြစ်အောင်လုပ်ရမယ်တဲ့လေ။ ကိုးတန်းအောင်တာနဲ့ ဆယ်တန်းကို ရန်ကုန်မှာသွားတက်ရမယ်တဲ့။ သူ ကိုယ့်ရွာလေးကို မခွဲချင်ပေ။ ပြီးတော့ ရန်ကုန်မှာနေရမှာ သူများအိမ်။ သူများအိမ်ဆိုမှတော့ သူများမျက်နှာအရိပ်အခြေကြည့်ပြီး ထမင်းစားရမှာပေါ့။





ကိုယ့်အိမ်မှာလို ကိုယ့်သဘော ဘယ်ဟုတ်တော့မှာလဲ။

"ညီလေး"

"……."

"မြို့သွားပြီး ကျောင်းတက်ရမှာကို ပျော်နေရမယ့်အစား မင်းက ဘာဖြစ်လို့ ကြက်ကြီးလည်လိမ်ထားသလို ဖြစ်နေရတာလဲကွ"

တေဇ သက်ပြင်းချလိုက်မိပြီး…

"ကိုကြီး မသိပါဘူး…ကိုကြီးရာ"

"သိတယ်…သိပ်သိတာပေါ့ ညီလေးရ၊ ငါက မင်းအစ်ကိုလေကွာ"

"ဘာသိတာလဲ"

"မင်း…သပြေနဲ့ ဝေးရာကို မသွားချင်ဘူးမဟုတ်လား"

"ကိုကြီးကလည်း ဘာတွေလျှောက်ပြောနေတာလဲဗျ"

"ဘယ်မှလျှောက်မပြောဘူး…မင်းအနားမှာပဲ ထိုင်ပြီးပြောနေတာလေ။ ဒီမှာ ညီလေး…ကိုကြီးကို ပေါချာချာကြီးဆိုပြီး လျှော့မတွက်ပါနဲ့ကွ၊ ကိုကြီးက ပေါတာမဟုတ်ဘူး…ပေါချင်ယောင်ဆောင်နေတာ"

ဝဏ္ဏက သူ့ကိုယ်သူ ဆရာကြီးစတိုင်လ်ဖြင့် အင်္ကျီကော်လံစကိုဆွဲပြီး ပြောလေတော့ တေဇ ပြုံးမိသွားလေသည်။ ဒါပေမဲ့ ထိုအပြုံးက နှုတ်ခမ်းပေါ်မှာ ခဏသာ။

“ကျွန်တော်မရှိရင် သပြေ အားငယ်နေမှာဗျ”

“အဲဒါပဲကွ…အဲဒါပဲ”

“ဘာ…အဲဒါပဲလဲ”

“သံယောဇဉ်ဆိုတာလေ”

“ကိုကြီး”

“ပြော”

“ကျွန်တော် ရွာမှာမရှိတဲ့အချိန်တွေမှာ သပြေ့ကို ကျွန်တော့်ကိုယ်စား ကိုကြီး တတ်နိုင်သလောက် ကူညီပေးပါဗျာ”

“အေးပါ…အဲဒီအတွက်တော့ မင်း စိတ်ချ…ညီလေး။ ကိုကြီးလည်း သပြေ့ကို သနားတာပဲ။ ကိုကြီး တတ်နိုင်သလောက် ကူညီပါ့မယ်ကွာ”

“ကျေးဇူးတင်ပါတယ် ကိုကြီးရာ”

“မင်း…သပြေနဲ့ပတ်သက်ပြီး အဲဒီလောက်စိုးရိမ်ပူပန်နေရအောင် မင်းစိတ်တွေ သပြေ့အပေါ်မှာ ရိုးရောရိုးရဲ့လား ညီလေးရာ”

“အာ…ကိုကြီးကလည်း ရိုးပါတယ်ဗျ”

ဝဏ္ဏ ညီဖြစ်သူကို မယုံပေ။ အရွယ်က စိတ်ကစားတတ်တဲ့အရွယ်။ စိတ်ကစားတာဆိုပေမယ့် အစွဲအလမ်းကြီးရင် နိုင်မြဲကြတာပါပဲ။ အချစ်ဆိုတာ သံယောဇဉ်ကို မြစ်ဖျားခံပြီး စီးဆင်းလာတဲ့မြစ်သဖွယ်ပဲလေ။ ငယ်သေးလို့ အချစ်နဲ့သံယောဇဉ်ကို မခွဲခြားတတ်သေးတာ ထင်ပါရဲ့။





ဝဏ္ဏ ရှေ့ကို ကြိုမြင်နေသလိုပါပဲ။

“အဟွန်း…ရိုးရိုးရိုးရိုးနဲ့ နောက်မှတိုး…တိုးလာမှာ မြင်ယောင်ပါသေးရဲ့”

“ကျွန်တော်တို့နှစ်ယောက်ရဲ့သံယောဇဉ်က ဖြူစင်ပါတယ် ကိုကြီးရာ…ဘာကာလာမှမပါဘူး”

“အခုတော့ ပြောထားဦးပေါ့ကွာ…နောက်ကျမှတော့ ကိုကြီးရေ…ကျွန်တော်တို့နှစ်ယောက်ရဲ့သံယောဇဉ်က ပန်းရောင်…ခရမ်းရောင်ဖြစ်နေပြီတော့ မပြောနဲ့”

ကိုကြီးပြောတာ ဟုတ်မဟုတ် တေဇ မသိပေ။ သူသိတာကတော့ သူ မရှိရင် သပြေ အားငယ်နေမှာကို စိုးရိမ်တာပါပဲ။

“သွားငယ်”

“ဗျာ…အမေ”

“အဝတ်လဲလေ…ကားလက်မှတ်သွားဖြတ်ရအောင်”

“ဟုတ်ကဲ့”

ဟုတ်ကဲ့ဆိုပြီး ထထွက်သွားတဲ့ ခြေလှမ်းတွေက နှေးကွေးလေးလံစွာ။

သြော်…သူ ဒီရွာနဲ့ ခွဲခွာရဖို့အတွက် လက်မှတ်သွားယူရတော့မှာပါလား။

~~~
~~~

## အခန်း (၆)

ဖြူဖြူတို့အိမ်နဲ့ သပြေတို့အိမ်က နီးသည်။ ဒါကြောင့် ဗွီဒီယို ကြည့်သွားဖို့ သပြေကို ဖြူဖြူက ဝင်ခေါ်သည်လေ။ နှစ်ယောက်သား လက်နှိပ်ဓာတ်မီးလေးနှင့် ထွက်လာခဲ့ကြစဉ်…

“သပြေ”

“…………”

“သပြေ”

လက်နှိပ်ဓာတ်မီးရောင်ထဲသို့ ဝင်လာသူက တေဇရဲ့အစ်ကို ကိုဝဏ္ဏပါ။

“ဩော်…ကိုဝဏ္ဏ…ဘယ်သွားမလို့လဲ”

“ဘယ်မှမသွားပါဘူး…နှင့်ဆီကိုပဲ လာခဲ့တာဟ။ ညီလေးက နှင်နဲ့ ခဏလောက်တွေ့ချင်လို့တဲ့။ အဲဒါကြောင့် နှင့်ကို ငါ လာခေါ်တာ”





သပြေ တွေကနဲ ဖြစ်သွားလေသည်။ တွေ့လို့ဖြစ်ပါ့မလား။ သူများမသိအောင် တိုးတိုးတိတ်တိတ် တွေ့တယ်ဆိုတာ သမီးရည်းစားတွေမှလေ။ တေဇနဲ့သပြေက သူငယ်ချင်းတွေပဲဥစ္စာ။

“အခု တေဇက ဘယ်မှာလဲ ကိုဝဏ္ဏ”

“နှင်နဲ့ အေးအေးဆေးဆေး စကားပြောချင်လို့တဲ့။ ဦးစိန်ထွားတို့ခြံကြီးထဲမှာ စောင့်နေတယ်”

အဲဒီခြံကြီးက အိမ်မရှိတဲ့ ခြံလွတ်ကြီးပါ။ သမီးရည်းစားတွေ ချိန်းတွေ့ရင် အဲဒီမှာပဲ တွေ့ကြတာလေ။ ဒါကြောင့်…

“သပြေ မလိုက်ချင်ဘူး ကိုဝဏ္ဏ”

“ဟင်”

“သွားလိုက်ပါ သပြေရယ်…တေဇ သနားပါတယ်။ သူက မနက်ဖြန်ဆိုရင် ရန်ကုန်ကို သွားရတော့မှာ။ သူ့ခမျာ စောင့်နေရှာမှာဟ”

“ငါ မသွားရဲဘူး…ကြောက်တယ်ဟ၊ ပြီးတော့ သူများတွေသိရင် တစ်မျိုးထင်ကုန်လိမ့်မယ်”

“မသိဘူးဟာ…ညီလေးကတော့ နှင် မလာလည်း မလာမချင်း စောင့်နေမှာ။ လာတာမလာတာ နှင့်အကြောင်း… ငါသွားပြီ”

ဝဏ္ဏက ပြောပြီးတာနှင့် နောက်ပြန်လှည့်ပြီး ထွက်သွားလေတော့သည်။ ဒါ အကျပ်ကိုင်တာပဲပေါ့။

"နင်ကလည်း အ,လိုက်တာ သပြေရယ်…သူများတွေမသိအောင် သွားရမှာပေါ့၊ နင် မသွားမချင်း တေဇက စောင့်နေမှာ…သနားပါတယ်ဟယ်"

"ဟင့်အင်း…ငါ ကြောက်တယ်…ဖြူဖြူ"

"ဘာကြောက်စရာရှိလို့လဲ…ငါ အဖော်လိုက်ခဲ့မှာပေါ့…လာပါ"

ဖြူဖြူက အတင်းဆွဲခေါ်လေသဖြင့် သပြေ ကြောက်ကြောက်နှင့်ပဲ ပါလာခဲ့တော့သည်။ ဒီလိုနေရာမျိုးဆို ဖြူဖြူတို့က တော်ပါ့တတ်ပါ့။ ဗွီဒီယိုရုံကို သွားနှင့်ပြီဖြစ်တဲ့ သူမအမေကို စိတ်အေးလက်အေးဖြစ်အောင် ဝင်ပြောခဲ့သေးသည်လေ။

"အမေ…အခုည သမီး သပြေတို့အိမ်မှာပဲ အိပ်လိုက်တော့မယ်။ ကောက်ညှင်းထုပ်ကူပြုတ်နေလို့" တဲ့။

သမီး ဗွီဒီယိုလည်း မကြည့်တော့ဘူးဆိုပြီး ညာထွက်ခဲ့ကြတာပါ။ ကောက်ညှင်းထုပ်ကလည်း အမှန်တကယ် ပြုတ်တာပါလေ။ တေဇကို ပေးလိုက်ဖို့ပေါ့။ ဒါပေမဲ့ ကောက်ညှင်းထုပ်ပြုတ်တာက ညနေကတည်းက ကျက်ပြီးသားပါ။

နှစ်ယောက်သား ဦးစိန်ထွားတို့ခြံရှေ့ကို ရောက်တော့…

"သပြေ"

"ဟင်"

"သပြေ…ငါ ဒီမှာဟ"





တေဇက သရက်ပင်ကွယ်မှ ထွက်လာလေသည်။

"တေဇရယ်…ပြောစရာရှိလည်း ကိုဝဏ္ဏကို ပြောနိုင်းပြီးရောပေါ့…ခုတော့ မှောင်မိုက်ကြီးထဲ"

"ငါပြောချင်တဲ့စကားကို သူများပြောနိုင်းလို့ ရမလားဟ"

လေးယောက်သား သရက်ပင်အောက်မှာ စုပြုံ၍ ထိုင်လိုက်ကြသည်။

"ကဲ…နင် ဘာပြောမှာလဲ…ပြော"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူးဟာ…ငါမရှိရင် နင်အားငယ်နေမှာစိုးလို့ပါ"

"ဘာတတ်နိုင်မှာလဲဟာ…နင်ကလည်း မသွားလို့မှ မရတာ"

"ကိုကြီးရှိနေတာပဲ ညီလေးရာ…မင်း စိတ်ချလက်ချသွားပါ"

"ကိုဝဏ္ဏ"

"ဟေ"

"ကိုဝဏ္ဏ အလိုက်သိဖို့ကောင်းတယ်နော်…ထ…လာ"

ဖြူဖြူက ရှောင်ပေးရန် အချက်ပြလေသဖြင့် ဝဏ္ဏလည်း လူကင်းပါးစွာနှင့် မတ်တတ်ရပ်လိုက်တော့…

"ဘယ်သွားကြမလို့လဲ"

"ဟိုဘက်အနားက စောင့်မယ်လေ"

"ဟာ…မဟုတ်တာ ကိုဝဏ္ဏရဲ့"

သပြေပါ ထရပ်လိုက်တော့ တေဇက သပြေလက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားတာ…

"နင် ဘယ်လိုဖြစ်နေတာလဲ သပြေ…နင့်ကို ငါ ကိုက်မစားဘူး"

"ကိုက်မစားမှန်းတော့ သိတာပေါ့ဟဲ့"

သပြေ သူမလက်ကလေးကို အတင်းရုန်းလေတော့ တေဇလွှတ်ပေးလိုက်ကာ…

"သပြေ"

"ပြော"

"ငါ ရွာမှာမရှိတုန်း နင် ရည်းစားတွေမထားနဲ့နော်။ နင့်အတွက် ငါ ရန်ကုန်ကနေ ရှာလာခဲ့မယ်…သိလား…ဟိ…ဟိ"

"အမယ်…သေနှာကောင်၊ ငါ့ဖို့ မရှာနဲ့သိလား…နင့်ဖို့သာ ဘယ်တစ်ယောက် ညာတစ်ယောက် တွဲဖို့ရှာလာခဲ့"

သပြေ မျက်စောင်းထိုးလိုက်ပြီဆိုတာကို တေဇ မမြင်ရပေမယ့် သိနေပါသည်။ သပြေ့ပါးပြင်က သနပ်ခါးနံ့သင်းသင်းလေးက တေဇနှာခေါင်းထဲသို့ တိုးဝင်လာလေ၏။

"ငါ တကယ်ပြောတာ သပြေရဲ့…ငါ့အထင်တော့ ဒီရွာမှာ နင်နဲ့တန်တဲ့သူ မရှိဘူး"

"အဲဒါက နင့်အထင်ပါ…ငါ့လို မွဲငတေမကို ဘယ်သူက





ကြိုက်မှာတဲ့လဲ"

"မဆိုင်ပါဘူးဟာ…မိန်းကလေးဆိုတာ ဆင်းရဲတာ…ချမ်းသာတာ အဓိကမှ မဟုတ်တာ"

"ဟွန်း…ပြောနေလိုက်တာ၊ သူက ငါ့အဖေကျနေတာပဲ"

စကားသံတွေက တိတ်ဆိတ်သွားပြန်လေသည်။ ဘာပြောရန်းမသိကြပြန်ဘူးလေ။ ရည်းစားတွေဆိုရင်တော့လည်း ချစ်ကြောင်းကြိုက်ကြောင်းပြောလို့ မကုန်ဘူးပေါ့။ အခုက သူငယ်ချင်းတွေဆိုတော့ စကားလုံးတိုင်းက ပြောလို့မသင့်တော်ဘူးလေ။

"သပြေ…နင် ငါ့ကို အမြဲတမ်းသတိရနေရမှာနော်"

"အေးပါ"

"ငါ ရန်ကုန်ကနေပြန်လာရင် ပထမဆုံးမြင်ချင်တာ နင့်မျက်နှာနော်…သပြေ"

"အေးပါဟာ…ငါလည်း နင်ပြန်လာမယ့်နေ့ကို မျှော်နေမှာပါ"

"ငါ…နင့်ဆီကို မကြာမကြာ စာရေးမယ် သပြေ…နင်လည်း ငါ့ဆီကို စာရေးပေါ့"

"ငါက ဖွဲ့ဖွဲ့နွဲ့နွဲ့မှ မရေးတတ်တာ တေဇရဲ့…ပြီးတော့ လက်ရေးကလည်း မလှဘူး"

"အရေးရေးဟာ လေ့ကျင့်မှုအပေါ်မှာပဲ မူတည်ပါတယ် သပြေရယ်…ကာရန်တွေများလွန်းရင် မာယာတွေ ရောထွေးလာတတ်

တယ်။ မေတ္တာပါရင် "သို့"တစ်လုံးတည်းကလည်း အလွမ်းတွေကို ဖြေဖျောက်ပေးနိုင်မှာပါ"

သမြေ့ အံ့သြရပါသည်။ တေဇတောင် စကားတွေတတ်နေပါရောလား။ အေးလေ···သူက ပညာတတ်တာကိုး။ ကိုယ့်လို စာမတတ်ပေမတတ် တုံးတုံးအအမှ မဟုတ်တာ။

"နင်···တော်တော်စကားတွေ တတ်နေပါလား···တေဇ"

"စကားဆိုတာ သူများသင်ပေးမှရယ် မဟုတ်ပါဘူး။ ကိုယ့်ဦးနှောက်ထဲက ကိုယ့်အတွေးအခေါ်နဲ့ ရင်ထဲကလာတဲ့စကားက နှုတ်ဖျားမှာ ထွက်ကျလာတာမျိုးဟ"

"ငါ သိပါတယ်ဟယ်···ဒါပေမဲ့ နင်နဲ့ငါနဲ့ကြားမှာက စည်းခြားနေတယ်မဟုတ်လား"

"စည်းခြားတာကို ငါ မမှုဘူး···သမြေ၊ ကမ္ဘာခြားမှာ··· ဘဝခြားမှာကိုပဲ ငါက ကြောက်တာ။ အခုချိန်မှာ နင်နဲ့ငါ တစ်ယောက်ကိုတစ်ယောက် ချည်နှောင်မထားသင့်ဘူးထင်လို့ ငါ တကယ်ပြောချင်တဲ့စကားကို ငါ မျိုသိပ်ထားပါဦးမယ်။ ငါ ဆယ်တန်းအောင်ပြီးမှပဲ ပြောတော့မယ်"

သမြေမှာ ပြောစရာစကား မရှိတော့ပါဘူး။ ရင်ထဲကနေသာ ပြောလိုက်မိတာက သူငယ်ချင်းလို ခင်တာပဲ ရင်အေးပါတယ်လေ။ ဒီထက်ပိုမိရင် ကိုယ့်ဒုက္ခကိုယ်ရှာသလို ဖြစ်နေမှာပေါ့။ ဘဝချင်းက တူမှမတူတာ။ ဖြူဖြူစင်စင်နဲ့ပဲ တို့ခင်ပါရစေ···တေဇ။





"ရော့···သမြေ···ဒါ နင့်အတွက် ငါ့ရဲ့လက်ဆောင်"

"ဘာလဲဟင်"

သမြေ···တေဇပေးတဲ့ အရာလေးတွေကို မယူသေးဘဲ မေးလိုက်မိခြင်းပါ။

"ဖဲကြိုးလေးတွေပါ···နင့်ဆံပင်ကရှည်တော့ စည်းလို့ရတာပေါ့။ ဖဲကြိုးတွေက ပန်းနုရောင်လေ"

"တေဇရယ်···"

မျက်ရည်က တားဆီးလို့မရတော့ပေ။ ဖဲကြိုးတွေကို လှမ်းယူလိုက်တဲ့ သမြေ့လက်တွေက တဆတ်ဆတ်တုန်နေလို့ပါ။

"ငါ···အသုံးမပြုရက်ပါဘူး တေဇရယ်···နင်ပေးတဲ့ လက်ဆောင်ကို ငါ မြတ်မြတ်နိုးနိုးနဲ့ သိမ်းထားမှာပါ"

"နင်···ငါ့ကို စောင့်နေနော်···သမြေ"

"တို့ပြန်ကြရအောင် တေဇ···တော်ကြာ သူများတွေ တွေ့သွားရင် မကောင်းဘူး"

"ငါ···နားလည်ပါတယ်"

တေဇ···သမြေဘက်ကနေကြည့်ပြီး နားလည်ပေးကာ ထရပ်လိုက်တော့သည်။ ဒီနေရာကနေ ခွဲခွာကြပြီး နောက်ဆိုတဲ့အချိန်တွေမှာတော့···

~~~
~~~

## အခန်း (၇)

ညက တေဇ တစ်ညလုံး အိပ်လို့မပျော်ပေ။ ကိုယ့်မိသားစုနဲ့ အကြာကြီးခွဲပြီး တေဇ ဘယ်ကိုမှမသွားဖူးပေ။ ပြီးတော့ သပြေ အကြောင်းတွေလည်း တွေးဖြစ်တာပေါ့။ တကယ်ခွဲရတော့မယ်ဆိုမှ ကိုယ့်ကိုယ်ကိုယ် နားလည်လာခဲ့ပြီလေ။

အဝတ်လဲရင်း အတွေးတွေက ဟိုရောက်ဒီရောက်ပါပဲ။

"ညီလေး"

"ဗျာ"

"မပြီးသေးဘူးလားကွ...တော်ကြာ ကားမမီဘဲနေဦးမယ်"

"ဒီကားမမီတော့ မီတဲ့ကားပေါ့ ကိုကြီးရာ...ကားတွေ အများကြီးပဲဥစ္စာ"





တေဇ အဝတ်လဲပြီး အထုပ်တွေကို ဘေးချကာ မိဘတွေကို ကန်တော့လေတော့ မိခင်ဖြစ်သူ ဒေါ်မိုးသီတာက တရှုံ့ရှုံ့နှင့် ငိုလေသည်။ ဖခင်ဖြစ်သူကတော့ ဆုတွေပေးလို့ပေါ့။ ဒေါ်ကြီးကလည်း ငိုလေသည်။

"ငါ့သား သွားလေရာလာလေရာမှာ ခလုတ်မထိ ဆူးမငြိဘဲ မြင်သူတိုင်းက အသံကြားသနားပါစေ၊ မျက်နှာမြင် ချစ်ခင်ပါစေ၊ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေကွာ"

"သား...ဟိုရောက်ရင် အစစအရာရာ ဂရုစိုက်နော်...သား"

"ဟုတ်ကဲ့ပါ အမေ"

"သီတာ...ကလေးသွားခါနီးလာခါနီးကို ဘာဖြစ်လို့ ငိုနေဘာလဲ...တိတ်စမ်း"

ဦးဇော်မင်း ဟောက်လိုက်တော့ ဒေါ်မိုးသီတာ မျက်ရည်တွေ သုတ်ပြီး အသံမထွက်ရဲတော့ပေ။

"အမေ"

"............"

"အဖေ...သား သွားတော့မယ်နော်"

"အေး...အေး...သွားတော့...သား...သွားတော့"

ကားဂိတ်ကို ဝဏ္ဏ လိုက်ပို့မှာလေ။ တေဇ အားလုံးကို နှုတ်ဆက်ပြီး ထွက်လာခဲ့တော့သည်။ သပြေတို့ခြံရှေ့အရောက်မှာ

တော့ လက်နှိပ်ဓာတ်မီး အလင်းရောင်ထဲသို့ လူတစ်ယောက်ဝင်လာသည်။ လက်ထဲမှာ ကောက်ညှင်းထုပ်တွေ တိုးလို့တွဲလဲကိုင်လို့ပေါ့။

"မောင်တေဇလား"

"ဘထွေး"

"မောင်တေဇလားဟေ့"

"ဟုတ်ပါတယ် ဘထွေး…ကျွန်တော် တေဇပါ"

"အဘ…လူလေးကို စောင့်နေတာကွဲ့၊ ဒီမှာ မြေးမသပြေက ကောက်ညှင်းထုပ်တွေ ပေးခိုင်းလိုက်လို့ လာပေးတာ"

"ဒုက္ခရှာလို့ ဘထွေးရယ်…ဒါတွေ ဘာလို့လုပ်ရတာလဲ။ ဒါနဲ့ သပြေ မပါဘူးလား…ဘထွေး"

"မပါဘူး လူလေးရဲ့…လူလေးကို ပေးလိုက်ချင်လို့ဆိုပြီး မနေ့ကကတည်းက ကောက်ညှင်းဆန်တွေဝယ်ထုပ်ပြီး ပြုပ်နေတာ။ ရှေ့…လူလေး…သူလိုက်လာရင် ငိုမိမှာစိုးလို့ဆိုပြီး လိုက်မလာတာကွ"

တေဇရင်ထဲမှာ ဘာတွေခကုန်ပြီ မသိပေ။ အခုလောက်ဆို သပြေ ငိုနေမလား။

"အဘ"

"ဟေ"

"အဘတို့လည်း အစစအရာရာ ဂရုစိုက်ပါနော်။ အသက်ကြီးပြီဆိုတော့ အလုပ်တွေချည်းပဲလည်း ဖိလုပ်မနေနဲ့ဦး"





"အေးပါကွာ"

တေဇ နှုတ်ဆက်ပြီး ကျောခိုင်းသွားရဖို့ကို ဝန်လေးနေမိသည်။ နင် ငါ့ကိုလာပြီး နှုတ်မဆက်တာပဲ ကောင်းပါတယ် သပြေရယ်… ဟုတ်ရင် ငါလည်း ငိုမိလိမ့်မယ်ထင်ပါရဲ့။

"ကဲ…ညီလေး"

"…………….."

"ကိုကြီးတို့ သွားကြရအောင်ကွာ"

"ဟုတ်ကဲ့ပါ ကိုကြီး…ဘထွေး ကျွန်တော် သွားတော့မယ်နော်…သပြေ့ကို ကျွန်တော် နှုတ်ဆက်သွားတယ်လို့"

"အေးပါ…လူလေးရယ်"

တေဇ…နောက်ဆုံး သပြေရှိနေမယ့် အိမ်လေးကိုပဲ လှမ်းမျှော်ကာ တစ်ချက်ကြည့်ပြီး ကျောခိုင်း၍ ထွက်လာခဲ့တော့သည်။

~~~
~~~

# အခန်း (၈)

'ကိုယ့်ရွာမှာ ကြက်ဖ၊ သူများရွာမှာ ကြက်မ' ဆိုတဲ့အတိုင်း တေဇ အထုပ်တွေကိုချပြီး လူကတော့ မတ်တတ်ရပ်နေဆဲပါ။

"မင်းက စော်မင်းရဲ့သား တေဇဆိုတာပေါ့…ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ"

"ထိုင်ပါ…မောင်တေဇ"

တေဇ ထိုင်ဆိုမှထိုင်လိုက်ပြီး ဖေဖေမှာလိုက်သည့်အတိုင်းပင် ဖေဖေ ရေးပေးလိုက်သောစာကို ထုတ်ပေးလိုက်သည်။ ဦးနွေဦးက စာကိုဖတ်ပြီး တေဇကို အကဲခတ်သလို ကြည့်လိုက်သေး၏။ လူက တော့ လူရည်သန့်လေးပါပဲ။





"အေးကွ…မင်းအဖေစော်မင်းနဲ့ အန်ကယ်လ်က ငယ်သူငယ် ချင်းတွေလေ…ကျောင်းအတူတူတက်ခဲ့ကြတာ။ မင်းက စော်မင်း သားဆိုတော့ အန်ကယ်လ်သားပဲပေါ့။ ဒါနဲ့ မောင်တေဇနာမည် အပြည့်အစုံက"

"တေဇမောင်ပါခင်ဗျ"

"အေးပါ…မောင်တေဇ…အန်ကယ်လ်တို့အိမ်ကို ကိုယ့်အိမ် လို သဘောထားပြီး လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်"

"ဟုတ်ကဲ့…ကျေးဇူးတင်ပါတယ် အန်ကယ်လ်၊ ကျွန်တော့် ကိုလည်း အမြင်မတော်တာရှိရင် ဆုံးမပါ…ခိုင်းစရာရှိရင်လည်း အားနာမနေပါနဲ့…ခိုင်းပါဗျာ"

တေဇ အခုမှပဲ ဟင်းချနိုင်တော့၏။ အဆင်မပြေပါမလားလို့ စိတ်ပူလိုက်ရတာ။ အခုလို အိမ်ရှင်တွေက ဆက်ဆံရေးကောင်းတော့ တော်သေးတာပေါ့။

"သားအတွက် လိုအပ်တာရှိရင်လည်း ပြောနော် မောင်တေဇ၊ အန်တီတို့ကို အားမနာပါနဲ့"

"ဟုတ်ကဲ့ပါ အန်တီ"

ဦးနွေဦး၏ဇနီး ဒေါ်ဝေမာစန်းကလည်း သဘောကောင်းပါ သည်။ ဗွီဒီယိုတွေထဲကလို 'မျက်နှာကြောတင်းတင်းနဲ့ ဆက်ဆံမှာကို တွေးကြောက်နေခဲ့တာ။ ကိုယ်က မြို့မှာလည်း နေဖူးတာမဟုတ်သေး ဘူးလေ။ ဒေါ်ဝေမာစန်း ပြုံးနေတာကိုကြည့်ပြီး တေဇ တွေကနဲ

ဖြစ်သွားရသည်။

ဒီနှုတ်ခမ်းနဲ့ ဒီအပြုံးက တစ်ယောက်ယောက်နဲ့ တူနေတယ် ထင်ပါရဲ့။

"ဝေ"

"ရှင်"

"မောင်တေဇ နေရမယ့်အခန်း ရှင်းထားရဲ့လား"

"ရှင်းထားတယ်လေ ကိုဦးရဲ့…လာမယ်ဆိုကတည်းက ထူးမောင်ကို ရှင်းခိုင်းထားတာ"

"ဒါဆို…ထူးမောင်ကို ခေါ်လိုက်ပါဦး၊ မောင်တေဇ ခရီးပန်း လာရောပေါ့"

"ထူးမောင်ရေ…ထူးမောင်"

ဒေါ်ဝေမာစန်း ခါးလေးဆန့်ရင်း မျှော်ကြည့်ကာ ခေါ်လိုက်တော့…

"လာပြီ…လာပြီ မမလေး"

အသံကြားပြီး သိပ်မကြာလိုက်ပေ။ လူတစ်ယောက် ဧည့်ခန်းထဲသို့ ဝင်လာလေသည်။

"မမလေး…ကျွန်တော့်ကို ဘာခိုင်းစရာရှိလို့လဲခင်ဗျ"

"မောင်တေဇကို သူနေရမယ့်အခန်း လိုက်ပြလိုက်ပါကွယ်"

"ဟုတ်ကဲ့…မမလေး"

ပြောပြီး ထူးမောင်က တေဇကို လှည့်ကြည့်ကာ စပ်ဖြဲဖြဲ





မျက်နှာနှင့်…

"အဟဲ…မင်းက လူချောပဲကွာ၊ အတူတူယှဉ်သွားရင် ငါ့ကို ကျော်ပြီး မင်းကို ကြည့်တော့မှာပဲ"

"ဪ…အရေးထဲ…မင်းက လူကြည့်ခံချင်သေးလို့လား"

"ဟာ…အကြည့်ခံချင်တာပေါ့ ဆရာရဲ့…ကျွန်တော်လည်း လူပျိုပဲဥစ္စာ"

"မင်းကတော့ ငှက်ပျောပင်သာစိုက်ပါကွာ"

အားလုံး ရယ်လိုက်ကြပြီး…

"မောင်တေဇ"

"ဗျာ"

"ထူးမောင်က ပျော်တတ်တယ်ကွ…မင်း သူနဲ့ပေါင်းရင် ပျော်သွားမှာပါ"

"ဟုတ်ကဲ့ပါ အန်ကယ်လ်"

ထူးမောင်က တေဇ အထုပ်တွေကိုဆွဲပြီး…

"ကဲ…သွားကြရအောင်"

~~~
~~~

## အခန်း (၄)

တေဇ ရေပိုက်လုံးကိုကိုင်၍ ပန်းပင်တွေ ရေလောင်းနေသည်။ သူများအိမ်မှာနေရတယ်ဆိုတာက မလွယ်ဘူးလေ။ အိမ်ရှင်ကြည်ဖြူအောင်တော့ တစ်ဖက်တစ်လက် ပိုင်းကူရတာပေါ့။ ကိုယ့်အိမ်မှာလိုလည်ရာပြန့်စားရေးလုပ်နေလို့ ဘယ်ဖြစ်မှာတဲ့လဲ။

"ဟာ…ဟော့…တေဇ…ဒါဘာလုပ်တာလဲကွ"

"ပန်းပင်တွေ ရေလောင်းနေတာလေဗျာ…မမြင်ဘူးလားကိုထူးမောင်ရ"

"မြင်လို့ပြောနေတာပေါ့ကွာ…ဒါ မင်းအလုပ်မဟုတ်ဘူး၊ ငါ့အလုပ်…ပေးပါကွာ…တော်ကြာ ဆရာမြင်ရင် ငါ့ကို ဆူနေပါဦးမယ်"





ကိုထူးမောင်က မှာမှာသလဲနှင့် တေဇလက်ထဲက ရေပိုက်လုံးကို အတင်းဆွဲယူလေသည်။ တေဇကလည်း လွှတ်မပေးဘဲ…

"ရပါတယ် ကိုထူးမောင်ရာ…ဒီအလုပ်က ပင်ပန်းတဲ့အလုပ်မှမဟုတ်တာ…ပြီးတော့ ကျွန်တော့်ဘာသာလုပ်တာ…ကိုထူးမောင်က ကျွန်တော့်ကို ခိုင်းတာမှမဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် မလုပ်စမ်းပါနဲ့ကွာ…မင်းက ကျောင်းသား၊ စာပဲကျက်စမ်းပါ"

"ကျောင်းကဖွင့်ကာစဆိုတော့ သိပ်မလိုသေးပါဘူးဗျာ…အညောင်းပြေအညာပြေ ဒီလောက်တော့ လုပ်ပါရစေဗျ"

"ခက်လိုက်တာကွာ"

ကိုထူးမောင်က တေဇကို ပြောမရတော့ ခေါင်းကိုသာကုတ်လေတော့သည်။

"တီတီ…တီတီ"

ကားဟွန်းတီးသံကြောင့် ဖြိုင်တူလှည့်ကြည့်လိုက်ကြပြီးကိုထူးမောင်က…

"မိုးသောက်ပန်း ပြန်လာပြီထင်တယ်"

"ဩော်…အန်ကယ်လ်ဦးနွေဦးရဲ့ တစ်ဦးတည်းသောသမီးဆိုတာလား"

"ဟုတ်တယ်ကွ…မင်း နည်းနည်းတော့ သတိထားနေပေါ့ကွာ…အဲဒီကောင်မလေးက ဒီနှစ်မှ ကိုးတန်းတက်ရမှာ။ ဒါပေမဲ့

အပျိုကြီးစတိုင်လ်နဲ့ စိတ်ကြီးဝင်နေတာကွ။ လူကောင်ကလည်း ထွားတော့ ရှစ်တန်းကတည်းက ကြိုက်တဲ့ကောင်တွေက ပေါမှ ပေါပဲ”

“ဗျာ”

“ဗျာမနေနဲ့…ငါ တံခါးသွားဖွင့်ပေးလိုက်ဦးမယ်”

ပြောပြောဆိုဆိုနှင့် ကိုထူးမောင်က တံခါးဖွင့်ပေးဖို့ ထွက်သွားလေသည်။ တေဇ နေတတ်အောင်နေရမှာပေါ့။ စိတ်ကြီးဝင်နေတာတဲ့…ဟုတ်မှာပါ။ ကိုယ့်တောမှာလည်း အချို့မိန်းကလေးတွေဆို ခုနစ်တန်း၊ ရှစ်တန်းနဲ့ အပျိုကြီးဂိုက်ဖမ်းနေကြတာလေ။

အချို့ဆို ရည်းစားတောင်ထားလိုက်ကြသေး။

“ကိုထူးမောင်…ဒီအိတ်တွေ သယ်သွားလိုက်၊ မိုးသောက်ခြံထဲမှာ ခဏနေလိုက်ဦးမယ်”

တေဇ ခဏသာ စောင်းငဲ့ကြည့်မိပြီး ကိုယ့်အလုပ်ကိုသာ ကိုယ်ဆက်လုပ်နေလိုက်သည်။

“ရှုပါကတော့ အလန်းစားပါလား၊ ကိုယ်က ပြန်ငေးနေရတယ်ဆိုတော့ မဆိုးပါဘူး”

တစ်ယောက်တည်း ရေရွတ်သလိုနှင့် ကိုယ့်ကိုပြောနေမှန်း တေဇ သိပါသည်။ ရဲတင်းလွန်းတယ်လို့ပဲ ပြောရမလား။ ဝတ်တာကိုကြည့်ပါဦး။ ဒူးအထိသာရှည်တဲ့ ဘောင်းဘီက တင်းကျပ်နေသည်။ အင်္ကျီကည်း ဟိုမလုံ ဒီမလုံ။ တောမှာသာ ဒါမျိုးဝတ်လို့





ကတော့ နွားတံခမ်းတွေ မဲ့လိုက်ကြမည်ဖြစ်ခြင်း။

ရုပ်ရည်ကတော့ နဖတ်စိုပြေစွာနှင့် အတော်လှပါသည်။

“ဟိတ်”

ကိုယ့်ကိုခေါ်မှန်းသိပေမယ့် တေဇ လှည့်မကြည့်ဖြစ်ပေ။

“ယူ့နာမည် ဘယ်လိုခေါ်လဲ”

“……………”

“ဟာ…မေးနေတယ်လေ၊ နာမည်ဘယ်လိုခေါ်လဲလို့”

တေဇ မသိချင်ယောင်ဆောင်နေလို့တော့ မရတော့ပေ။ ကိုယ်က သူ့မအိမ်မှာနေရတာမို့ အလိုက်အထိုက်တော့ ဆက်ဆံမှပေါ့။ ဒါကြောင့် လှည့်ကြည့်လိုက်ပြီး…

“တေဇမောင်”

ပြောပြီးတာနှင့် မျက်နှာကို ဒီဘက်သို့ ချက်ချင်း ပြန်လှည့်လိုက်သည်သာ။

“မိုက်တယ်ကွာ…နာမည်ရောလူရောပဲ၊ တို့နာမည်လည်း မှတ်ထားဦးနော်…မိုးသောက်ပန်းတဲ့”

“မှတ်ထားပါ့မယ်”

တေဇ ထိုမျှသာ ဆိုမိ၏။ သူမကတော့ ဒန်းပေါ်မှာထိုင်နေပြီး တေဇကို ကြည့်နေတာ ပိုက်စိပ်တိုက်ပဲလားတော့ မသိပါဘူး။ ကြာတော့ စိတ်ပင်မလုံချင်တော့ပေ။

ဟူး…မလွယ်ပါလား။

"သမီး"

ဟော…အန်တီလာပြီ။ တော်ပါသေးရဲ့။

"သမီး…အိမ်ထဲဝင်လေ…ဘာလုပ်နေတာလဲ"

သူငယ်ချင်းတွေနှင့် ပုဂံဘက်ကို ဘုရားဖူးလိုက်သွားသော သမီးကို ဒေါ်ဝေမာစန်း အောက်မေ့လှပါပြီ။ မခွဲစဖူးခွဲပြီး လိုက်သွားတာ အထက်မြန်မာပြည်အနှံ့ဆိုတော့ တစ်လနီးပါး ကြာသွားတာလေ။ ကိုယ်ပိုင်ကားနဲ့ဆိုတော့ ရောက်ရာအရပ်မှာ အေးအေး ဆေးဆေးနေကြမှာပေါ့။

"ဝင်မှာပါ မာမီရဲ့…ဒီမှာ ခဏလောက် အေးအေးဆေးဆေး နေချင်လို့ပါ"

"သမီး ခရီးပန်းလာတယ်မဟုတ်လား"

"ပန်းတော့ပန်းတယ် မာမီ…ဒါပေမဲ့ အိမ်ရောက်တော့ အမောကိုပြေသွားတာပဲ"

"ဟုတ်လား…မာမီကို မြင်လိုက်ရလို့လား"

မိုးသောက် မိခင်၏ပခုံးကို ဖက်၍ ခပ်နွဲ့နွဲ့လေး ရယ်လိုက်ကာ

"ကိုကို့ကို မြင်လိုက်ရလို့ အမောပြေသွားတာ မာမီရ"

"ဟင်…ဘယ်ကကိုကိုလဲ သမီးရဲ့"

ဒေါ်ဝေမာစန်းက နားမလည်သလို မေးလေလျှင်…

"ဟော…ဟိုက ကိုကိုပေါ့ မာမီရ၊ ကိုကိုတေဇမောင်လေ"

"ဗုဒ္ဓေါ"





ဒီအသံက ကိုယ့်ရင်ထဲမှာသာ ထွက်လာတဲ့အသံပါ။ သူမနဲ့ တေဇ တွေ့တာ မိနစ်နှစ်ဆယ်မှ ပြည့်သေးရဲ့လားမသိဘူး။ ချက်ချင်း ပင် ကိုကိုတဲ့။ ရဲတင်းလိုက်တာ…ဟူး…မလွယ်ပါလား တေဇ။ ဆက်ဆလူးစိန် မာတ်ဗူးပိန်နဲ့မှ လာတွေ့နေရတယ်လို့။

ထိုစဉ်…

ကိုထူးမောင် ပြန်ရောက်လာပြီး…

"ကိုကို…ဟုတ်လား…ကိုကိုဆိုတော့ နှစ်နှစ်ပဲထိုးတော့ မယ်။ ဟုတ်တယ်…နှစ်နှစ်ပဲထိုးမယ်"

"ဟဲ့…ထူးမောင်…အရေးထဲ နင်ကတစ်မျိုး၊ ပြောတဲ့စကား ဘိုင်းကို အတိတ်ကောက်နေတော့တာပဲ။ နင် အဲဒီနှစ်လုံးထီတွေ ကြပ်ကြပ်ထိုး…သိလား၊ တော်ကြာ…ပုဆိုးပါ ချွတ်ပေးရလိမ့်မယ်"

အရေးထဲ နှစ်လုံးထီထိုးရန် ကိုထူးမောင်က အတိတ်ကောက် နေပြန်သဖြင့် ဒေါ်ဝေမာစန်းက ဆူလေသည်။

"အာ…မမလေး မသိဘူးနော်…တေဇ ဒီအိမ်ကို စရောက် တဲ့နေ့က ကျွန်တော် ငါးရာဖိုးပေါက်တာ၊ မမလေး သိလား"

"သိသားပဲ…အဲဒါ…ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ မမလေးရဲ့…အဲဒီနေ့က တေဇ ကျွန်တော့် ကို ကောက်ညှင်းထုပ်တွေ ကျွေးတယ်လေ။ အဲဒါကို ကောက်က နှစ်၊ ညှင်းက သုံး၊ ထုပ်က ခုနစ်ဆိုပြီး နှစ်သုံးခုနစ် အပြီးပေါက် ထိုးလိုက်တာ ငါးရာဖိုး ပေါက်တယ်မဟုတ်လား။ ထွက်လာတော့

## အခန်း (၁၀)

ဩော်…ဘာလိုလိုနဲ့ အချိန်တွေ ကုန်လွယ်လိုက်တာ။ တေဇ ရွာကနေထွက်သွားတာတောင် သုံးနှစ်ကြာခဲ့ပြီ။ ကုန်လွယ်တယ်ဆိုတဲ့အချိန်တွေက မျှော်ရသူအတွက်တော့ ကြာရှည်လွန်းတာပေါ့။ တေဇမိဘတွေက သူတို့သာ ရန်ကုန်ကို ခဏခဏ လိုက်သွားကြပြီး တေဇကိုကျတော့ ရွာကို မပြန်နိုင်းပေ။

သူတို့ ရန်ကုန်ကပြန်လာပြီဆို တေဇ ရေးပေးလိုက်တဲ့စာလေး ကိုယ့်အတွက်ပါလာနေကျမို့ ဦးဇော်မင်းတို့ ရန်ကုန်သွားပြီဆို… သပြေမှာ ဘယ်တော့ပြန်လာမလဲ မျှော်ရတာအမောပါ။

"မြေး…သပြေ"

"ရှင်…အဘွား"





"ဒီနေ့ မြေး ဘယ်သူ့ပဲခင်းမှာပဲ ဆွတ်ရမှာလဲ"

"မသင်းဆွေတို့ပဲခင်းမှာပါ အဘွား"

"ဩော်"

ပဲဆွတ်သွားရန် ပလုံးနှင့်ထမင်းချိုင့်ယူနေသော သပြေ… အဘွား ဘာများဆက်ပြောမလဲဟု လှည့်ကြည့်ရင်း စောင့်ဆိုင်းနေမိသည်။ အဘွားက ဘာမှဆက်မပြောသည့်အခံုးကျမှ…

"အဘွား…ဘာပြောမလို့လဲဟင်"

"မပြောပါဘူးကွယ်"

ဘွားကြွေတစ်ယောက် ဒီနေ့ ကိုယ်ထဲလက်ထဲမှာ နေလို့ မကောင်းပေ။ ခေါင်းတွေလည်း မူးနောက်နေသည်လေ။ ထို့ကြောင့် ဖြစ်နိုင်ရင် မြေးမလေးကို ပဲဆွတ်မသွားစေချင်ပါဘူး။ ဒါပေမဲ့ မြေးမလေး ပဲဆွတ်သွားမှ ပိုက်ဆံရမှာလေ။ ပိုက်ဆံရမှ စားစရာ သောက်စရာတွေ ဝယ်ချက်လို့ရမှာမဟုတ်လား။ ပင်ပန်းနေတဲ့ မြေးမလေးကိုလည်း သနားလိုက်ပါဘိ။

သူ့ခမျာ…

လူလားမမြောက်ခင်ကတည်းက ကျောင်းတောင်မတက်ရရှာဘဲ ကြုံရာအလုပ်လုပ်ခဲ့ရတာ။ မိုးရာသီမှာ ကောက်စိုက်၊ ကောက်စိုက်ပြီးတော့ မြက်ကောက်လိုက်၊ ပဲဆွတ်၊ အကြော်ရောင်းတဲ့အခါရောင်း၊ ကောက်ရိတ်နှင့် နွေမိုးဆောင်း သုံးရာသီသာ ပြောင်းသွားတယ်…

မြေးမလေးခမျာ နေမကောင်းဖြစ်နေတဲ့ရက်ကလွဲရင် နားရတယ်ဆိုတာ မရှိပေ။ အုပ်ဆိုကတည်းက ဒီကလေးကို ကံကြမ္မာက မျက်နှာသာမပေးခဲ့ပါဘူး။ မိဘတွေက ရက်ရက်စက်စက် စွန့်ပစ်သွားခဲ့သည်လေ။ တွေးမိတိုင်း စိတ်နာမိတာက အိမ်ထောင်ရေး ဖောက်ပြန်ပြီး မိုက်လုံးကြီးသွားတဲ့ ကိုယ့်သမီးကိုပဲပေါ့။

မြေးမလေး ရှစ်လသမီးအရွယ်မှာ…

"လင်ရှိရင် သွားရှိတယ်…မခင်တွယ်ဘူး"

ဆိုတဲ့စကားကိုပြောပြီး လင်ငယ်နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားခဲ့တာပါ။

အဲဒီကတည်းက…

ဖြစ်ချင်ရာဖြစ်ဆိုပြီး ကိုယ့်သမီးအကြောင်းကို လုံးဝ မစုံစမ်းခဲ့ပါဘူး။ သမက်ဖြစ်သူကလည်း တောင်ပေါ်ကို လွှဆွဲတက်ရင်း ငှက်ဖျားမိလို့ ဆုံးသွားသလိုလို ဘာလိုလိုနဲ့ အိမ်ကိုပြန်မလာတော့ဘူးလေ။

ဒါကြောင့်…

ကံဆိုးလှတဲ့ မြေးမလေးကို ဒေါ်မယ်ကြွေ အတိုးချပြီး ချစ်ခဲ့ရတာပါ။

"ဘွား… သမီး သွားတော့မယ်"

မြေးမလေး အသံကြားမှပဲ ဒေါ်မယ်ကြွေ အတွေးစပြတ်သွားလေတော့သည်။





"သြော်…အေး…အေး…သွားတော့…မြေး…သွားတော့"

သပြေ ရေဖူးကို ခဏချရင်း မေ့ကျန်ခဲ့လေတော့…

"ဟဲ့…မြေး…သပြေ…ရေဖူး မေ့ကျန်ခဲ့ပြီ"

ရေဖူးကို ယူပေးဖို့ ထိုင်ရာကနေ ထရပ်လိုက်သည်တွင် ဒေါ်မယ်ကြွေ ခေါင်းထဲမှာ မိုက်ကနဲ ဖြစ်သွားလေသည်။ မထိန်းနိုင်တော့ဘဲ လဲကျသွားလေတော့…

"အဘွား"

"…………"

"အဘွား…အဘွား"

သပြေ အဘွားကို အတင်းပွေ့ထူလိုက်ပြီး…

"အဘွား…လုပ်ကြပါဦး…အဘရေ…အဘ…အဘွား ဘာဖြစ်သွားလဲ မသိဘူး…လာပါဦး"

"လာပြီ…လာပြီ"

အဘက ခြံထဲမှာ ငှက်ပျောခိုင်ခုတ်နေရင်းမှ တုန်တုန်ချိချိနှင့် ရောက်လာသည်။ အဘက အဘွားရင်ဘတ်ကို ကပ်နားထောင်ကြည့်ပြီးနောက်…

"မြေး"

"အဘွား ဘာဖြစ်တာလဲဟင်…အဘ"

"မြေးရဲ့အဘွား အသက်မရှိတော့ဘူး…မြေးရဲ့"

"ဟင်"

အဘာ ခေါင်းငိုက်စိုက်ချသွားလေလျှင်…

"ဟုတ်ရဲ့လား အဘာရယ်…သေသေချာချာ ကြည့်ပါဦး အဘာရဲ့…စောစောကပဲ အဘွား အကောင်းကြီးရှိသေးတာကို"

"ဒါ…ညာစရာမဟုတ်ဘူး မြေး…မြေးရဲ့အဘွား တကယ် အသက်မရှိတော့ဘူး…အိ…ဟီး"

ပြောရင်းနဲ့ အဘာငိုလေတော့ သမြေ မယုံလို့မရတော့ဘူးလေ။ သွားပြီ…သမြေ ကမ္ဘာပျက်ပြီပေါ့။

"အဘွား…အဘွား…အီး"

"……………"

"အဘွားရေ…မြေးကို စိတ်မချဘူးဆို အဘွားရဲ့…ခုတော့ စိတ်ချထားခဲ့ပြီလား အဘွားရယ်…ဟီး"

"……………"

"အဘွား…အဘွား"

အဘွားဆိုတဲ့ခေါ်သံက ပွဲတင်ထပ်နေပေမယ့် အဘွားကတော့ ဘာကိုမှ မမြင်နိုင်၊ မကြားနိုင်တော့ပေ။

~~~





## အခန်း (၁၁)

သို့…

တေဇ

ငါ သတိရခြင်းများစွာနဲ့ စာရေးလိုက်ပါတယ်ဟာ။ နင် နေကောင်းရဲ့လား။ ကျန်းမာရေးကို ဂရုစိုက်နော်။ စာလည်း ကြိုးစားပါ။ နင် ငါ့ကို သတိရနေတာသိရတော့ ငါ ဝမ်းသာပါတယ်ဟာ… ငါလေ နင့်ဆီက စာရေးလာရင် အရမ်း ပျော်တာပဲ သိလား။

ငါ့အဘွား ဆုံးသွားပြီ တေဇ…

တစ်လတောင်ပြည့်တော့မယ်လေ။ ငါ့အတွက် ကမ္ဘာပျက် သလိုပါပဲဟာ။ ငါက မိဘမေတ္တာငတ်ခဲ့ရသူဆိုတော့ ဒီအဘာ နဲ့ အဘွားရဲ့မေတ္တာရိပ်အောက်မှာ ရှင်သန်နေရတာပါ။ အမေ
~~~

ဆိုတာ ဖြူသလား…မည်းသလားတောင် မသိခဲ့ရတဲ့ ငါ့ဘဝမှာ အဘွားကသာ ငါ့ရဲ့အမေပါ။

အဘွားဆုံးသွားတော့ ငါ အရမ်းအားငယ်တာပဲဟာယ်…အခုဆို အဘကလည်း ကျန်းမာရေးမကောင်းပြန်ဘူးလေ။ တစ်ခါတလေ နင်သာ ရွာမှာရှိရင် သိပ်ကောင်းမှာပဲလို့ တွေးမိတယ်။ ငါ နင့်ကို အရမ်းသတိရတာပဲ တေဇရယ်။ နင်မရှိတော့ ငါ့ကို အားပေးမယ့် သူလည်း မရှိဘူး။ နင်က ငါ့အတွက် အရမ်းအားကိုးရတဲ့ သူငယ်ချင်းကောင်းတစ်ယောက်ပါ။ နင်ပြန်လာမယ့်နေ့ကို ငါ အမြဲတမ်း မျှော်နေမိတယ်။ မြန်မြန်ပြန်လာပါစေလို့လည်း ငါ ဆုတောင်းနေမိပါတယ်ဟာ…

နင့်ရဲ့
သူငယ်ချင်း
သပြေညို

စာလုံးပေါင်းသတ်ပုံမမှန်တာအချို့ကိုတော့ ပြင်ဖတ်ရတာပေါ့။ စာလေးဖတ်လို့ဆုံးသွားတော့ တေဇ ငိုင်သွားရသည်သာ။ ဒုက္ခပင်လယ်ဝေနေတဲ့ သပြေကို သနားလိုက်ပါဘိ။ ကိုယ်သာ ငှက်ကလေးတစ်ကောင်ဆိုရင် အတောင်ပံကိုဖြန့်ပြီး အခုချက်ချင်းပဲ သပြေဆီကို ပျံသန်းသွားချင်လိုက်တာ။

"စာရွက်ကြီးကိုင်ပြီး ဘာတွေများ ဒီလောက်တောင် စဉ်းစား





နေရတာလဲ တေဇရေ…မဟုတ်မှလွဲရော စာရွက်ထဲက စာလုံးလေးတွေက အလွမ်းတွေ သီကုံးနေပြီထင်ပ"

ပြောရင်းဆိုရင်း ကိုထူးမောင်က သူ့လက်ထဲကစာရွက်ကို ဆတ်ကနဲ ဆွဲယူလေလျှင်…

"ဟာ…ဘာလုပ်တာလဲဗျ"

တေဇ စာရွက်ကို ဆတ်ကနဲ ပြန်လုယူလိုက်တော့…

"ဖတ်မလို့လေ"

"မဖတ်နဲ့…ခင်ဗျားက အကိုင်ကြမ်းတယ်။ တော်ကြာ ကျိုးကြေကုန်မှာစိုးလို့"

"ကြီးကျယ်လိုက်တာကွာ…ခုမှ သူ့စာရွက်များ ရွှေပေလွှာကျနေတာပဲ"

"ကျွန်တော့်အတွက်ကတော့ ရွှေပေလွှာထက် ပိုပြီး တန်ဖိုးကြီးတယ်ဗျ"

"ဖြစ်မှဖြစ်ရလေ…သပြေညိုရေ…တေဇတစ်ယောက်တော့ နင့်ကို လွမ်းတဲ့စိတ်နဲ့ မျက်စိမှိတ်လိုက်တာနဲ့ အိပ်ပျော်၊ စားလိုက်ရင် ဆန့်နှစ်လုံးချက် တက်တက်ပြောင်တဲ့ရောဂါနဲ့ ရွာသာကြီးကို"

"ဟော့လူ"

တေဇ အသံဖြဲကြီးနဲ့ပြောနေတဲ့ ကိုထူးမောင်ပါးစပ်ကို အတင်းပိတ်လိုက်ရတော့သည်။ သပြေနဲ့ပတ်သက်ပြီး သူ ကိုထူးမောင်ကို ရင်ဖွင့်ထားတာတွေရှိသည်လေ။ ဒါကြောင့်

ကိုထူးမောင်က နောက်တာပါ။ ကိုထူးမောင်နောက်တိုင်း ကိုယ့်မှာ ဝိတိဖြစ်ရသည်လေ။

"လွမ်းနေတာတော့ အမှန်ပဲ ကိုထူးမောင်…ဘယ်လိုပြောရမလဲ…ကျွန်တော်လေ အခုလို သပြေနဲ့ ဝေးနေရတော့မှ သူ့အပေါ် သံယောဇဉ် ဘယ်လောက်ကြီးမှန်း ပိုသိလာတော့တယ်ဗျာ"

"အေး…အဲဒါပဲကွ"

"ဟင်…ဘာအဲဒါလဲ"

"အချစ်လေ…အချစ်…အချစ်…မင်းရင်ထဲမှာ သံယောဇဉ်နဲ့အချစ် နှစ်ပင်လိမ်နေပြီ။ မြတ်နိုးမှုပါထည့်ပြီး သုံးပင်လိမ်လိုက်ရင် ပြတ်ဖို့ မလွယ်တော့ဘူး"

ကိုထူးမောင်၏စကားကြောင့် တေဇ မိမိစိတ်ကိုမိမိ ပြန်ဆန်းစစ်လာမိတော့၏။ သူ…သပြေကို ချစ်နေမိပြီလား။ သံယောဇဉ်နဲ့ အချစ်က ဘယ်လိုတွေ ကွဲပြားပါသလဲ။

"ကိုထူးမောင်"

"ပြော…မင်း ငါ့ကို မေးစရာရှိလာပြီ မဟုတ်လား"

တေဇ ခေါင်းညိတ်ပြလိုက်ပြီး…

"အချစ်ဆိုတာ ဘာလဲ ကိုထူးမောင်"

"မင်းကလည်း အချစ်ဆိုတာ အချစ်ပေါ့"

"ဟာဗျာ…ခင်ဗျားကလည်း မသိလို့မေးတာကို ခွကျကျကြီး ဖြေတယ်"





"ဟကောင်ရ…ငါက အခုချိန်ထိ အသက်သာ သုံးဆယ်ကျော်လာတယ်၊ ရည်းစားဆိုတာကို သွားကြားထိုးတဲ့ ဇာတ်ချောင်းလောက်ကို စိတ်မဝင်စားတာ။ အဲဒီတော့ ငါလည်း သေသေချာချာ မသိဘူး။ ကြားဖူးနားဝရှိတာပြောရရင်တော့… ယောကျ်ားလေးနဲ့ မိန်းကလေး တစ်ယောက်နဲ့တစ်ယောက် ခင်ကြမင်ကြ၊ သံယောဇဉ်ရှိကြပြီး စိုးရိမ်မှုတွေ ပိုလာတာ၊ ခွဲခွာကြရရင် လွမ်းကြဆွေးကြတာတွေကို အချစ်လို့ထင်တာပဲ"

တေဇ သက်ပြင်းချလိုက်မိသည်။ အချစ်ဆိုတာ ကိုင်တွယ်စမ်းသပ်၍လည်းမရ။ အရောင်အဆင်းမရှိသလို မြင်လည်းမမြင်နိုင်။ အနံ့အသက်လည်း ရှူရှိုက်ခံစားလို့မရတဲ့ စိတ္တဇဟာမ်သက်သက်ပါပဲ။

ဒါပေမဲ့…

အဲဒီအချစ်ကပဲ လူတွေကို ပျော်ရွှင်မှုတွေ ဖန်ဆင်းပေးနိုင်သလို သောကတွေကိုလည်း လက်ဆောင်ပေးတတ်ပြန်သည်လေ။

"စာမေးပွဲပြီးရင်…ဒီနှစ်တော့ ကျွန်တော် ရွာကိုပြန်ဦးမယ်ဗျာ"

"ဘာလဲ…မင်း တွေဝေနေပြီလား တေဇ"

"ဟုတ်တယ် ကိုထူးမောင်…ကျွန်တော် သပြေ့ကို ချစ်နေမိပြီထင်တယ်"

"မင်း ရွာပြန်လို့ သပြေညီမှာ ရည်းစားရှိနေပြီဆိုရင် မင်း ဘယ်လိုလုပ်မလဲ တေဇ"

"ဟာ…မဖြစ်နိုင်ဘူး…မရှိနိုင်ပါဘူး…တကယ်လို့ ရှိနေပြီ ဆိုရင်လည်း အဲဒီကောင် ကျွန်တော်နဲ့တွေ့ရင် နာပြီသာမှတ်"

တေဇ မျက်စိမျက်နှာပျက်ပျက်နှင့် ရှူးရှူးရှဲရှဲ ဖြစ်သွားလေတော့ ကိုထူးမောင်က ပြုံးလေသည်။

"သေချာပြီ…တေဇ"

"ဘာလဲ…ဗျ"

တေဇအသံက မာဆတ်ဆတ်ဖြစ်သွားသည်ထင်ပါ့။

"စကားအဖြစ်ပြောတာတောင် မင်း ဒီလောက် မျက်စိမျက်နှာ ပျက်သွားတာပဲလေ။ တကယ်သာဆိုရင် မင်း ဘယ်လောက်တောင် ပေါက်ကွဲလိုက်မလဲ"

"ဒါက စိုးရိမ်တာပါ…သမြေကို မတော်တရော်တွေနဲ့ တွေ့မှာစိုးတာဗျ"

"အဲဒါ…စိုးရိမ်တာမဟုတ်ဘူး၊ မနာလိုတာကွ…မနာလိုတာ။ မင်း သမြေကို ချစ်နေတယ်ဆိုတာ ကျိန်းသေနေပြီ"

တေဇ တွေကနဲ ဖြစ်သွားပြီးမှ‥

"ဒါဆို ကျွန်တော် ဘာလုပ်ရမလဲ ကိုထူးမောင်"

"ဘာလုပ်ရမှာလဲ…ရှာပြန်ရင် ဖွင့်ပြောလိုက်ပေါ့ကွ"

ဒီလိုပြောတော့ တေဇ သွားတက်ကလေးပေါ်အောင် ရယ်လိုက်မိသည်။ ကိုယ့်စိတ်ကူးနှင့်ကိုယ် ရယ်မိခြင်းပါပဲ။ စာမေးပွဲပြီးတာနဲ့ ဒီနှစ်တော့ မဖြစ်မနေ ရွာပြန်မှဖြစ်တော့မှာပါ။





"ကိုကို"

ခေါ်သံကြောင့် လှည့်အကြည့်မှာ လက်ကိုင်အိတ်အနက်ရောင်ကို ဟိုဘက်သည်ဘက် ယမ်းလာသော မိုးသောက်ပန်းကို မြင်လိုက်ရတော့ တေဇမျက်နှာ မသိမသာ ရှုံ့မဲ့သွားလေသည်။ ဘာဒုက္ခပေးဦးမလဲ မသိပါဘူး။ ဘယ်ကို ပို့ခိုင်းဦးမှာလဲ။

ဘောင်းဘီက အတိုဝတ်ထားတော့ ပေါင်တံက အဖွေးသား ပါပဲ။ အင်္ကျီရှေ့ဟိုက်နောက်ဟိုက်နှင့်မို့ တေဇ အကြည့်ကို ချက်ချင်း လွှဲဖယ်ပစ်လိုက်မိသည်။ မျက်ခွံပေါ်မှာလည်း စိမ်းစိမ်းလား… ပြာပြာလား မသိပါဘူး။ အရောင်တော့ အရောင်တွေပါပဲ။

ဆံပင်က ဆေးဆိုးထားတာ…

အနီရော အစိမ်းရောပါပဲ။ ကြည့်မရပေမယ့် မကြည့်ချင်မြင်လျက်သား ဖြစ်နေရသည့်ဘဝပါ။

"ကိုကို"

"ငါကြားတယ်…နင် ဘာပြောမလို့လဲ"

"မိုးသောက် သူငယ်ချင်းမွေးနေ့သွားမလို့ ကိုကိုရဲ့…အဲဒါ ကိုကို လိုက်ပို့ပေး"

"ကိုထူးမောင်ကို ခေါ်သွားပါလား မိုးသောက်ရဲ့…ကိုကိုက စာကျက်ရဦးမှာ။ စာမေးပွဲက နီးနေပြီလေ"

"ဟာ…မရဘူးကွာ…မရဘူး၊ ကိုကိုပဲ လိုက်ပို့ပေး။ မိုးသောက်က ကိုကို့ကို ခေါ်လာခဲ့မယ်လို့ သူငယ်ချင်းတွေကို ကတိ

ပေးထားတာ ကိုကိုရဲ့"

ချွဲချွဲနွဲ့နွဲ့နှင့် မိုးသောက်ပန်းကဆိုလာတော့ တေဇ အခက်တွေ့ရလေပြီ။ ကိုထူးမောင်ကို အကူအညီတောင်းသလို လှမ်းကြည့်လိုက်တော့ သူလည်း မတတ်နိုင်ကြောင်း ခေါင်းခါပြလေ၏။

ဟူး…စိတ်မောရပါလားနော်။

"ကိုကို"

"……………"

"လိုက်ပို့မယ်မဟုတ်လားဟင်"

"ကျွတ်"

"ဘာလဲ…မပို့ဘူးလား၊ မပို့ရင်တော့ ကိုကို့ဖေဖေကို ဖုန်းဆက်ပြီး တိုင်လိုက်မှာနော်…ဒါပဲ"

"ဟင်"

ဖေဖေ့ကို ဖုန်းဆက်တိုင်မည်ဆိုတော့ တေဇ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ ဒီနှစ် အိမ်မှာဖုန်းဝယ်လိုက်တာ တေဇအတွက် ကောင်းလည်းကောင်းသလို၊ မကောင်းလည်းမကောင်းပါဘူး။ ဖေဖေက ဒီအိမ်နဲ့ အဆက်အသွယ်ရအောင်ဆိုပြီး ဝယ်တာ။ အခု တော့…

သတိရရင် ဖုန်းဆက်လို့ရတာကောင်းပေမယ့် ထစ်ကနဲဆို ဖုန်းဆက်တိုင်မယ်ဆိုတာက မကောင်းဘူးပေါ့လေ။

"ကဲပါ…လိုက်ပို့ပေးမယ်"





"ယေး…ဒါမှ တို့ကိုကိုကွ"

"ဟာ…ဟာ"

"အဲ"

မိုးသောက်က ယေးကနဲအော်ပြီး တေဇခါးကို သိမ်းဖက်လိုက်လေတော့ တေဇကိုယ်ကြီး တောင့်မတ်သွားလေသည်။ ကိုထူးမောင်မှာလည်း ပါးစပ်အဟောင်းသား ဖြစ်ရပြီပေါ့။ တေဇ ရှက်ရှက်နှင့်ပဲ မိုးသောက်လက်တွေကို အတင်းဖယ်လေလျှင် မိုးသောက်က နှုတ်ခမ်းလေးစူပြီး…

"ဘာဖြစ်တာလဲ ကိုကိုရဲ့…သူ့ခါးလေးဖက်တာများ ကြီးကျယ်လိုက်တာ…မိုးသောက်လက်က နူဝဲနေတာကျလို့"

ဘာမှပြန်မပြောဘဲ မျက်နှာရဲရဲနှင့် တေဇတစ်ယောက် မိုးသောက်လက်မှ ရုန်းထွက်ခဲ့တော့သည်။ ခက်လိုက်ပါဘိ…မိုးသောက်ပန်းရယ်…

~~~
~~~

# အခန်း (၁၂)

အနေကွာဝေးလို့ အကြင်နာတွေ အေးခဲတယ်လို့ဆိုရအောင် သူနဲ့ကိုယ်က ချစ်သူရည်းစားမဟုတ်ပေ။ သမြေ…တေဇကို သတိရတဲ့အခါတွေရှိသလို ကိုယ့်အပူနဲ့ကိုယ် သတိမရဖြစ်တဲ့အခါတွေလည်း ရှိခဲ့သည်သာ။ အခု တစ်ယောက်တည်း မြောင်းထဲမှာ…

ကန်စွန်းညွန့်ခူးရင်းနဲ့ တေဇကို သတိရမိသွားလေသည်။ အခု လောက်ဆို မြို့မှာ ရည်းစားတွေများရနေပြီလား။ တေဇက တောမှာနေတုန်းကတောင် ချောသည်လေ။ အသားဖြူဖြူ၊ မျက်ခုံးမွှေးကောင်းကောင်းနဲ့။ ရယ်လိုက်ရင် သွားတက်ကလေးကပေါ်လို့။ ချစ်စရာကောင်းသည်ပဲလေ။

အို…ငါ ဘာတွေလျှောက်တွေးနေမိပါလိမ့်။ မတွေးတော့ပါဘူး။ သူ့ဘာသာသူ ရည်းစားပဲထားထား၊ မိန်းမပဲရရ ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့။





"သမြေ"

"……………"

"သမြေ…သမြေ"

"ဟင်"

နားထဲတွင် တေဇရဲ့ခေါ်သံကို ကြားနေတာမို့ ဟိုဟိုဒီဒီ ကြည့်မိပါသေးသည်။ သမြေ စိတ်စွဲလမ်းမှုကြောင့် ကြားယောင်နေတာများလား။

"သမြေ…ငါ ပြန်လာပြီဟ"

"……………"

"သမြေ…ငါ ပြန်လာပြီလေ သမြေရဲ့"

တေဇအသံက နီးနီးကပ်ကပ် ဖြစ်လာသည်မို့ သမြေ မယုံမရဲနှင့်ပဲ လမ်းမကြီးပေါ်သို့ လှမ်းကြည့်လိုက်စဉ် ကျောပိုးအိတ်ကို ကျောမှာပိုးထားပြီး လက်ထဲမှာလည်း အိတ်တစ်အိတ်ကိုဆွဲလျက် သူမကို လက်ပြနေတာ တေဇမှ တေဇအစစ်ပါ။

"တေဇ…တေဇ…နင် တကယ်ပြန်လာတယ်နော်"

ပြောပြီး သမြေ ခူးပြီးပုံထားတဲ့ ကန်စွန်းညွန့်တွေကိုယူပြီး လမ်းမကြီးဆီသို့ ပြေးခဲ့လေတော့သည်။

"တေဇ"

"သမြေ"

"နင်…တကယ်ပြန်လာတာ ငါ ဝမ်းသာလိုက်တာဟာ"

"ပြန်လာရတာပေါ့ဟ"

မတွေ့ရတာကြာပြီမို့ ခုလိုပြန်တွေ့လိုက်ရသောအခါ တေ၈ ဝမ်းသာအားရနှင့် သပြေ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်မိလိုက်လေလျှင်…

"အယ်…ဘာလုပ်တာလဲ…ဖယ်ပါ"

သပြေ မျက်နှာလေး ရှက်ဝဲဝဲဖြစ်ကာ ကိုယ်လေးတွန့်လိမ်ပြီး တေ၈လက်တွေကို ဖယ်ချလိုက်လေသည်။ တေ၈လည်း သူ့အဖြစ်ကို သတိရပြီး နောက်ဆုတ်သွားမိကာ…

"ဆောရီး…ဆောရီးပါဟာ…ဟို…ရုတ်တရက် နင့်ကို တွေ့လိုက်ရတော့ ဝမ်းသာအားရနဲ့ သတိလက်လွှတ်ဖြစ်သွားတာပါ"

"ရပါတယ်ဟာ…နင်နဲ့ငါက အခြားသူတွေမှ မဟုတ်တာ ငယ်သူငယ်ချင်းတွေပဲလေ"

"နင်…ကန်စွန်းညွှန့် လာခူးတာလား"

"ဟုတ်တယ်…ဒီရက်ထဲမှာ အလုပ်ကပြတ်နေတော့ ပိုက်ဆံ မကုန်မယ့် ကန်စွန်းညွှန့်တွေပဲ လာခူးပြီး ကြော်စားနေတာဟ"

ကြားရတာ နားဝမှာ မချမ်းသာစရာပါလား။

"ကဲပါ…အဲဒီကန်စွန်းရွက်တွေ ထားခဲ့…ရွာရောက်ရင် ငါ ကြက်တစ်ကောင်ဝယ်ပေးမယ်၊ နင် ချက်ပေါ့…ငါ လာစားမယ်"

သပြေက ပါးစပ်ကို လက်ချောင်းလေးများနှင့်အုပ်ပြီး ရယ်လိုက်ကာ…





"ငါက ရေသည်ပြဇာတ်ထဲက ရေသည်ယောကျ်ားထုံးကို လုံးမှုထားတာ တေ၈ရဲ့…နင် ဝယ်ပေးချင်ဝယ်ပေးလေ… နင် စားချင်ရင် ငါ ချက်ကျွေးမှာပေါ့။ နင် ဝယ်ပေးတဲ့ကြက်လည်း ချက်မယ်၊ ငါ ခူးလာတဲ့ကန်စွန်းရွက်တွေလည်း ကြော်ပါရစေပေါ့… ခစ်…ခစ်"

"ကဲ…သဘောဗျာ"

"ပေး…နင့်လက်ထဲကအိတ် ငါ ကူဆွဲခဲ့မယ်"

"ရပါတယ်ဟ"

"ပေးပါဆို"

သပြေက အတင်းဆွဲယူလေတော့ တေ၈လက်ထဲကအိတ်ကို အလိုက်သင့်လွှတ်ပေးလိုက်လေသည်။ နှစ်ယောက်သား စကားပြောရင်းနှင့် လမ်းလျှောက်ခဲ့ကြရာ တေ၈တစ်ယောက် သပြေမျက်နှာလေးကို ခဏခဏ ငဲ့ကြည့်ဖြစ်၏။

"သပြေ"

"ဟင်"

"နင်တောင် တော်တော်တိုးတက်လာပြီနော်"

"ဆိုပါဦး…ငါက ဘာတွေတိုးတက်လာလို့လဲ"

"စာပေနဲ့ပတ်သက်ပြီး ပြောတာပါ။ နင် ရေသည်ပြဇာတ် အကြောင်းတောင် ပြောနိုင်နေပြီဆိုတော့ တော်တော် လေ့လာထားခဲ့ရတယ်…ဟုတ်လား"

"ဒါကတော့ တေဇရယ်…စာမတတ်လို့ မျက်နှာငယ်ခဲ့ရတဲ့ အချိန်တွေ ငါ မမေ့ဘူးလေ။ အဲဒါကြောင့် ငါ ရွာထဲကကျောင်းသား တွေဆီမှာ စာအုပ်တွေ ငှားဖတ်တယ်။ အဘကလည်း မြို့ထဲသွားရင် ဗဟုသုတရစေမယ့် စာအုပ်ကလေးတွေ ဝယ်လာပေးတယ်။ ငါ စာလည်းဖတ်၊ လက်ရေးလည်းလှအောင် အားတဲ့အချိန်မှာ ကျင့်ရေး ရတာပေါ့"

တေဇ ခေါင်းတဆတ်ဆတ်ညိတ်ရင်းမှ သပြေ့မျက်နှာလေးကို ငုံ့ကြည့်မိပြန်သည်။ အရင်လို ပိန်ကပ်ကပ် မွဲခြောက်ခြောက်ကလေး မဟုတ်တော့ဘဲ အသားလေးတွေ ဖြူဝင်းလာကာ ပြည့်ပြည့်ဖြိုးဖြိုး နှင့် လှပနေသည်။ ဆံပင်ကလည်း ပေါင်လယ်ရောက်သည်အထိ ရှည်နေတော့…

ယဉ်စစလေးနဲ့ကို လှနေတာပါ။

"သပြေ…နင် အရမ်းလှလာတယ် သိလား"

"မြို့သူတွေကိုတော့ ဘယ်မီပါ့မလဲနော်"

"မတူဘူးဟ…တို့တောသူလေးတွေက သဘာဝအလှနဲ့ ကျက်သရေရှိတာ သပြေရဲ့"

"ငါ့မှာ နင့်ကို ကျွေးစရာဆိုလို့ ခြံထွက်ငှက်ပျောသီးပဲ ရှိတာနော် တေဇ"

"ငှက်ပျောသီးအမှည့်ရှိတယ်လား"

"အင်း…ရှိတယ်"





"ဟား…ပွတာပဲ…စားမှာပေါ့ဟ"

"မစားဘူးများလားလို့…ဘယ်အချိန်ကတည်းက ငေါ်ကြီး ကျနေတယ်မသိဘူး"

"ဟီး"

သပြေက မျက်စောင်းလေးထိုးကာဆိုလေတော့ တေဇမျက်နှာ က စပ်ဖြဲဖြဲပုံစံနှင့်ပါ။ အရင်က ပိန်ကပ်ကပ်နှင့် အလှကြီးမဟုတ် တာတောင် တေဇ သပြေ့အပေါ် သံယောဇဉ် တွယ်ခဲ့တာပဲလေ။ အခု သပြေက ယဉ်စစနှင့်လှနေတော့ တေဇစိတ်တွေ တည်ငြိမ်ပါ ဦးမတဲ့လား။

သနပ်ခါးနံ့သင်းသင်းလေးက…

တေဇရဲ့နှလုံးသားကို နွေးကနဲ ရှိန်းကနဲဖြစ်အောင် သွေးဆောင်ဖြားယောင်းနေသည့်နှယ်…။

~~~
~~~

## အခန်း (၁၃)

ဒေါ်ဝေမာစန်း…သမီးဖြစ်သူ ငြိမ်ချက်သားကောင်းနေလေတော့ ဘာများဖြစ်သလဲလို့ စိုးရိမ်စိတ်နှင့် သမီးရှိရာအခန်းသို့ လာခဲ့မိတော့သည်။ တံခါးကို တွန်းဖွင့်ပြီးဝင်လာခဲ့တော့ အိပ်နေသည်။ အိပ်ပျော်နေလား…အိပ်မပျော်ဘူးလားဆိုတာတော့ မသိပါဘူး။

"သမီး"

"…………"

"သမီး"

ခေါ်သံကြောင့် မိုးသောက်ပန်း မျက်လုံးကို ဖွင့်ကြည့်လိုက်မိသည်။ တောဇ ရွာကိုပြန်သွားပြီးကတည်းက သူမ အပြင်ကို သိပ်မထွက်ဖြစ်တော့တာပါ။ စိတ်ထဲမှာ ဟာတာတာနဲ့ ဘာလိုလို လိုနေမှန်း မသိတော့ပါဘူး။ ဒါကြောင့် အိပ်ရာထဲမှာ ခွေနေခြင်းသာ။





"သမီး…အိပ်မပျော်ဘူးမို့လား"

"ဟုတ်…မအိပ်ပါဘူး မာမီ"

"ဒါဆို…ဘာလို့ အပြင်မထွက်တာလဲ၊ နေမကောင်းဘူးလား သမီး"

ဒေါ်ဝေမာစန်း သမီးဘေးမှာ ဝင်ထိုင်ရင်း နဖူးကို စမ်းကြည့်ကာ မေးလိုက်လေလျှင်…

"နေကောင်းပါတယ် မာမီ"

"နေကောင်းတယ်ဆိုပြီး ဘာလို့ ငြိမ်ချက်သားကောင်းနေတာလဲ…မာမီ့ကို ပြောပါဦး"

"လူကနေကောင်းပေမယ့် စိတ်က အဖျားတက်နေတယ် မာမီရဲ့"

"ဟင်…ဘယ်လို"

သမီးဖြစ်သူ၏စကားကို ဒေါ်ဝေမာစန်း နားမလည်နိုင်ဖြစ်သွားရသည်။

"မာမီ"

"ပြောလေ…သမီး"

"ကိုကိုက ဘယ်တော့ပြန်လာမှာလဲ မာမီ…ဟိုမှာ ဘယ်လောက်ကြာဦးမှာလဲဟင်"

မိုးသောက်ပန်း ပွင့်လင်းစွာ မေးလိုက်တော့မှ ဒေါ်ဝေမာစန်း သဘောပေါက်သွားပြီး ရယ်လေသည်။ သူမကတော့ ဘာများဖြစ်

နေသလဲလို့ စိုးရိမ်လိုက်ရတာ။ သူမလေးက ဒီလိုကိုး။ တစ်ဦးတည်းသော သမီးလေးမို့ အလိုလိုက်ထားတော့…

အခု…

တက္ကသိုလ်ကျောင်းသူကြီးဖြစ်နေတာတောင် ဆိုးတုန်းနွဲ့တုန်းပါ။ ဒီကလေးရဲ့စိတ်က ထိလွယ်ရှလွယ်နှင့် ခံစားတတ်လွယ်သည်လေ။

"လက်စသတ်တော့ သမီးက မောင်တေဇကို လွမ်းနေတာကိုး"

"ဟာ…မာမီကလည်း လွမ်းတာမဟုတ်ပါဘူး။ သတိရနေတာပါနော်"

"ဘာများထူးလို့လဲ သမီးရဲ့…သတိရမိတော့ လွမ်းတာပဲ မဟုတ်ဘူးလား"

"အဟွန်း"

မိုးသောက်ပန်း ရှက်ပြုံးလေး ပြုံးမိလေတော့သည်။

"မာမီ…သိပါတယ် သမီးရယ်…မာမီလည်း ငယ်ရာကနေ ကြီးလာခဲ့တာပဲဥစ္စာ။ ကိုယ်မွေးထားတဲ့သမီး ပါးစပ်ဟလိုက်တာနဲ့ အူဘယ်နှခွေရှိတယ်ဆိုတာကို သိတာပေါ့"

ဒေါ်ဝေမာစန်း ပွင့်ပွင့်လင်းလင်း ပြောလိုက်တော့ မိုးသောက်ရှက်ပြုံးလေးနှင့် မိခင်၏ရင်ခွင်ထဲသို့ ကြောင်လေးတစ်ကောင်လို တိုးဝှေ့နေမိတော့သည်။





"မာမီကလည်း အဲဒီလောက်ကြီး ဖွင့်ချရသလားလို့"

"မောင်တေဇက အရည်အချင်းရှိပြီး ရည်မွန်တဲ့လူငယ်လေး တစ်ယောက်ပဲလေ သမီးရဲ့…ငြင်းစရာအကြောင်းမှမရှိတာ"

"ဒါဆို…မာမီက သဘောတူတာပေါ့နော်"

"သမီးတို့လူငယ်ချင်း အဆင်ပြေမယ်ဆိုရင် မာမီတို့က သဘောမတူစရာ မရှိပါဘူးကွယ်"

"ဟေး…ဒါမှ တို့မာမီကွ၊ အဲဒါကြောင့် မာမီကို ချစ်တာ"

"အချွဲမလေး"

မိုးသောက် ခပ်ချွဲချွဲလေးဆိုကာ မိခင်ဖြစ်သူ၏ပါးပြင်ကို နမ်းလေတော့ မိခင်ဖြစ်သူကလည်း မိုးသောက်ရဲ့ ပါးပြင်ဖောင်းဖောင်းလေးကို ပြန်နမ်းလိုက်သည်သာ။

~~~
~~~

## အခန်း (၁၄)

ရွာနဲ့မနီးမဝေးရှိ လယ်ကွင်းထဲမှာ သခွပ်ပင်အိုကြီးတစ်ပင် ရှိလေသည်။ ထိုသခွပ်ပင်ကြီးအောက်မှာ သခွပ်ပန်းကောက်နေတာ တေဇနဲ့ သပြေပါ။ မနက်စောစောစီးစီးမို့ နှင်းငွေ့တွေ ခြုံသိုင်းနေတာ ပတ်ဝန်းကျင်က သူတို့ကို ရုတ်တရက် မမြင်နိုင်သလို သူတို့က လည်း ပတ်ဝန်းကျင်ကို မမြင်ရပေ။

မနက်စောစောစီးစီးပေမယ့်…

နှင်းတွေ အရမ်းကျနေတော့ တေဇက ဦးထုပ်ဆောင်းထားပြီး သပြေကတော့ အဘပုဆိုးလေးကို ခေါင်းပေါ်မှာ အုပ်ထားလျက်ပါ။ သခွပ်ပွင့်တွေကလည်း ဖွေးဖွေးဖြူလျက်မို့ ပန်းချီကားတစ်ချပ် လိုပါပဲ။





"အများကြီးပဲနော်"

"နေမြင့်ရင် ပိုကြွေတယ်ဟ"

စကားက ဟိုမဆက် ဒီမဆက်နှင့်ပါ။

"ဒီလောက်အများကြီးကောက်ပြီး နင် ဘာလုပ်မှာလဲ သပြေ"

"နေလှမ်းထားမှာပေါ့ တေဇရဲ့…ခြောက်သွားရင် မြေအိုးနဲ့ ထည့်ထားမယ်လေ။ ရှားပါးတဲ့အချိန်ကျမှ ဈေးထဲမှာ သွားရောင်း မှာပေါ့"

"နင် စီးပွားရေးအမြင်က မှတ်သားလောက်စရာပါလားဟ… ဟား…ဟား"

"နင်က ငါ့ကို လှောင်တာလား တေဇ…ငါက ပိုက်ဆံ ရင်းနှီးမြှုပ်နှံဖို့ မရှိဘူး။ ကိုယ်နဲ့တန်ရာအလုပ်ပဲ ကြံမြင်ထားရတာ ပေါ့"

"လှောင်တာမဟုတ်ပါဘူးဟာ…နင်ကလည်း…ငါက စတာကို"

မျက်စောင်းထိုးလိုက်ပုံက တေဇ နှလုံးသားထဲက ပန်းချီကား တစ်ချပ်ပါ။ လွမ်းစရာကောင်းအောင် ဝေနေတဲ့ နှင်းတွေရယ်၊ အေးချမ်းတဲ့ နံနက်ခင်းရယ်၊ ဖြူလွလွနဲ့ မျက်နှာပန်းလှနေတဲ့ သခွပ်ပွင့်တွေရယ်…ပြီးတော့ ချစ်ရသူရဲ့ မျက်စောင်းလေးရယ်…

အားလုံးပေါင်းလိုက်တော့…

ဒီကနေ့ မြင်တွေ့လိုက်ရတဲ့ "မျက်ဝန်းနဲ့စိတ်ကူးပုံရိပ်" ပန်းချီကားတစ်ချပ်သည် တေဇအတွက်တော့ ပြည့်တန်တဲ့ပစ္စည်းများလောက်ကိုပဲ တန်ဖိုးကြီးလှပါသည်။

"သပြေ"

"............"

"နင် ဆံပင်တွေ မဖြတ်ရဘူးနော်...ဆံပင်ရှည်လေးနဲ့ နင်က အရမ်းယဉ်တာပဲ"

"အဲဒါ...ငါ့သမိုင်းပဲလေ၊ နင်နဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့"

"ဘာဆိုင်လို့လဲ...ဘာမှမဆိုင်ဘူး"

"နင်နဲ့ငါကလေ"

တေဇ ရှေ့ဆက်လာမည့်စကားကို ဘရိတ်အုပ်လိုက်ရသည်။ သူပြောလိုက်လျှင် သပြေ စိတ်များဆိုးသွားလေမလား။ ဘာပဲဖြစ်ဖြစ် ရင်ထဲမှာတော့ အချစ်တွေက အုံကြွနေပြီ။ သပြေထံမှ ဆက်ပြောလေဆိုတဲ့ စကားသံကြားရလေမလားလို့ မျှော်လင့်မိပေမယ့်...

သပြေ နှုတ်မှ...

ဘာသံမှထွက်မလာပေ။ သူ မဆက်တော့လည်း ကိုယ်ပဲ ဆက်ရတော့မှာပေါ့။

"နင် ရည်းစားထားဖို့ စိတ်ကူးမရှိသေးဘူးလား သပြေ"





တေဇ၏ မအူမလည်အမေးကြောင့် သပြေ ရယ်ချင်သွားလေသည်။ တေဇကို စချင်လာတာကြောင့်...

"ရှိတာပေါ့"

"တကယ်"

တကယ်ဟုဆိုပြီး တေဇ သခွပ်ပန်းထိုင်ကောက်နေရာမှ ထလာလေတော့ သူမစကားမှားသွားပြီလားလို့ နောင်တရလိုက်မိသည်။ သည်မြွားဦးက သပြေဘက်ကို လည်နေပြီလား။ တေဇက သပြေနှင့် မျက်နှာချင်းဆိုင်မှာ ထိုင်ချလိုက်ကာ...

"ဒါဆိုရင် ရေကန်အသင့် ကြာအသင့်ပဲ၊ ခုပဲ နင် ရည်းစားထားလိုက်တော့ သပြေ"

ထင်တဲ့အတိုင်းပါပဲ။ သပြေ ဘာပြောရမှန်းမသိတော့ပေ။

"နင်...ဆရာဝန်ကတော် လုပ်မယ်မဟုတ်လား"

"အို...မလုပ်ပါဘူး၊ ငါက အဲဒီအဆင့်နဲ့မှ မတန်တာ"

"မတန်ဘူးလို့ ဘယ်သူကပြောလဲ။ နင် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီး မပြောစမ်းပါနဲ့"

သပြေကို ကြည့်နေသော တေဇရဲ့မျက်ဝန်းတို့က အချစ်ရည်များနှင့် ရွှန်းလဲ့နေသည်လေ။ ဒီအကြည့်တွေကို သပြေ ရင်မဆိုင်ရဲပါဘူး။ ဒါကြောင့် မျက်နှာကို တစ်ဘက်သို့ လွှဲလိုက်ကာ...

"နင် ဘယ်လိုဖြစ်နေတာလဲ တေဇ"

"ချစ်နေတာလေ"

"ငါ ပြန်တော့မယ်"

"သပြေ"

သပြေ ထရပ်မည်အပြု တေဇက သပြေလက်ကောက်ဝတ်ကို ဖမ်းဆုပ်ပြီး ပြန်ထိုင်နိုင်းလေလျှင်···

"နင် ဘယ်လိုဖြစ်နေတာလဲ တေဇ··· ငါ့လက်ကို လွှတ်နော်"

"နင် ငါ့ကို တကယ်ထားခဲ့ရက်လို့လား"

"ဘာလဲ···နင်က ငါ နင့်ကို ပြန်ချစ်မှာပဲလို့ ကျိန်းသေပေါက် တွက်ထားတာလား တေဇ···နင်နဲ့ငါ ဘဝချင်းက မတူဘူး လေဟာ"

"မဆိုင်ပါဘူးဟာ···အချစ်မှာ နိမ့်တာမြင့်တာတွေ မရှိဘူး သပြေ···ငါ ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့တာ ငါ့ ရည်ရွယ်ချက်နဲ့ငါပဲ"

မျှော်လင့်ချက်ရောင်ခြည်သမ်းနေသော မျက်ဝန်းအစုံနှင့် ကြည့်နေသော တေဇကို သပြေ ဘယ်လိုခွန်အားမျိုးနဲ့ ငြင်းဆန်ရပါ့ မလဲ။ အဖြေရှာခက်လှတဲ့ ဝေဒနာအငွေ့အသက်တွေကို ဘယ်လို ပုန်းလျှိုကွယ်ဝှက်ထားရပါ့မလဲနော်။

"ငါ ဆရာဝန်ဖြစ်တာနဲ့ နင့်ကို လက်ထပ်မယ် သပြေ"

"စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ တေဇရယ်···လက်တွေ့ဘဝက မလွယ်ဘူးဟ။ ငါက ဘဝကို လက်တွေ့ကျကျပဲ တည်ဆောက်ချင်





တာ။ စိတ်ကူးယဉ်တဲ့အထဲမှာ အခက်အခဲဆိုတာ ပါချင်မှပါမှာ။ ပေါ့ဖို့က များပါတယ်"

"ငါကလည်း စိတ်ကူးယဉ်နေတာမဟုတ်ဘူး သပြေ··· နင် ပြောသလိုပဲ ဘဝကို လက်တွေ့ကျကျ တည်ဆောက်ချင်တာ"

တေဇကို သပြေ ခပ်တွေတွေလေး ကြည့်လိုက်မိသည်။ သူမ တေဇအချစ်ကို မယုံလို့မဟုတ်ပါဘူး။ မယုံနိုင်တာက သူ့အသိုင်း အဝိုင်းကိုပါ။

"ငါ့ကို တစ်ခုခု ပြန်ပြောဦးလေ သပြေရဲ့"

"ဘာပြောရမှာလဲ"

"ငါ့ကို ချစ်တယ်လို့ပြောပေါ့"

သပြေ မချိုပြုံးလေး ပြုံးလိုက်မိသည်။ မချိသောရင်ခွင်ကို လွှတ်ချလိုက်ရင်တော့···

"ငါ ပြောချင်ပါတယ်···ဒါပေမဲ့"

"ဒါပေမဲ့နောက်က စကားလုံးတွေကို ငါ အလိုမရှိဘူး သပြေ။ ငါ နင့်ကိုချစ်တဲ့အချစ်က နိုင်မြဲတယ်ဆိုတာထက် ပိုပြီး သစ္စာကြီးတယ်"

"ငါ ယုံပါတယ်"

"ယုံရင်ဖြေဟာ"

သပြေ့မျက်နှာပေါ်မှာ ဖြစ်တည်သွားတဲ့ ရှက်ပြုံးလေးကို တေဇ အမိအရလိုက်ဖမ်းပြီး···

"နှင်…ရှက်နေတာလား၊ ပါးစပ်က မဖြေချင်လည်းနေ
နှင့်မျက်လုံးထဲက အဖြေကိုပဲ ငါ အတည်ပြုလိုက်မယ်လေ"

သပြေက ခေါင်းညိတ်ပြလေတော့…

"ဟာ"

တေဇ အပျော်တွေနှင့် စိတ်အစဉ်က လေဟုန်စီးလျက်
တစ်ဦးတစ်ယောက်ကိုမျှ ခိုနားခွင့်မပေးခဲ့ဖူးသော သူ့ရင်ခွင်အထ
စက်စက်ထဲမှာ သပြေကိုယ်လေးကို ထွေးပွေ့ပြီး အနွေးဓာတ်
လွှမ်းခြုံပေးလိုက်တော့သည်။

"တေဇ"

"ဟင်"

"နှင်…ငါ့ကို ဘယ်တော့မှ မုန်းမသွားပါဘူးလို့ ကတိ
ပါနော်"

"သစ္စာဆိုပြရမလား"

သပြေ…တေဇရဲ့ ချောမောတဲ့မျက်နှာကို မော့ကြည့်ပြီး
ခေါင်းလေး ခါပြလိုက်သည်။

"ဘုရားရှေ့မှာ ကျိန်ပြတဲ့သစ္စာတိုင်း အကုန်တည်နေကြတာ
မှမဟုတ်ဘဲ တေဇရယ်…ရင်ထဲမှာ မေတ္တာတရားက ခိုင်မြဲနေရင်
သစ္စာဆိုတာ သူ့အလိုလို တည်သွားတာပါ"

"ငါ့ကို ရန်ကုန်မပြန်နိုင်အောင် စကားတွေ တတ်ပြမနေ
နော်"





"နှင်…ရန်ကုန်ကို ဘယ်တော့ပြန်မှာလဲဟင်"

"သန်ဘက်ခါပြန်ရမှာ"

တေဇရဲ့လေသံက တိုးသဲ့သဲ့ဖြစ်သွားသလို သပြေလည်း
မျက်နှာလေးညှိုးရပြန်ပြီ။

"နှင်ပြန်ရင် ငါ လွမ်းကျန်ခဲ့ရဦးမှာပေါ့"

"ငါလည်း နှင့်နဲ့ခွဲပြီး အဝေးကြီးမှာ ဘယ်သွားနေချင်ပါ့မလဲ
သပြေရယ်…မလွဲသာလို့သာပေါ့၊ ရှေ့ရေးဆိုတာက ရှိသေးတယ်
လေ"

"ငါ…နှင့်ကို စိတ်မချဘူး…သိလား"

"အဲဒါ…ငါက ပြောရမယ့်စကားပါ သပြေရဲ့။ နှင်က
အရင်လို မဟုတ်တော့ဘူးလေ"

သူမကို အရင်လိုမဟုတ်တော့ဘူးဆိုတော့ ကိုယ်က ဘာများ
ပြောင်းလဲနေလို့လဲလို့…သပြေ မျက်မှောင်လေးကြုတ်သွားကာ-

"အရင်လိုမဟုတ်ရအောင် ငါက ဘာဖြစ်နေလို့လဲ"

"နှင် အရမ်းလှလာတယ်လေ…သိပ်လှတော့ စိတ်မချဘူး
ပေါ့"

သပြေ…တေဇကို သနားမိပါသည်။ အရွယ်ရောက်စ ရန်ကုန်
ကို မသွားခင်ကတည်းက သူ့စိတ်တွေ မတည်ငြိမ်တော့တာကို
ရိပ်တော့ရိပ်မိသား။ သူ့ခမျာ ကာလများစွာပင် ချစ်တဲ့စိတ်ကို
မျိုသိပ်ခဲ့ရမှာပါ။ အရင်က ပိန်ကပ်ကပ်၊ မွဲခြောက်ခြောက် ကောင်မ

လေးကိုတောင် သူ ဂရုစိုက်ခဲ့တာ။

အခုဆို…

သပြေက ဒီရွာရဲ့ ကွမ်းတောင်ကိုင်တွေထဲမှာ အလှဆုံးထဲ

ရေပန်းစားနေတဲ့သူ။

"ငါ့ဘက်ကတော့ စိတ်ချပါ တေဇ…ငါ့အသက်နဲ့ခန္ဓာ

တည်မြဲနေသရွေ့ သစ္စာရှိရှိနဲ့ နင့်ကိုပဲ စောင့်မျှော်နေမှာပါ။ နင်သာ

မြို့က ရောင်စုံကောင်မလေးတွေနောက်ကို ပါမသွားမိစေနဲ့"

"စောင့်ကြည့်လေ"

"စောင့်ကြည့်ရင်းနဲ့ပဲ"

တေဇ…သပြေပါးစပ်ကို သူ့လက်ညှိုးလေးနဲ့ ပိတ်လိုက်ပြီး-

"တေဇမောင်ရဲ့ဘဝမှာ သပြေညိုဆိုတဲ့ ချစ်သူတစ်ယောက်

ကလွဲပြီး နောက်ထပ် ဘယ်မိန်းကလေးကိုမှ နှလုံးသားထဲမှာ နေရာ

မပေးနိုင်ဘူး။ အဲဒါကိုယုံ"

"ဟွန်း"

ချစ်မျက်စောင်းလေးက ရင်ထဲမှာ ရေလိုအေး၍ ပန်းလိုမွှေး

စေခဲ့သည်ဆိုတာ အပိုမဟုတ်ပေ။

~~~





## အခန်း (၁၅)

"သာခုကွယ်…သာခု…သာခု…အမေ့သားလေး သွားလေ

ရာလာလေရာ ဘေးမသီရန်မခဘဲ လိုရာခရီးကို ချောချောမောမော

နဲ့ ရောက်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အမေ"

တေဇ ညကားနဲ့ ရန်ကုန်ကိုပြန်ရတော့မှာမို့ မိဘတွေကို

ကန်တော့နေတာပါ။ အမေကတော့ ထုံးစံအတိုင်း မျက်ရည်ကျရပြန်

ပြီပေါ့။

"သား…ကျန်းမာရေးကို ဂရုစိုက်နော်၊ ငွေလိုရင်လည်းမှာ…

ကြားလား၊ ဟိုမှာ မျက်နှာအငယ်မခံနဲ့"

"ဟုတ်ကဲ့ပါ အဖေ"

"ကဲ…သားကြီးရေ…ညီလေးကို လိုက်ပို့လိုက်ပါဦး"
~~~

ဝဏ္ဏက အထုပ်အပိုးတွေကို ဆွဲမယူရင်း ပစ်ပစ် ပြောလေတော့သည်။

"ဒါပဲပေါ့…ပညာမရှိ သူ၏ဝန်ထမ်းတဲ့။ ငါက ဆယ်တန်းတောင် မအောင်တဲ့ကောင်ဆိုတော့ ဆရာဝန်ဖြစ်မယ့်ကောင်ရဲ့ အထုပ်အပိုးတွေ သယ်ရတော့မှာပေါ့"

"ကိုကြီးကလည်းဗျာ…ညီအစ်ကိုချင်း ပြောနေရမယ့်သူတွေ ကျနေတာပဲ။ ကျွန်တော် ဆရာဝန်ဖြစ်တော့ ကိုကြီးက ဆရာဝန်ရဲ့ အစ်ကို မဟုတ်ဘူးလား"

"ဟုတ်သားပဲ ဝဏ္ဏရယ်…နင်ကလေ…ကလေး စိတ်မကောင်းအောင် တော်တော်ပြောတာပဲ"

"ဒေါ်ကြီး မသိဘဲနဲ့ မပြောပါနဲ့…ဒါကြီးက ကလေးလား။ ကျောင်းသာမတက်ရရင် မိန်းမရနေလောက်ပြီ"

"အဲဒီလိုတွေ ပြောနေရအောင် ဘာလဲ…ကိုကြီးက လိုက်မပို့ချင်ဘူးလား။ လိုက်မပို့ချင်လည်း ရတယ်…ကျွန်တော့်မှာလည်း လက်နဲ့ခြေနဲ့ပဲ။ ကိုယ့်ဘာသာကိုယ်ပဲ သွားတော့မယ်"

ပြောပြောဆိုဆိုနှင့် တေဇ အထုပ်တွေကို ဝဏ္ဏလက်ထဲကနေ ပြန်ဆွဲယူပြီး ထွက်သွားလေလျှင်…

"ဟဲ့…ကလေး စိတ်ကောက်သွားပြီ…တွေ့လား… နင့်ကို ကလေး…ကဲ"

"ဒေါက်"





ဒေါ်ကြီးရဲ့ခေါက်ချက်က မပေါ့ပေ။ ဝဏ္ဏခေါင်းကို မှတ်ရင်း တေဇနောက်သို့ ပြေးလိုက်ကာ…

"ညီလေး"

"…………"

"ညီလေး နေပါဦးကွ၊ ကိုကြီးက ချစ်လို့စတာကို"

ဝဏ္ဏ အထုပ်တွေကို အတင်းပြန်ဆွဲယူရပြန်သည်။ ပြီးမှ စ်ခုခုကို သတိရသွားဟန်နှင့်…

"အဲ…ဆိုင်ကယ်မေ့ကျန်ခဲ့ပြီကွ၊ နေဦး…ငါ သွားယူလိုက်မယ်"

"လိုက်လာခဲ့"

ဒါပဲပြောပြီး တေဇက ရှေ့ဆက်လျှောက်သွားလေသည်။ သူ သပြေတို့အိမ်လေးကို အလွမ်းပြေကြည့်သွားချင်သေးတယ်လေ။

"တေဇ"

"……………"

"တေဇ"

"ဟင်"

ခြံထဲကနေ သပြေ ခပ်သုတ်သုတ် ထွက်လာတာကို မြင်လေလျှင်…

"သပြေ"

"ငါ…နင်အလာကို စောင့်ကြည့်နေတာ၊ ရော့…နင် မြို့မှာ

စားချင်စားရအောင် ငါ ငါးတွေကြော်ထားတာ"

"ဒုက္ခရှာလို့ သပြေရယ်"

"နင် မစားချင်ဘူးလားဟင်…နင် မြို့မှာ အစားကောင်းတွေ စားနေရမှန်းတော့ ငါ သိပါတယ်"

"မဟုတ်ပါဘူးဟာ…ငါက နင် ပင်ပန်းမှာစိုးလို့ ပြောတာပါ။ ပေး…ပေး"

သပြေ လက်ထဲကဖန်ဘူးလေးကို တေဇ လှမ်းယူလိုက်သည်။ ထိုစဉ် ဝဏ္ဏဆိုင်ကယ်က ရောက်လာလေလျှင်…

"သပြေ"

"အဟင့်"

"နင် ငါ့ကို စိတ်ချနေပါနော်…ငါ ပြန်လာခဲ့မှာပါ"

"အေးပါ"

"မငိုနဲ့လေ…မငိုပါနဲ့ သပြေရယ်"

"ထိန်းထားလို့မှမရတာ…ဘယ်လိုလုပ်မလဲဟ"

"သပြေရယ်"

တေဇနဲ့ သပြေကိုကြည့်ကာ ဝဏ္ဏ သက်ပြင်းချလိုက်မိသည်။ သူတို့အဖြစ်က နီးမလိုနဲ့ဝေး၊ ဝေးမလိုနဲ့နီး ဘယ်လိုပြောရမှန်းကို မသိတော့ပါဘူး။ မြင်နေရသူအဖို့မှာတောင် စိတ်မကောင်းစရာပါ။

"ကဲ…ငိုမနေပါနဲ့တော့ သပြေရယ်…တေဇက တစ်နေ့ နင့်ဆီကို ပြန်လာမှာပဲဟာ"





"သပြေ ကံကြမ္မာကို မယုံရဲလို့ပါ ကိုဝဏ္ဏရယ်"

"သပြေ"

တေဇ…သပြေလက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး…

"အဲဒီကံကြမ္မာဆိုတာကို ခေါင်းထဲထည့်မထားစမ်းပါနဲ့။ ကံကြမ္မာကို မယုံချင်နေ…ငါ့ကိုတော့ ယုံပါဟာ"

"အေးပါ တေဇရယ်…ငါ ယုံပါတယ်"

ဟူး…လူချင်းလဲသွားလို့ဖြစ်တဲ့ကိစ္စသာဆိုရင် ဝဏ္ဏ တေဇနဲ့ လူချင်းလဲသွားလိုက်ချင်ပါသည်လေ။ မြင်ရတာ စိတ်မချမ်းသာလို့ပါ။

"နင်သွားတော့ တေဇ"

"……………"

"ငါလည်း သွားတော့မယ်"

ပြောပြီး သပြေ…တေဇလက်ကို ဖယ်ချကာ ပြေးထွက်သွားလေတော့သည်။

ငါ…ဘယ်လိုလုပ်ပြီး မေ့နိုင်တော့မှာလဲ သပြေရယ်။

~~~
~~~

## အခန်း (၁၆)

ဒေါ်ဝေမာစန်းတစ်ယောက် သူမ၏ဇာတိ မွေးရပ်မြေမှ အစ်မဝမ်းကွဲရောက်လာသဖြင့် အတိတ်ကအဖြစ်အပျက်တွေကို ပြန်လည်သတိရသွားလေတော့သည်။ တကယ်တော့ သူမက တောသူတစ်ယောက်ပါ။ ကိုဆွေဦးက မြို့ကလေ။ ရွာကို အသိတစ်ယောက်နဲ့ အလည်လိုက်လာရင်း သူမနှင့် ငြိခဲ့ကြတာပါ။

ကိုဆွေဦးဇာတိကလည်း တောပေမယ့် သူ့မိဘတွေက အရမ်းချမ်းသာတော့ မြို့ကို ပြောင်းခဲ့ကြတာတဲ့လေ။ သူတို့နှစ်ယောက်က ဘယ်လိုရေစက်ကြောင့်လည်း မသိပါဘူး။ ဝေမာစန်းကို ကလေးအမေမှန်းသိသိနဲ့ ကိုဆွေဦးက ကြိုက်ခဲ့တာလေ။ သူမကလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျထားသူမို့…





ကလေးအမေသာဖြစ်နေတယ်‥စိတ်ကစားတုန်းပဲလေ။ ကိုဆွေဦးက ရုပ်လည်းချော၊ ချမ်းလည်းချမ်းသာတော့ ပြန်ကြိုက်ခဲ့မိတာပေါ့။ ဆင်းရဲတဲ့ဘဝကနေ ခုန်တက်ချင်တာလည်းပါသည်။ ဒါကြောင့် ဘယ်သူ့မျက်နှာကိုမှ မထောက်ခဲ့တာလည်း ကိုယ်တစ်ကိုယ်ကောင်းဆန်မှန်း သိတော့သိခဲ့သားပဲ။

"ဟဲ့…ဝေမာ"

"ရှင်"

"ညည်းယောကျ်ား ဘယ်သွားလဲ"

"ကုမ္ပဏီသွားတယ်…မမ၊ သူက စီးပွားရေးသမားဆိုတော့ ဒီလိုပဲ သွားလာနေရတာလေ"

"သြော်"

ဒေါ်ရွှေဝင်းတစ်ယောက် ညီမဖြစ်သူ၏လိပ်စာကို စုံစမ်းလို့ရတာနှင့် လိုက်လာခဲ့ခြင်းပါ။ ကိုယ့်ညီမ ဒီလောက်ချမ်းသာမှန်း မသိခဲ့ပါဘူး။ မျက်လုံးက ကြည့်လိုက်တာများ မြင်မြင်သမျှကို အသေးစိတ်ပါ။ အပြင်အဆင်တွေက အဖိုးတန်ပစ္စည်းတွေ…

"သြော်…ဒါနဲ့"

"………………"

"ငါလာတာကို နင့်ယောကျ်ားက ကြိုက်ပါ့မလားဟဲ့ ဝေမာရဲ့…တော်ကြာ နင့်ကို အပြောခံနေရဦးမယ်နော်"

"မပြောပါဘူး မမရယ်…ကိုဦးက သဘောကောင်းပါ

တယ်။ ပြီးတော့ အရာရာမှာ ဝေ့သဘော…ဝေ့စိတ်တိုင်းကျဖြစ်တာ များပါတယ်"

"ဟုတ်လား…အဲဒီလိုဆို တော်သေးတာပေါ့"

လာတုန်းကတော့ တော်ရုံတန်ရုံ ချမ်းသာတယ်ပဲထင်ပြီး ဒေါ်ဌေးဝင်း ဘာကိုမှ မတွေးခဲ့ပေ။ အခုကျတော့ သိမ်ငယ်သလို ခံစားလာရသည်။ ဒီလိုကျတော့လည်း ဝေမာစန်းက လူမိုက်ကံကောင်းလို့ပဲ ပြောရတော့မှာပေါ့။ မိုက်လုံးကြီးသွားတယ်လို့ အားလုံးက ဝေမာစန်းကို အပြစ်တင်ကဲ့ရဲ့ခဲ့ကြတာ မဟုတ်လား။

"မာမီ"

"…………"

"မာမီရေ…ကိုကို ပြန်လာပြီ"

သမီးဖြစ်သူရဲ့ အသံစာစာလေးကြောင့် ဒေါ်ဝေမာစန်း ခါးလေးမတ်သွားလေသည်။

"မာမီ…ကိုကို ပြန်လာပြီ"

နောက်ထပ် အသံနှင့်အတူ မိုးသောက်နဲ့တေဇ ဝင်လာကြလေသည်။

"မောင်တေဇ ပြန်လာပြီ"

"ဟုတ်ကဲ့…အန်တီ…ဒီမှာ မေမေက ငါးပိနဲ့ ငံပြာရည် ထည့်ပေးလိုက်တယ် အန်တီ"

"ဟုတ်လား…ကျေးဇူးပါ မောင်တေဇရယ်၊ မောင်တေဇတို့





ရွာက ငါးပိနဲ့ငံပြာရည်ကို အန်တီက သိပ်ကြိုက်တာကွဲ့… မိုးဖိုချောင်ထဲမှာသာ သွားထားလိုက်…မောင်တေဇ၊ ဒီမှာ အန်တီ မမနဲ့ စကားပြောနေလို့ပါ"

"ဟုတ်ကဲ့ခင်ဗျ"

တေဇနဲ့မိုးသောက် ထွက်သွားကြလေတော့ ဒေါ်ဌေးဝင်းက လိုက်ကြည့်ရင်းမှ…

"ဟဲ့…ဝေမာ"

"ရှင်…မမ"

"သူက နင့်သမီးလား"

"ဟုတ်တယ်…မမ…ကိုဦးနဲ့မွေးတာ သူတစ်ယောက်တည်း ပဲလေ"

ဒေါ်ဌေးဝင်း ညီမဖြစ်သူကို ခပ်တွေတွေ ကြည့်လိုက်မိသည်။ အရင်အိမ်ထောင်နဲ့ရတဲ့ကလေးကို သတိမှရပါလေစ။ မအေဆိုတော့ သတိရတာတော့ ရမှာပေါ့လေ။ မလွဲသာလို့သာ နေရတာပဲဖြစ်မှာပေါ့။ ဦးလေးနဲ့အရီးကတော့ ရှက်လို့ဆိုပြီး ရွာကနေထွက်သွားလိုက်တာ အခုထိ ပြန်ပေါ်မလာတော့ပေ။

သတင်းရပေမယ့် ကိုယ်ကလည်း ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ မသွားဖြစ်ပေ။ သူတို့ကလည်း ကိုယ့်ဆီမလာ။ ဒုက္ခရောက်နေကြ မလား။ အရီးကတော့ ဆုံးသွားပြီလို့ ပြောသံကြားတာပဲ။

"သူတောင် ဒီအရွယ်ရောက်နေပြီဆိုတော့… ဟိုကလေး

လည်း တော်တော်အရွယ်ရောက်ပြီပေါ့။ အိမ်ထောင်တွေဘာတွေ ကျနေပြီလား မသိပါဘူး”

“................”

“ဝေမာ”

“................”

“နင်...ဟိုကလေးကို သတိမရဘူးလား”

ဒေါ်ဝေမာစန်း ချက်ချင်းပဲ မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့လာသည်။ ကိုယ်မွေးထားတဲ့ သားသမီးကို သတိမရတဲ့မိဘ ရှိပါ့မလား လေ။ မလွဲသာလို့ ခွဲခွာနေရပေမယ့် သတိရတာပေါ့။

“ဘယ်လိုပြောလိုက်တာလဲ မမရယ်...သတိရတာပေါ့၊ သူ့ကို သတိရတိုင်း ဒီသမီးလေးကိုပဲ အတိုးချပြီး ချစ်နေရတာပါ”

“အရီးက ဆုံးသွားပြီတဲ့ ဝေမာရဲ့...အေးလေ...အသက်တွေ ကလည်း ကြီးကုန်မှကိုး”

“ရှင်”

ဒေါ်ဝေမာစန်း မျက်လုံးအဝိုင်းသားဖြစ်သွားပြီး မျက်ရည်တွေ လည်းကျလာသည်။ အဖေနဲ့အမေက အသက်သုံးဆယ်ကျော်မှ အိမ်ထောင်ကျကြပြီး ဝေမာစန်းတစ်ယောက်တည်း မွေးခဲ့တာပါ။ ဝေမာစန်းကျတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျပေမယ့် ငယ်သေးတယ်ဆိုပြီး တော်တော်နှင့် ကလေးမယူဖြစ်ပေ။

“အမေ...အမေ ဆုံးသွားပြီ...ဟုတ်လား မမ။ ဒါ...ဒါဆို





အဖေနဲ့ ကျွန်မသမီး ဒုက္ခရောက်နေရှာမှာပေါ့။ အဖေကလည်း အသက်ကြီးနေပြီ”

“သေချာတာပေါ့ ဝေမာ...ဦးလေးကလည်း နာတာရှည်ဖြစ် နေတယ်လို့ ကြားတာပဲ”

ဒေါ်ဝေမာစန်းရင်ထဲမှာ မချိတင်ကဲ ဖြစ်ရလေပြီ။ သူမက မိခင် မပီသ,သလို သားသမီးဝတ္တရားလည်း မကျေပွန်ခဲ့တဲ့ မိန်းမ တစ်ယောက်ပါ။ စည်းစိမ်အဆောင်အယောင်တွေကြားမှာ ဘဝမေ့ နေတဲ့ မိန်းမ။ ကိုယ့်အပျော်နဲ့ကိုယ် ကျေနပ်နေပြီး မိသားစုဆိုတာကို နှစ်စုကွဲခြင်းမှာ ကိုယ်က သာရာဘက် ရပ်နေခဲ့မိတာမဟုတ်လား။

သမီးကို ခွင့်လွှတ်ပါ အဖေ...

သမီးလေးကိုလည်း အခွင့်အရေးရရင် သူမ တောင်းပန်ရဦး မှာပါ။

“မမ”

“ဟေ”

“မမ ကျွန်မကို တစ်ခုလောက်တော့ ကူညီပါ”

“ဘယ်လိုကူညီရမှာလဲ”

“ကျွန်မ အဖေနဲ့သမီးလေးကို တွေ့ချင်တယ် မမရယ်”

“ဒါများ တွေ့ချင်ရင် သွားတွေ့လိုက်ပေါ့အေ”

ဒေါ်ဝေမာစန်း ခေါင်းခါလိုက်မိသည်။ သူမ သွားလို့ဖြစ်မှာ မဟုတ်ဘူးဆိုတာကို သိနေလို့ပါ။ ခရီးဝေးသွားရင် ကိုဦးက ဝေမာ့

ကို သူများနဲ့ လွတ်တာမဟုတ်ပေ။ သူကိုယ်တိုင်ပဲ လိုက်ပို့နေကျ ဆိုတော့ ဒီလမ်းက ကိုဦး လိုက်ပို့လို့မှမဖြစ်တာ။

"ကိုဦးက လွတ်မှာမဟုတ်ဘူး မမ"

"ဟင်"

"သူက လက်ရှိအိမ်ထောင်ဆိုတော့ ပဋိပက္ခတွေ မဖြစ်ချင်ဘူး… မမရယ်"

"ဒါဆို နင်က ဘယ်လိုဖြစ်ချင်တာလဲ"

"ကျွန်မ ဖြစ်ချင်တာကတော့"

ဒေါ်ဝေမာစန်း သူမ ဖြစ်ချင်တဲ့ဆန္ဒကို ပြောပြလေတော့ ဒေါ်ရွှေဝင်းက ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံပေးသည်သာ။

~~~





## အခန်း (၁၇)

"ဟိတ်…ကိုကို"

"အမေ့"

စာဖတ်နေတဲ့ တစ်နောက်ကနေ ခေါ်လည်းခေါ်၊ လည်ပင်းကိုလည်း ဖက်လိုက်တာမို့ ကိုယ်ကြီးတောင့်မတ်သွားလေတော့သည်။

"လန့်သွားတာလား"

"ဘာလုပ်တာလဲ…ဖယ်စမ်းပါ"

"မဖယ်ပါဘူး"

"ဟာ…မိုးသောက်"

"ပြော"
~~~

"ဒီမှာ ငါ စာဖတ်နေတယ်…ဖယ်စမ်းပါ"

"မဖယ်ပါဘူးဆို"

ပြောနေတဲ့စကားသံနဲ့ အသက်ရှူသံက ကိုယ်ပါးနှင့်ထိ
လုမတတ်မို့ တေဇ ကိုယ်ကိုတွန့်လိမ်ပြီး မိုးသောက်လက်တွေ
ဖယ်ချပစ်လိုက်လေသည်။ မိန်းကလေးဆိုတော့ ကြမ်းကြမ်းလ
ဖယ်ချလို့မရဘူးလေ။

"ဘာဖြစ်တာလဲ ကိုကိုရဲ့…ဘာလဲ မိုးသောက်လက်တွေ
နူနေဝဲနေလို့လား"

"နူနေဝဲနေလို့ မဟုတ်ပါဘူး… မသင့်တော်ဘူး
မိုးသောက်၊ မိုးသောက်နဲ့ ကိုကိုက ကလေးတွေမှ မဟုတ်ကြတာ

"ဟာ…ကိုကိုကလည်း အခုထိ တောကစလေ့…တော
အတွေးတွေကို မဖျောက်ဘူး။ ကလေးမဟုတ်တော့ရော ဘာဖြစ်
လည်ပင်းလေးဖက်တာ ဘာဖြစ်သွားမှာမို့လို့လဲ"

"အေး…ဟုတ်တယ်…ငါကတော့ တောခလေ့၊ တော
အတွေးကို မဖျောက်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တောသားဖြစ်
လို့ပဲ…ငါ တောခလေ့ကို ချစ်တယ်"

တေဇ အပြတ်ပဲပြောလိုက်သည်။ မပြောလို့ မရဘူးလေ
ဒီလို လည်ပင်းဖက်တယ်ဆိုတာ မောင်နှမ ဒါမှမဟုတ် ချစ်သူ
ရည်းစားတွေမှလေ။ အခြေအနေချင်းတောင် တူမှမတူတာ
မောင်နှမတွေ ချစ်လို့ဖက်တာက လူမြင်ကွင်း မမြင်ကွင်းမရွေး





ဘယ်သူ့ရှေ့ပဲဖြစ်ဖြစ် တင့်တယ်သည်လေ။

အချိန်မရွေးသလို နေရာဒေသလည်း မရွေးပါဘူး။

ချစ်သူရည်းစားဆိုတာကတော့ နေရာဒေသရွေးရသည်။
သူ့ရှေ့သူ့ရှေ့ဆို မတင့်တယ်လို့ ရှောင်ရသည်လေ။ အခုက ဘယ်သူ
မှ ပတ်ဝန်းကျင်မှာရှိတာမဟုတ်တော့ တေဇ လိပ်ပြာမလုံပေ။

"ဟွန်း…သူကပဲ ကြီးကျယ်နေရသေး။ မိုးသောက်က
ဘယ်ယောကျ်ားလေးကိုမှ အဲဒီလို လည်ပင်းမဖက်ဖူးသေးပါဘူး။
အဲဒီလိုသာလုပ်ပေးရင် ထကမယ့်ကောင်တွေမှ တစ်ပုံကြီးပဲ"

မိုးသောက်က မျက်စောင်းလည်းထိုးရင်း နှုတ်ခမ်းလေးစူကာ
ပြောလေလျှင်…

"အဲဒီတစ်ပုံကြီးထဲမှာ ငါ မပါဘူး…မိုးသောက်ပန်း"

"မပါမှန်းသိပါတယ်…ဒါပေမဲ့ ကိုကို ဂုဏ်ယူသင့်တဲ့
အကြောင်းကို ပြောပြတာ"

"ဘာ"

"ကြားတဲ့အတိုင်းပဲ"

ပြောပြီး မိုးသောက်ပန်း ခြေဆောင့်၍ ထွက်သွားလေတော့
သည်။ သူ့လက်နဲ့ ကိုယ့်လည်ပင်းဖက်တာကို ဂုဏ်ယူရမယ်တဲ့လား။
င် ဘယ်လိုအတွေးအခေါ်မျိုးနဲ့ ပြောလိုက်တာလဲ မိုးသောက်ပန်း။
သူမလက်နဲ့ အဖက်ခံလိုက်ရလို့ ကိုယ့်လည်ပင်းဆီကနေ ရွှေထွက်
လာမယ်ဆိုရင်တောင်…

တေဇဆိုတဲ့ကောင်က ဂုဏ်မယူချင်ပေ။ ဒါ…ကိုယ့်ချစ်သူအပေါ် သစ္စာစောင့်သိခြင်းပါပဲ။

သပြေ…

နှင့်ကို ငါ အရမ်းသတိရနေတယ် သပြေ။ နှင့်ကို ငါ စိတ်ချပါရစေတဲ့။ စိတ်ချပါ သပြေ…ငါ့ရင်ထဲမှာ နှင်ကလွဲပြီး အခြားတစ်ယောက်ဆိုတာ ဘယ်တော့မှ နေရာယူနိုင်မှာ မဟုတ်ပါဘူးဟာ။

"မောင်တေဇ"

"…………"

"မောင်တေဇ"

"ဗျာ…ဗျာ…အန်တီ"

"သမီးနဲ့ မောင်တေဇ ဘာဖြစ်လို့လဲကွယ်"

တေဇ အံ့သြသလို ပါးစပ်က ပွင့်ဟသွားလေသည်။ ဘာဖြစ်လို့မေးတာပါလိမ့်။

"ဘာဖြစ်လို့လဲ အန်တီ…ဘာမှမဖြစ်ပါဘူး"

"ဩော်…"

ကိုယ့်လည်ပင်းကို လာဖက်လို့ စကားများတယ်လို့…ဒီပါးစပ်က ဘယ်လိုပြောထွက်ပါ့မလဲနော်။

"မသိပါဘူးကွယ်…သမီးလေး ငိုနေတာမြင်လို့ပါ။ အဲဒါကြောင့် မောင်တေဇနဲ့ ဘာများဖြစ်သလဲလို့ပါ"

"ဗျာ"





ကိုယ်ပြောလိုက်တာက သူ့အတွက် အဲဒီအထဲမှာ ငိုရလောက်အောင် ဘာများနာစရာပါလို့လဲ။ အမှန်ကို ပြောပြလိုက်ရမလား။ မဖြစ်သေးပါဘူး။

"ဩော်…ဟို…ကျွန်တော် သူ့ကို နည်းနည်းဆူလိုက်မိတယ် အန်တီ…အဲဒါကြောင့် ဖြစ်ပါလိမ့်မယ်"

"ဟင်…ဟုတ်လား"

"ကျွန်တော်က အကြီးဆိုတော့ အမြင်မတော်တာလေး ပြောလိုက်မိတာပါ။ ကိုယ့်ညီမလေးလို သဘောထားလို့ပါ အန်တီ…နောက်ကို ကျွန်တော် ဆင်ခြင်ပါ့မယ်"

"မဟုတ်တာကွယ်…အမြင်မတော်တာရှိရင် ဒီလိုပဲ ဆုံးမရမှာပေါ့၊ ရတယ်…သား…ဘာမှမဖြစ်ဘူး…အန်တီ သွားချော့လိုက်ပါ့မယ်"

ဒေါ်ဝေမာစန်း ထွက်သွားတော့မှ တေဇ သက်ပြင်းကို ဟူးကနဲ မှုတ်ထုတ်လိုက်တော့သည်။

မလွယ်ပါလားနော်…

~~~
~~~

## အခန်း (၁၈)

ထမင်းဝိုင်းမှာ အဘ ထမင်းစားတာ ထမင်းက နည်းနည်းလေးပါ။ လူကြီးဆိုတော့ ရောဂါက နာတာရှည်ပေါ့လေ။ အစားနည်းတယ်ဆိုတာထက် အခု ပိုနည်းနေတော့ သပြေ အဘကိုကြည့်ပြီး ငိုချင်လာမိတော့၏။ ဒါပေမဲ့ မငိုပါဘူး။ အဘမြင်ရင် စိတ်မကောင်းဖြစ်မှာစိုးလို့ပါ။

"အဘ"

"..............."

"ထမင်းစားလို့ မကောင်းဘူးလားဟင်...သပြေ ဘဲဥသွားဝယ်ပြီး ကြော်ပေးမယ်လေ"

"နေပါစေ မြေးရယ်...ခံတွင်းပျက်နေတာဆိုတော့ ဘာပဲစားစား အရသာရှိမှာမှ မဟုတ်တာကွယ်"





"ဒါဆို အားရှိအောင် ကြက်သားနဲ့ဆန်ပြုတ်လေး ပြုတ်ပေးမယ်လေ...အဘ"

"မြေး"

"ရှင်...အဘ"

ဦးတင်ထွေး မြေးမလေးကိုကြည့်ပြီး သက်ပြင်းချလိုက်မိသည်။ သူ့ကျန်းမာရေးမကောင်းတာကြာပြီ။ သူ အလုပ်မလုပ်နိုင်တော့ မြေးမလေးတစ်ယောက်တည်း ရုန်းကန်နေရတာလေ။ ဆေးဖိုးဝါးခနဲ့ စားရေးသောက်ရေးအတွက် တစ်ယောက်တည်း ရှာနေရတာ။

သူ့ခမျာ ပင်ပန်းလှပါပြီ။

"အဘက အသက်ကြီးနေပါပြီကွယ်...သေရမယ့်ရက်ကို ငွေနဲ့ဆက်ပြီး ရွှေ့မနေပါနဲ့တော့။ ငါ့မြေးလေး ဒုက္ခတွေ ကြီးမားလှပါတယ်။ အဘက အဘသေသွားရင် ငါ့မြေးမလေးတစ်ယောက်တည်း ကျန်ခဲ့ရမှာ စိတ်မချတာတစ်ခုပါပဲ။ မဟုတ်ရင် သေပါစေ"

"မဟုတ်တာ အဘရယ်...အဘ အသက်ရှင်ရှင်လေးပဲ ကျန်နေပါစေ မြေးဘဝအတွက် အဘက အကာအကွယ် အတားအဆီးတစ်ခုပါ"

ဦးတင်ထွေး ခပ်ယဲ့ယဲ့ ပြုံးလိုက်မိသည်။ ဘယ်လိုပင် စိတ်မချပေမယ့် ဒီမြေးမလေးကို သူထားခဲ့ရတော့မှာပါ။ ကိုယ့်အခြေအနေ ကိုယ်သိနေတာပဲလေ။ မကြာတော့တဲ့အချိန်မှာ သူ

သွားရတော့မှာပါ။

"ဘထွေးရေ…ဘထွေး"

"……………"

"သပြေ…ဘထွေး"

ခေါ်သံကြောင့် လှည့်ပင်းလေးရှည်ကြည့်လိုက်တော့ ရွာထဲက ဒေါ်အေးမာပါ။ နောက်မှာလည်း ခပ်ဝဝ အမျိုးသမီးတစ်ယောက် ပါလာသည်လေ။

"သပြေ"

"ဒေါ်အေးမာပါလား…သပြေ ရှိပါတယ်၊ ဘာကိစ္စရှိလို့လဲ ဒေါ်အေးမာ"

"ဒီမှာ ဧည့်သည်လာတယ် သပြေ…ဘထွေးကို မေးနေလို့ ငါ ခေါ်လာခဲ့တာပါ"

"ဪ…ဟုတ်ကဲ့…အိမ်ပေါ်ကို တက်ပါရှင်"

သပြေ သင်ဖြူးလေးခင်းပေးတော့ ဧည့်သည်နှင့်ဒေါ်အေးမာ က ထိုင်လေသည်။ ဧည့်သည်ကို ဧည့်ခံစရာဆိုလို့ ရေနွေးကြမ်းပဲ ရှိတာမို့ ရေနွေးကြမ်းသာ ချပေးရသည်။

"ဦးလေး"

"ဟေ"

"ဦးလေး…ကျွန်မကို မှတ်မိလားဟင်"

ဦးတင်ထွေးက ခပ်တွေတွေကြည့်နေတော့ ဒေါ်ငွေးဝင်း





ရှေ့သို့ နည်းနည်းတိုးထိုင်ကာ…

"ကျွန်မ…မငွေးဝင်းလေ ဦးလေးရဲ့… ဦးလေးတူမ မငွေးဝင်းပါ"

"မိငွေး"

"ဟုတ်ပါတယ် ဦးလေး…ကျွန်မ မိငွေးပါ၊ ဦးလေးတို့ ပျောက်ချက်သားကောင်းသွားလိုက်ကြတာ…ထွက်သွားပြီဆို ကတည်းက ရွာကို တစ်ခေါက်မှကို ပြန်မလာတော့တာ တူမလေး တောင် ဒီအရွယ်ရောက်နေပြီနော်"

"မြေး…သပြေ"

"ရှင်…အဘ"

တူမကို ပြန်မပြောဖြစ်ဘဲ ဘထွေး မြေးကိုသာခေါ်ပြီး လေလျှင်…

"မြေး…မှတ်ထား…သူနာမည်က မငွေးဝင်းတဲ့…အဘရဲ့ တူမအရင်း…မြေးရဲ့အဒေါ်ပေါ့"

"ဪ"

သပြေ လှည့်ကြည့်လိုက်တော့ ဒေါ်ကြီးက ပြုံးပြကာ…

"တူမလေး"

"ဒေါ်ကြီး"

ဒေါ်ငွေးဝင်း တူမလေးရဲ့ပါးပြင်လေးကို ကိုင်ကြည့်ပြီး ချက်ရည်လည်ရပါသည်။ ဘဝတွေက ကွာခြားလိုက်တာ။ မိခင်

မေတ္တာရိပ်ကို မခိုလှုံရသည့်အပြင် ဆင်းရဲတော့ ပင်ပန်းရှာမှာပေါ့။ ပစ္စည်းဆင်းရဲ၊ မေတ္တာဆင်းရဲပါလား။ မအေကတော့ အထက်တန်းလွှာဘဝမှာ စိမ်ရစ်နေပြီး…

သမီးလေးကျတော့…

နေပူမရှောင် မိုးရွာမရှောင် ရုန်းကန်နေရတာ ဘယ်လောက်များ ပင်ပန်းလိုက်ပါမလဲ။ သမီးချင်းအတူတူ မိုးသောက်ပန်းကျတော့ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နဲ့ မင်းသမီးလိုနေရတာလေ။ ဒီတူမလေးက ကံဆိုးလိုက်တာ…

"တူမလေး"

"…………….."

"တူမလေးက ယဉ်ယဉ်လေးနဲ့ လှလိုက်တာကွယ်…ဆံပင်တွေကလည်း အရှည်ကြီးပဲနော်"

သပြေရဲ့ဆံပင်ရှည်ကြီးတွေကို ကိုင်ကြည့်လေတော့ သပြေက အပြုံးနှင့် ငြိမ်နေသည်သာ။

"သပြေကလေ…သပြေမှာ အဘနဲ့အဘွားကလွဲရင် ဘာဆွေမျိုးမှ မရှိဘူးလို့ထင်နေတာ။ အခု ဒေါ်ကြီးလာတော့ အရမ်းဝမ်းသာတာပဲ"

"ကလေးရယ်"

ဒေါ်ငွေးဝင်း မျက်ရည်ကို မထိန်းနိုင်တော့ပေ။ ဆွေမျိုးသားချင်းမရှိဘူးလို့တောင် ထင်ထားတယ်တဲ့လား။ မင်းမှာ ဆွေမျိုးတွေ





ရှိပါတယ် ကလေးရယ်…ကလေးရဲ့အမေရင်း ညီမဆိုတာ ရှိနေသေးတယ်။ ဒါကိုသိရင် သူလေး ဝမ်းသာရှာလေမလား။

"အေးလေ…လူချင်းတွေ အဆက်အသွယ်ပြတ်နေကြတော့ တူမလေး ဒီလိုပဲထင်မှာပေါ့။ တူမလေးမှာ ဆွေမျိုးအရင်းအချာတွေ ရှိပါတယ်ကွယ်"

"မိငွေး"

"ရှင်…ဦးလေး"

"နင် ရောက်လာတာနဲ့ အတော်ပါပဲ။ ငါ…ငါ့မြေးလေးအတွက် စိတ်ချလို့ရပြီပေါ့"

"အဘကလည်း…ဘာတွေလျှောက်ပြောဦးမလို့လဲ"

"မပြောလို့ မရဘူး…မြေး၊ အဘ ကြာကြာနေရတော့မှာ မဟုတ်ဘူး"

ပြောပြီး ဦးတင်ထွေး မျက်ရည်တွေကျလာသည်။ ဘဝတစ်လျှောက်လုံး ကံဆိုးခဲ့ရတဲ့ မြေးမလေး…သူ မရှိတော့တဲ့အချိန်မှာ ကံဆိုးခြင်းတွေမှ လွတ်မြောက်ပါစေတော့။ သူ့အမေက ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ။ အခု မိငွေး ရောက်လာပြီး မိငွေးနဲ့ အဆက်အသွယ်ရပြီဆိုတော့ အဲဒေါ်နဲ့တူမ စိတ်ချသင့်သလောက်တော့ စိတ်ချလို့ရပါပြီလေ…

"ဦးလေးရယ်"

"မိငွေး"

"ရှင်…ဦးလေး"

"ငါ…ငါ့မြေးလေးကို နင့်လက်ထဲမှာ အပ်ခဲ့ပါရစေ။ ငါ မရှိတော့ရင် နင် ငါ့မြေးလေးကို စောင့်ရှောက်ပေးနိုင်မလား"

"အဘ"

အဘက လက်ကာပြတော့ သပြေ ဘာမှဝင်မပြောဖြစ်တော့ပေ။

"အခု…ကျွန်မ လာခဲ့တာလည်း ဒီကလေးရဲ့ရှေ့ရေးအတွက် ဦးလေးနဲ့ ဆွေးနွေးဖို့ လာခဲ့တာပါ"

"ဆိုစမ်းပါဦး"

"ကျွန်မ ဝေမာစန်းနဲ့ အဆက်အသွယ်ရနေပြီ ဦးလေး"

"ဘာ"

"သူတို့ ရန်ကုန်မှာပဲနေကြတာပါ ဦးလေး…ကျွန်မတို့ သိထားတာထက် ပိုပြီး ချမ်းသာပြည့်စုံတဲ့ဘဝနဲ့ နေနေရတာပါ"

ဦးတင်ထွေး အောက်နှုတ်ခမ်းကို ခပ်ဖိဖိ ကိုက်လိုက်မိသည်။ အမိုက်မ…ဒင်းကို စိတ်နာလို့ မေ့ထားခဲ့တာ။ ဘာသတင်းမှလည်း မစုံစမ်းခဲ့ပါဘူး။ ဒင်းက ပြည့်စုံချမ်းသာတဲ့ဘဝမှာ ပျော်နေသတဲ့လား။ ကိုယ့်သားသမီးကို မခင်တွယ်တဲ့ မိခင်…ဖြစ်နိုင်ရင် လုံးဝ မပတ်သက်ချင်ပါဘူး။

ဒါပေမဲ့ အခုတော့ မဖြစ်မနေ ပတ်သက်ရတော့မှာပေါ့လေ။ မြေးလေးရဲ့ရှေ့ရေးအတွက်…





"ဦးလေး"

"……………"

"ဝေမာကလေ…ဦးလေးနဲ့ သူ့သမီးသုံးဖို့ဆိုပြီး ငွေသုံးသိန်း ထည့်ပေးလိုက်ပါတယ်။ ပြီးတော့ ဦးလေးနဲ့သူ့သမီးကို တွေ့ချင်တယ်တဲ့"

ဦးတင်ထွေး ဘာမှပြန်မပြောပေ။ ဒေါ်ဌေးဝင်းလည်း ရှေ့ဆက်ရမယ့်စကားအတွက် ဦးလေး ဘာပြောလာမလဲလို့ စောင့်နေမိ၏။ အတန်ကြာမှပဲ…

"ငါ့အတွက် ငွေမလိုဘူး…ပြန်ယူသွား…သပြေကိုတော့ ခေါ်သွားလိုက်ပါ"

"အဘ"

သပြေ အခြေအနေအားလုံးကို ရိပ်စားမိလိုက်တာကြောင့်…

"သပြေ…အဘကိုထားပြီး ဘယ်မှမသွားဘူးနော်။ သပြေ အဘကို ကျေးဇူးဆပ်ဦးမှာ…အဘအနားကနေ ဘယ်မှမသွားဘူး။ အဲဒါ အပြတ်ပြောတာ"

သပြေကလည်း ခပ်ပြတ်ပြတ်ပဲ ပြောလေသည်။ သူမအမေ နာမည် ဝေမာစန်းဆိုတာကို သပြေ သိသည်လေ။ ဒါပေမဲ့ သေသလား၊ ရှင်သလားဆိုတာတော့ မသိပါဘူး။ အခု ဒီနာမည်ကို ကြားလိုက်ပြီဆိုကတည်းက သူပဲဖြစ်မှာပါလို့ တွေးမိသည်။ ဟုတ်ခဲ့ရင် ဝမ်းသာစရာပေမယ့်…

အဘရှေ့မှာ ဝမ်းမသာချင်ပါဘူး။ အဘက အမေ့အကြောင်းကို အဘွားကပြောရင်တောင် မကြိုက်ဘူးလေ။ အဲဒီလောက်အထိကို စိတ်နာနေတာပါ။

"ဒေါ်ကြီး"

"ဟေ"

"ဝေမာဆိုတာက"

"ညည်းအမေလေ သပြေရဲ့…ညည်း…ညည်းအမေကို မတွေ့ချင်ဘူးလား"

သပြေ ဖြည်းညင်းစွာ ခေါင်းခါလိုက်သည်။ အမေဆိုတာနဲ့ ထကချင်လောက်အောင် ဝမ်းသာအားရဖြစ်ပြီး ရင်မခုန်ချင်ပါဘူး။ သပြေဘဝက နေသားကျနေပြီပဲလေ။ အခုမှ အမေက ချမ်းသာတယ်ဆိုပြီး မျှော်လင့်ချက်တွေ မထားချင်ပါဘူး။

"သပြေ့ဘဝမှာ အဘရှိနေရင် အရာအားလုံး ပြည့်စုံပါတယ် ဒေါ်ကြီးရယ်…သပြေ ဒီဘဝမှာပဲ ပျော်ပါတယ်"

"အဟွတ်…အဟွတ်…အဟွတ်"

"အဘ"

အဘ ချောင်းဆိုးတော့ သပြေ အဘကို ကျောနဲ့ရင်ဘတ်ကို သူမလက်ကလေးနှင့် ဖိထားပေးလိုက်သည်။ အဘက ချောင်းဆိုးရင် တော်တော်နဲ့ မပြတ်ဘူးလေ။ ဆိုးပြီးသွားရင်လည်း မောကျန်ခဲ့တာပါ။





"အဟွတ်…အဟွတ်…အဟွတ်"

"အဘ"

"ဦးလေး"

ဦးတင်ထွေး ချောင်းဆိုးရင်း ချောင်းဆိုးသံပင် မထွက်တော့ဘဲ မျက်ရည်တွေ၊ နှပ်တွေ ထွက်လာသည်။ ချောင်းဆိုးတာက မပြတ်တော့ဘဲ အသက်ရှူလို့မရဖြစ်ကာ…

"အဘ…အဘ…ဒေါ်ကြီး လုပ်ပါဦး"

"ဦးလေး…ဦးလေး"

သပြေ့ရင်ခွင်ထဲသို့ ဦးတင်ထွေး ခေါင်းစိုက်ကျသွားလေတော့သည်။

"အမယ်လေး…ဦးလေး…လုပ်ကြပါဦး…ဦးလေး"

"အဘ"

အခြေအနေကို သိလိုက်ကြပြီလေ။ ဒါကြောင့်…

"ဦးလေး….ကျွန်မ ရောက်လာလို့ တူမလေးကို စိတ်ချသွားပြီလား ဦးလေးရယ်"

"အဘ…အဘရေ"

သပြေကမ္ဘာ ဒီတစ်ခါတော့ အပြီးအပိုင် ပြိုပျက်ခဲ့ပါပြီလေ။ နားခိုစရာ ရင်ခွင်ဆိုတာ တစ်သက်စာကိုပဲ ဝေးရပါပြီ။

~~~
~~~

## အခန်း (၁၉)

"ဒီအိမ်ပဲ…တူမလေး"

ဒေါ်ကြီး လက်ညှိုးထိုးပြသော တိုက်ကြီးကို သပြေ တအံ့တသြနှင့် မော့ကြည့်မိသည်။ ဒီလိုတိုက်ကြီးတွေကို သပြေ ဗွီဒီယိုထဲမှာသာ မြင်ဖူးခဲ့တာပါ။ အပြင်မှာ ကိုယ်တိုင် ရောက်ဖူးလိမ့်မယ်လို့ အိပ်မက်တောင် မမက်ရဲပါဘူး။ အမေက ဒီလောက်တောင် ချမ်းသာသတဲ့လား။

"ဒေါ်ကြီး"

"ဟေ"

"အမေက ဒီလောက်တောင် ချမ်းသာသလားဟင်"

"အဲဒါတွေ မေးမနေနဲ့တော့ တူမလေး…ဟိုရောက်ရင် တူမလေး သိရမှာပါ။ ဒေါ်ကြီး ဝင်လိုက်ရင် အဆင်မပြေမှာစိုးလို့ ဝင်မလိုက်တာကို တစ်မျိုးမထင်နဲ့နော်။ ဒေါ်ကြီးမှာတာတွေကို မမေ့နဲ့…ကြားလား"





"ဟုတ်ကဲ့ပါ ဒေါ်ကြီး"

"လောလောဆယ်တော့ သမီး ဒီအိမ်မှာ ဒုက္ခခံချင်ခံရလိမ့်မယ်…သည်းခံပေါ့ကွယ်"

သပြေ ခေါင်းညိတ်ပြလိုက်သည်။ အမေနဲ့ တွေ့ရမယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ဖို့ သတ္တိမွေးထားပြီးသားပါ။

"စိတ်ချပါ ဒေါ်ကြီး…အမေနဲ့ တွေ့ရဖို့အတွက် သပြေ ဒီလောက်တော့ စွန့်စားရမှာပေါ့"

"ပြောသာပြောရတယ်…တူမလေးကို ဒေါ်ကြီး ယုံကြည်ပါတယ်ကွယ်…ပြဿနာတစ်ခုဖြစ်လာရင် ရဲရဲရင်ဆိုင်လိုက်…ရှောင်တခွင်လုပ်တာ လူပျော့လူညံ့တွေရဲ့အလုပ်ပဲ။ ငါ့တူမ…ဘယ်တော့မှ လူပျော့လူညံ့ မဖြစ်စေနဲ့…ကြားလား"

"ဟုတ်ကဲ့ပါ…ဒေါ်ကြီး"

"ကဲ…ဒါဆို ဒေါ်ကြီး သွားတော့မယ်"

ပြောပြီး သူမကို နှုတ်ဆက်ကာ ဒေါ်ကြီးက ငှားလာတဲ့ တက္ကစီပေါ်သို့ တက်သွားလေတော့သည်။ ကားမောင်းထွက်သွားမှ သပြေ ခြံကြီးထဲသို့ ချောင်းကြည့်လိုက်မိသည်။ ခြံထဲက ဒန်းပေါ်မှာ ထိုင်နေတာ ကောင်မလေးတစ်ယောက်ပါလား။ ကောင်မလေးက ချောလိုက်တာ။

အဲဒါထား…

ဒီကောင်မလေးကိုပဲ အကူအညီတောင်းရတော့မှာပေါ့။

“ဟိတ်…ဟိတ်…ဒီမှာ”

“…………….”

“ဒီမှာ…ဒီမှာ”

သပြေ အသံကိုမြှင့်ပြီးခေါ်လိုက်တော့ ကောင်မလေးက ဒန်းပေါ်ကနေ ထလာလေသည်။

“ဒီအိမ်က ဒေါ်ဝေမာစန်းတို့အိမ်မဟုတ်လား”

“မဟုတ်ဘူး”

“ဟင်”

သပြေ မျက်မှောင်လေးကြုတ်သွားကာ…

“ပြောတဲ့သူက ဒီအိမ်ပါလို့ သေသေချာချာ ပြောထားခဲ့တာ။ မမှားနိုင်ပါဘူး”

ကောင်မလေးက သပြေကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ပြုံးစိစိ ဖြစ်သွားလေသည်။ ပြုံးမှာပေါ့…သပြေပုံစံက သနပ်ခါးပါးကွက်နှင့် လျှာထိုးဦးထုပ်ကို ဆောင်းထားပြီး ဝတ်ထားတဲ့ထဘီက တိုတို။ တောသူမှန်း သိသိသာသာကြီးပဲလေ။

“တံပေါကြီး”

“ငါ့နာမည် တံပေါမဟုတ်ပါဘူး‥သပြေညိုပါ”

ဒီလိုပြောတော့ မိုးသောက်ပန်းက ပိုရယ်လေသည်။ ကိုယ်က သူ့နာမည်ကို ပြောတာမှမဟုတ်တာ။

“ငါက နင့်ကို တောပုံကြီးလို့ ပြောတာ တောသူမရဲ…





ဒါတောင် မသိဘူးလား”

“အမယ်…တောပုံက ဘာဖြစ်လဲ၊ ဒါ သဘာဝအတိုင်းပဲလေ…ဘာပကာသနမှ မပါဘူး…သိလား”

“ဟုတ်ပါပြီ…မာမီနဲ့ တွေ့ချင်တာ ဘာကိစ္စလဲ…တွေ့ချင်ရင် အလကားတော့ တွေ့လို့မရဘူးနော်”

“ဟင်…နင်တို့ရန်ကုန်က လူတစ်ယောက်နဲ့ တွေ့ချင်ရင် ရုပ်ရှင်ရုံလို ဝင်ကြေးပေးရသလား”

သပြေ သိသိနဲ့ တမင်ပြောလိုက်တာပါ။

“ပေးရတာပေါ့…ဒါပေမဲ့ ပိုက်ဆံပေးရမှာတော့ မဟုတ်ဘူး”

“ဒါဆို ဘာပေးရမှာလဲ”

“ငါခိုင်းတာ နင် လုပ်ရမယ်”

မိုးသောက်ပန်း တောသူမကို အမြင်ကတ်ကတ်နှင့် ပညာပေးမလို့လေ။ ဒါကြောင့် တမင်ပြောပစ်လိုက်တာပါ။

“ဟူး…တို့ရွာမှာ အိမ်တစ်အိမ်ဝင်ဖို့အတွက် ခွေးကြည့်ပါဦး ပြောရတာပဲ ရှိပါတယ်။ ရန်ကုန်မှာ လူကြည့်ပါဦး ပြောရမလို ဖြစ်နေပြီ”

“ဘာပြောတယ်”

မိုးသောက်ပန်း တောသူမစကားကြောင့် ဒေါသထွက်သွားရလေသည်။ သူမ ရှုးရှုးရဲရဲကြည့်လိုက်တော့ တောသူမက

ခပ်တည်တည်။

"တောက်…တောသူမက လူပါးဝလို့"

"ဒေါ်ဝေမာစန်းနဲ့ တွေ့ရဖို့အတွက် နင်ခိုင်းတာ လုပ်ရမယ် ဆိုလို့ ပြောတာလေ။ ပြောသင့်လို့ပြောတာကို လူပါးဝတယ်ထင်တာ နင့်သဘောပါပဲ"

"ဟုတ်တယ်…ဒေါ်ဝေမာစန်းနဲ့ တွေ့ချင်ရင် နင် ငါ ခိုင်းတာ လုပ်ရမယ်။ မလုပ်ဘူးဆိုရင်တော့ လှည့်ပြန်လိုက်တော့"

သူမကလည်း ခပ်မာမာပဲပေါ့။ စင်ပေါ်နေတဲ့သူက စင်အောက်ကလူကို ချေးကြည့်ပါဦး ပြောစရာလား။ ဒါ ကိုယ့်နယ် နိမိတ်ပဲလေ။

"ကောင်းပြီလေ…နင်ခိုင်းတာကို ငါ လုပ်ပါ့မယ်။ ငါက ဒေါ်ဝေမာစန်းနဲ့ တွေ့ချင်နေတာကိုး…ဘာလုပ်ရမလဲသာ ပြောပါ"

"နားရွက်ကိုဆွဲပြီး ထိုင်ထအခါတစ်ရာလုပ်"

"ဘာ…ထိုင်ထအခါတစ်ရာ…ဟုတ်လား"

"ဟုတ်တယ်"

ထိုင်ထအခါတစ်ရာဆိုသောကြောင့် သပြေ မျက်လုံးပြူးရချေပြီ။ မလုပ်ရင်လည်း ဒီခြံထဲကို ဝင်ရဖို့က မလွယ်ဘူးဖြစ်နေတာ။ အောက်ကျို့တာတွေ အထက်ကျို့တာတွေ ထည့်တွက်နေလို့ မဖြစ်တော့ပါဘူး။

"ဘာလဲ…မလုပ်ဘူးလား"





"လုပ်မယ်…လုပ်မယ်"

သပြေ လက်ထဲက အဝတ်အိတ်ကလေးကိုချပြီး ထဘီကို ပြင်ဝတ်လိုက်သည်။ လုပ်ထားဦးပေါ့ ဆတ်စလူးမရယ်။

"ကဲ…စမယ်…အဆင်သင့်ဖြစ်ပြီလား"

"ရပြီ"

ရပြီဆိုတာနှင့်…

"တစ်…နှစ်…သုံး"

"…………….."

"လေး…ငါး…ခြောက်"

"…………….."

"ခုနစ်…ရှစ်…ကိုး…တစ်ဆယ်"

မြေနိမ့်ရာလှံစိုက်၊ ရေနစ်သူ ဝါးကူထိုးတယ်ဆိုတာ ဒါမျိုးလား။ ကိုယ်က နိမ့်ကျသူမို့ ဒီလိုအခက်အခဲတွေ ကြုံတွေ့ရတာပေါ့လေ။

~~~
~~~

## အခန်း (၂၀)

ဒေါ်စေမာစန်း သမီးဘယ်ရောက်သွားပါလိမ့်လို့ လိုက်ရှာရင်း ခြံထဲသို့ ဆင်းလာခဲ့သည်တွင် ခြံဝမှာ သမီးနဲ့ကောင်မလေး တစ်ယောက် ထိုင်ထလုပ်နေတာကိုမြင်တော့ မျက်မှောင်ကြုတ်သွား လေသည်။ သမီးက မတ်တတ်ရပ်ကာနေ ကြည့်နေပြီး ကောင်မလေး က ထိုင်ထလုပ်နေတာပါ။

ဒါကြောင့် ခပ်သုတ်သုတ် လျှောက်လာခဲ့ပြီး…

"ဟဲ့…သမီး အဲဒါ ဘာလုပ်နေတာလဲ"

"……………"

"ဟိုကလေးမ မလုပ်နဲ့တော့…သမီး…အဲဒါဘာလုပ်နေတာ လဲလို့ မာမီ မေးနေတယ်လေ"





အမျိုးသမီးကြီးရောက်လာမှပဲ သပြေ အသက်ရှူချောင်သွား လေတော့သည်။

"ဒီမှာလေ…သူက မာမီနဲ့ တွေ့ချင်လို့တဲ့။ တံ့ပေါက်ကြီးကို ကြည့်မရလို့ ပညာပေးနေတာ"

"မဟုတ်တာ သမီးရယ်…သူများကို အဲဒီလို မနှိပ်စက် ပါနဲ့"

အမျိုးသမီးကြီးက သပြေကို အကဲခတ်သလို ကြည့်လေ သည်။ အမေဟူသော အသိစိတ်က မခံချင်စိတ်ကို ပြေပျောက်စေ ကာ နှလုံးသားက နူးညံ့ပျော့ပျောင်းသွားလေသည်။ ဟိုတစ်ယောက် ကို ခေါ်လိုက်တာ သမီးတဲ့။ သူက အမေ့သမီးလား။ အမေ့သမီး ဆိုရင်…

သပြေရဲ့ ညီမလေးပေါ့…

ဒုက္ခပါပဲ။ သပြေက သိမှမသိတာ။ သပြေ မချေမင် ဆက်ဆံ မိတာအတွက် ညီမလေး စိတ်ဆိုးပြီး အမြင်မကြည်ဖြစ်တော့မှာပဲ။

"ဒီက သမီးက ဘယ်သူလဲကွဲ့…အန်တီကို တွေ့ချင်တာ ဘာကိစ္စရှိလို့လဲ မသိဘူး…သမီးကို အန်တီ တစ်ခါမှ မမြင်ဖူးပါ ဘူး"

သပြေ ဘယ်ကနေစပြောပြီး ဘယ်လိုဖြေရမလဲ။ တံတွေးကို မျိုချလိုက်ပြီးနောက်…

"ဟို…သပြေက ဘတွေး…အဲ…ဦးတင်ထွေးနဲ့

ဒေါ်မယ်ကြွေရဲ့ မြေးပါရှင်''

''ဟင်''

အမေကို တွေ့တာတောင် အမေလို့ ခေါ်ခွင့်မရသေးတဲ့ သပြေ အဖြစ်က ဘယ်လောက်များဆိုးလိုက်ပါသလဲ။ ဒေါ်ဝေမာစန်းမှာ လည်း အံ့ဩမှင်သက်သွားပြီးမှ ဝမ်းသာရမလိုလို ဝမ်းနည်းရမလိုလို နှင့်ပါ။ ကိုယ့်သမီးအရင်းခေါက်ခေါက်ကို တွေ့တာတောင်မှ ချက်ချင်း သမီးလို့ ဝမ်းသာအားရ ခေါ်ခွင့်မရတဲ့ဘဝပါလား… အနားမှာ မိုးသောက်ပန်းက ရှိနေသည်လေ။

''သြော်…သမီး''

''ရှင်…မာမီ''

''မာမီ သမီးကို လိုက်ရှာနေတာ…သမီး ဒယ်ဒီ ခေါ်နေ တယ်''

''ဟုတ်…မာမီ''

တကယ်လည်း သူ့ဒယ်ဒီက သူ့သမီးဖို့ စိန်လက်စွပ်ဝယ်လာ လို့ ခေါ်နိုင်းတာလေ။ ဒီတော့ အဆင်ပြေသွားတာပေါ့။ မိုးသောက် ပန်း ထွက်သွားလေတော့မှ ဒေါ်ဝေမာစန်း တံခါးအပြင်သို့ထွက်ကာ သပြေကို ဆွဲခေါ်ပြီး အုတ်တံတိုင်းအကွယ်သို့ ရောက်လေလျှင်…

''ဒါဆို…သမီးက သပြေညိုပေါ့နော်''

''ဟုတ်ပါတယ် မေမေ…ဒီမှာလေ…မေမေ မယုံမှာစိုးလို့ ဆိုပြီး ဒေါ်ကြီးမရွှေဝင်းက စာရေးပေးလိုက်ပါတယ်။ အခု ဒီကို





လိုက်ပို့တာလည်း ဒေါ်ကြီးပဲ လိုက်ပို့တာပါ။ သူပါလိုက်ရင် မေမေ့ ယောကျ်ား ရိပ်မိမှာစိုးလို့ဆိုပြီး စောစောကပဲ ပြန်သွားတာပါ''

''သမီး…သမီးလေးရယ်''

''မေမေ''

သားအမိနှစ်ယောက် တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ဖက်ထားမိကြသည်။

အတန်ကြာမှ လူချင်းခွာလိုက်ကာ…

''သမီး…သမီးအဘိုးရော နေကောင်းရဲ့လား''

သပြေ မျက်နှာလေးညှိုးသွားကာ…

''အဘ ဆုံးသွားပါပြီ မေမေ''

''…………….''

''အဘ ဆုံးသွားလို့လည်း သမီး ဒီကိုလာဖြစ်တာ။ နေရေး စားရေးဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ လာခဲ့တာတော့ မဟုတ်ပါဘူး။ နိုလှုံစရာ ရင်ခွင်တစ်ခု…''

''သမီးရယ်''

ဒေါ်ဝေမာစန်း သမီးကိုဖက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလေ တော့သည်။ သူမရဲ့မိုက်ပြစ်တွေပါ။ သူမ တစ်ကိုယ်ကောင်းဆန်ခဲ့ လို့သာ ဒီသမီးလေး ဒုက္ခရောက်ရတာပေါ့။

''ဒါဆို…သမီး မေမေနဲ့ အတူတူနေဖို့ လာခဲ့တာပေါ့နော်''

''ဟုတ်ပါတယ် မေမေ…လူမှန်းသိတတ်စအရွယ်ကတည်း

က ဝေါ်မွတ်တောင့်တခဲ့တဲ့ မေမေ့မေတ္တာကို တောင်းခံဖို့ လာခဲ့တာပါ"

"သမီးရယ်"

ဒေါ်ဝေမာစန်းသည် မိဘမေတ္တာ ဝေါ်မွတ်နေခဲ့ရရှာသော သမီးကို သနားလိုက်ပါဘိ။ သူမ မိခင်တာဝန်မကျေပွန်ခဲ့သမျှ အတိုးချပြီး ပေးဆပ်ချင်ပါသည်။ ဒါပေမဲ့ အခြေအနေနဲ့အချိန်အခါက ဒီလိုအခွင့်အရေး မပေးပေ။ ဘယ်လိုလုပ်ရမလဲ…

"မေမေ့သမီးလေး ကံဆိုးလိုက်တာ…သမီးနဲ့ မေမေ အတူနေရဖို့က မခက်ပါဘူးကွယ်။ ခက်နေတာက…"

ဒေါ်ဝေမာစန်း ရှေ့ဆက်ရမယ့်စကားအတွက် ဘယ်လို အင်အားမျိုးနဲ့ ပြောထွက်ရက်မှာလဲ။ နေပူထဲကလာတဲ့သူကို ရင်ဝ ခြေစုံကန်တာမျိုးဖြစ်မယ့်စကားမို့ မပြောချင်ပါဘူး။

"မေမေ့ဘက်မှာက သမီးနဲ့ သူစိမ်းတွေ"

စကားကို ဖြတ်ထားပြန်ပြီလေ။ ဒါကို သပြေ သဘောပေါက်ရှာ…

"ရှေ့ဆက်ရမယ့်စကားကို မေမေ ပြောမထွက်ဘူးမဟုတ်လား။ သမီး သဘောပေါက်ပါတယ် မေမေရယ်…မေမေလို့ ပိုင်ပိုင်နိုင်နိုင် ခေါ်ခွင့်မရရင်လည်းနေပါစေ။ သမီး မေမေ့မျက်နှာကို မြင်နေခွင့်ရမယ်ဆိုရင် မေမေ့နောက်က လိုက်ခွင့်ရတဲ့ ခွေးတစ်ကောင်ဖြစ်ရလည်း သမီး ကျေနပ်နေမှာပါ"





"သမီးရယ်…မေမေ့ကို သမီး နားလည်ပေးပါနော်"

သပြေ ခေါင်းလေးညိတ်လိုက်ပြီး…

"မေမေ ခွင့်ပြုမယ်ဆိုရင် သမီး မေမေတို့အိမ်မှာ အိမ်ဖော်တစ်ယောက်အဖြစ်နဲ့နေပါ့မယ်။ ထမင်းနပ်မှန်အောင် စားရပြီး ကျောချစရာနေရာရရင် တော်ပါပြီ။ မေမေ…သမီးအတွက် ဘာလစာမှ ပေးစရာမလိုပါဘူး"

ကိုယ့်သမီးကို အဲဒီလိုဘဝမျိုး မဖြစ်စေချင်ပေမယ့် အခြေအနေက ဒီလိုပဲပေးလာတော့ ဘာတတ်နိုင်မှာလဲလေ။

အဖေနဲ့အမေ…

သမီးအမိုက်မကို ခွင့်လွှတ်ကြပါတော့နော်။ သမီးရဲ့မိုက်ပြစ်တွေက အခု သမီးကို ပြန်ပြီးဒဏ်ခတ်လိုက်ကြပါပြီ။

## အခန်း (၂၁)

ညစာထမင်းဝိုင်းတွင် စကားပြောသံ၊ ရယ်သံ၊ ခွန်းသံတို့နှင့် အသံက စုံစုံလင်လင်ပါ။ ခါတိုင်းက ဒေါ်ဝေမာစန်းကိုယ်တိုင် ချက်တာပေမယ့် ဒီညစာကတော့ သပြေ ချက်တာပါ။ ဒေါ်ဝေမာစန်းက ပါးစပ်က နည်းနည်းပါးပါး ပြောပေးရုံပါပဲ။

“အင်း…တောသူဆိုပေမယ့် လက်ရာကတော့ မဆိုးဘူးဟ…စားလို့ကောင်းတယ်…ဝေ ဘာတွေသင်ပေးရသေးလဲ”

“သင်ပေးရင် ဒီနေ့မှရောက်တယ်…ဒီနေ့ပဲ တတ်ပါ့မလား ကိုဦးရဲ့…နည်းနည်းပါးပါးပဲ ပြောပြရတာပါ”

“ဟုတ်လား”





“လက်ရာကတော့ ကောင်းပါတယ်၊ ဒက်ဒီရယ်…လူက ကြည့်ရတာ ထောင့်မကျိုးဘူး…အမြင်ကိုကတ်တယ်”

“ဟဲ့…သမီး…သူများကို အဲဒီလိုမပြောရဘူးလေ။ သူတစ်ပါးကို နှိမ့်ချဆက်ဆံတာကို မေမေ မကြိုက်ဘူးနော်”

ဒေါ်ဝေမာစန်း ပြောလိုက်ပေမယ့် မိုးသောက်ပန်းက မကျေမချမ်းနှင့်သာ။

“မာမီက ဘာသိလို့လဲ…အဲဒီတောသူမ စကားပြောရင် သိပ်လူပါးဝတာ မာမီရဲ့”

“ဝေ”

“ရှင်…ကိုဦး”

“သမီးနဲ့ မင်းကောင်မလေး အစေးမကပ်ဘူးထင်တယ်နော်၊ ကြည့်လည်းလုပ်ဦး”

“အစေးမကပ်တာတော့ မပြောနဲ့ ဒက်ဒီရေ…စတွေ့ကတည်းကကို မျက်မုန်းကျိုးတာ”

မိုးသောက်ပန်းက နှုတ်ခမ်းလေးမဲ့၍ ပြောလေသည်။ သူမက တကယ့်ကို ကြည့်မရဖြစ်နေတာလေ။

“အဲဒီလိုတော့ မပြောပါနဲ့ သမီးရယ်…သူက စိတ်ရင်းလေး ကောင်းရှာပါတယ်”

“စိတ်ရင်းလေးက ကောင်းရှာပါတယ်ဆိုတော့ စိတ်များက မကောင်းဘူးလား အန်တီရဲ့”

တစ်ချိန်လုံး စကားမပြောဘဲငြိမ်နေတဲ့ တေဇ…ခုမှပဲ ဝင်နှောက်လိုက်မိသည်။ စကားလမ်းကြောင်းလွှဲပေးတဲ့သဘောပါပဲ။ မဟုတ်ရင် မိုးသောက်က ဟိုတစ်ယောက်ကို ဘာတွေမကောင်းကြောင်း ထပ်ပြောဦးမယ်မှ မသိတာ။

"စိတ်ဖျားကလည်း ကောင်းပါတယ် မောင်တေဇရဲ့… သူ့ခမျာ အားကိုးမရှိလို့သာ လုံခြုံမှုရှိအောင် ဒီအလုပ်ကို ဝင်လုပ်နေတာပါ။ တကယ်ဆို သူ့ရုပ်သူ့ရည်လေးနဲ့ ဒီအလုပ်က မတန်ပါဘူးကွယ်"

"မာမီကလည်း သူ့နဲ့ ဒီအလုပ်တန်လို့ပဲ လုပ်ရတာပေါ့။ မတန်ရင် ဘာမှလုပ်စရာအကြောင်းမရှိဘူး"

သမီးငယ် အဲဒီလိုပြောလိုက်တိုင်း ဒေါ်ဝေမာစန်းရင်ထဲမှာ စူးကနဲ၊ နင့်ကနဲနှင့် ခံစားရသည်သာ။ သမီးချင်းအတူတူ ဘာလို့များ ဘဝခြားပေးရတာလဲ ကံကြမ္မာရယ်။ အင်း…ကံကြမ္မာမဟုတ်ဘူး။ ဒါ…ကိုယ့်ရဲ့အသုံးမကျမှုတွေကြောင့်။ အစကတည်းက ဒီသမီးကို လက်ခံနိုင်ဖို့ ကိုဦးကို ပြောခဲ့ရမှာ။

ကိုယ့်မိသားစုနဲ့ အဆက်အသွယ်လုပ်ခဲ့ရမှာ။ အခုတော့… ကိုယ့်အသိတရားတွေက နောက်ကျသွားခဲ့ပါပြီ။

"လာနေပါပြီ…မာမီ တံ့ပေါကြီး"

မိုးသောက်ပန်း ပြောလိုက်တာကြောင့် တေဇ လှည့်ကြည့်လိုက်မိရာတွင်…





"ဟင်"

ဟုတ်ရဲ့လား…ဟုတ်ရဲ့လား…သူ အိပ်မက်မက်နေတာများ လား။

"သပြေ"

ခေါ်သံက လည်ချောင်းထဲတွင်သာ။ အံ့သြလွန်း၍ နှုတ်မှ အထိတောင် ထွက်မလာနိုင်တော့ပါလား။ မှားစရာလည်းအကြောင်း မရှိပါဘူး။ ကိုယ့်ရင်ထဲမှာ ထာဝရ မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့ရတဲ့ သပြေ။

"သပြေ…ဘာလုပ်ပေးရဦးမလဲ အန်တီ"

"ရတယ်…သပြေ…သပြေရော ထမင်းစားတော့လေ"

"ဟုတ်ကဲ့…ပြီးရင် သပြေ စားမှာပါ"

သပြေတဲ့။ ဒါထက် သေချာတာ ဘာရှိဦးမှာလဲ။ နာမည်ရော လူရော ထပ်တူကျအောင် တူတာမျိုးမှ မရှိပဲလေ။ သပြေ လှည့်ထွက်သွားတော့…

"သပြေညို"

"…………"

"ဒီကို ခဏပြန်လာဦး"

မိုးသောက်ပန်းက ပြန်ခေါ်တော့ သပြေ ပြန်လှည့်လာကာ…

"ညီမလေး…ဘာခိုင်းမလို့လဲဟင်"

"ငါ့အခန်းထဲမှာ မလျှော်ရသေးတဲ့ အဝတ်တွေရှိတယ်။ နင်

ရှိနေပြီဆိုတော့ သူများကို ငှားလျှော်စရာမလိုတော့ဘူးပေါ့။ အဲဒါ လျှော်လိုက်ဦး''

သပြေ ခေါင်းလေးညိတ်ပြီး လှည့်ထွက်မည်အပြုတွင်…

''ဩော်…နေဦး…တစ်ခါတည်း မှာထားရဦးမယ်။ နောက်ကို နှင် ငါ့ကို ညီမလေးလို့ မခေါ်ပါနဲ့။ မမလေးလို့ပဲ ခေါ်ပါ။ ငါပြောရင်လည်း ရိုရိုသေသေနဲ့ ဟုတ်ကဲ့လို့ပြော…ကြားလား''

ကြားရတာ နားဝမှာ မချမ်းသာစရာပါလား။ နှင် ဒီကိုရောက်လာတာ ငါ ဝမ်းသာရမလား၊ ဝမ်းနည်းရမလားဟာ။ ကိုယ့်ချစ်သူကို သူများက နှိမ့်နှိမ့်ချချ ပြောဆိုဆက်ဆံနေတာကို မြင်ရကြားရတာ ဘယ်လောက်ခံရခက်လိုက်ပါသလဲ။ နည်းနည်းပါးပါး ငါ့ဘက်ကိုများ လှည့်ကြည့်ပါဦးလား သပြေရယ်။

''ဟဲ့…ငါပြောတာ ကြားရဲ့လား''

''ဟုတ်…ဟုတ်ကဲ့…ကြားပါတယ်''

''သမီးကလည်းကွယ်''

''ကြားရင် သွားတော့''

သူ့ကို အခုထိ လှည့်မကြည့်တဲ့ သပြေကို တေဇ စိတ်တိုမိပါသည်။ သူ လှည့်မကြည့်လည်း သိအောင် ကိုယ်ပဲခေါ်ရတော့မှာပေါ့။ မခေါ်ဘဲမှ မနေနိုင်ပဲလေ။

''သပြေ''

''………''





''သပြေ''

သပြေ လှည့်ကြည့်လိုက်ပြီး…

''ဟင်''

''သပြေ''

''နှင်…နှင်…တေဇ''

တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ပြုံးရမလိုလို၊ မဲ့ရမလိုလိုဖြစ်နေစဉ်…

''ကိုကိုနဲ့ သပြေက သိနေကြတာလား''

''သိရုံတင်ဘယ်ကပါ့မလဲ မိုးသောက်ရယ်… သပြေနဲ့ကိုကိုက''

''သူငယ်ချင်းတွေပါ မမလေး…တေဇနဲ့သပြေက တစ်ရွာတည်းသားသူငယ်ချင်းတွေပါ''

တေဇ မျက်နှာပျက်သွားလေသည်။ ကိုယ်က အမှန်အတိုင်းပြောမလို့ဟာ…သူက ဘာလို့ ဖုံးကွယ်ချင်ရတာလဲ။ ကိုယ့်ချစ်သူရဲ့ အခက်အခဲတွေကို ကိုယ်က မားမားမတ်မတ်ရပ်ပြီး ဖြေရှင်းပေးချင်သူ။ အခု သူက စကားကို ပိတ်ပစ်လိုက်တော့…

ကိုယ်က ဘာဆက်ပြောရတော့မှာလဲ။

''ဒါဆို သူငယ်ချင်းတွေ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ကြတာကောင်းတာပေါ့ကွာ''

အန်ကယ်လ် ဝင်ပြောလေတော့ တေဇလည်း အလိုက်အထိုက်သာ…

"ဟုတ်တယ်…အန်ကယ်လ်…သပြေနဲ့ကျွန်တော် ငယ်ငယ်ကတည်းက ကစားဖော်ကစားဖက်တွေပါ"

"ဟွန်း…ဆုံလည်းဆုံတတ်ကြပါ့"

မိုးသောက်က မကျေနပ်ပုံလေးနှင့် ပြောလေသည်။ ဒါ…သူငယ်ချင်းလို့ ပြောတာပဲရှိပါသေးတယ်။ သပြေကိုကြည့်မရတာ သက်သက်နဲ့ပဲ ဒီလိုပြောတာလား။ ချစ်သူလို့ ပြောလိုက်ရင် ဒီထက်များ အခြေအနေဆိုးစွာ ဆက်ဆံခံရမလား။ သပြေ မတွေးတတ်တော့ပါဘူးလေ။

"ကဲ…သပြေ"

"ရှင်"

"ဘာလုပ်စရာရှိသေးလဲ…သွားလုပ်လေ"

"ဟုတ်ကဲ့ပါ…အန်တီ"

သပြေ လှည့်ထွက်လာခဲ့ပြီး စိတ်မောစွာ သက်ပြင်းချလိုက်မိတော့သည်။

ရှေ့ဆက် ဘာတွေဖြစ်ဦးမလဲဆိုတာ…

~~~





## အခန်း (၂၂)

ယနေ့…

တေဇ ကျောင်းမတက်ပေ။

ခေါင်းကိုက်လို့ဆိုပြီး စမ်းသပ်လို့မရတဲ့ရောဂါကို အကြောင်းပြ၍ အိပ်ရာထဲမှာ ခွေနေတာပါ။ ဒါကို တကယ်ထင်ပြီး မိဝေးဖဝေးနေရတဲ့ တေဇကို ဒေါ်ဝေမာစန်းက ကရုဏာသက်စွာနှင့် အခန်းထဲဝင်လာပြီး နဖူးကို စမ်းကြည့်ကာ…

"မောင်တေဇ…နေမကောင်းလို့ဆို…ကိုယ်ကတော့ မပူပါဘူး။ ဘာဖြစ်တာလဲကွဲ့"

"အခြားဘာမှ မဖြစ်ပါဘူး အန်တီ…ခေါင်းတွေ အရမ်းကိုက်နေတာပါ"
~~~

“ဒါဆို…ဆေးသောက်လေ…သားရဲ့၊ ဒါမှမဟုတ် ဆေးခန်း သွားမလား”

“ရပါတယ် အန်တီ…ကျွန်တော် ဆေးသောက်လိုက် ပါ့မယ်”

“အေး…အေး…ဆေးသောက်ပြီး အိပ်နေလိုက်ပေါ့ကွယ်။ အန်တီ အပြင်သွားစရာလေးရှိလို့ သွားလိုက်ဦးမယ်နော်”

“ဟုတ်ကဲ့ပါ အန်တီ”

ဒေါ်ဝေမာစန်း ထွက်သွားတော့မှ တေဇ ပြုံးလိုက်မိသည်။ ကိုယ့်လုပ်ရပ်ကို သဘောကျလို့လေ။ ဒီနေ့ ဒေါ်ဝေမာစန်းတို့ အပြင် သွားစရာရှိတာသိလို့ ဒီလို တမင်ညာထ်များလိုက်တာပါ။ သူ သပြေနဲ့ အရမ်းတွေ့ချင်နေသည်လေ။ တစ်အိမ်တည်းမှာ အတူနေကြ ပြီး မြင်သာမြင်ရ မကြင်ရသည့်ဘဝပါ။

သပြေနဲ့ နှစ်ယောက်တည်း တွေ့ရဖို့အခွင့်အရေးက လွယ်မှ မလွယ်ပဲလေ။ မိုးသောက်ပန်းက သိပ်အလစ်ပေးတာမှ မဟုတ်တာ။ သပြေနဲ့တွေ့ပြီး တေဇ စကားတွေအများကြီး ပြောချင်သည်။ ဒေါ်ဝေမာစန်း ထွက်သွားပြီထင်ပါရဲ့။ ကားသံကြားသည်လေ။ ဒီတော့မှ တေဇ အခန်းထဲက ထွက်လာခဲ့ပြီး သပြေကို ရှာလေ သည်။

ဟော…တွေ့ပါပြီ။

သပြေက မိုးသောက်ပန်းရဲ့ဖိနပ်တွေကို တိုက်ပေးနေတာပါ။





ဒီမြင်ကွင်းကို တေဇ ဘယ်လိုနှလုံးသားမျိုးနဲ့ ကြည့်ရက်မှာတဲ့လဲ။

“သပြေ”

“ဟင်”

“ငါနဲ့…လိုက်ခဲ့”

“တေဇ”

“ထဟာ”

တေဇက သပြေလက်ကို ဆွဲခေါ်လေတော့…

“တေဇ…နင် ဒါဘာလုပ်တာလဲ။ ငါ့လက်ကို လွှတ်စမ်း”

သပြေ လက်ကိုရုန်းသော်လည်း တေဇက လွှတ်မပေးပေ။ ဇရမက ဆွဲခေါ်လာခဲ့သည်လေ။ ဆွဲခေါ်လာတာက မီးဖိုချောင်ထဲကို ပါ။

“တေဇ…နင် ဘယ်လိုဖြစ်နေတာလဲ။ ငါ့လက်ကို လွှတ်စမ်း ပါ”

“မလွှတ်ဘူးဟာ…လက်ကလေးကိုင်တာများ ကိုက်စားမှာ ကျနေတာပဲ။ ကိုယ့်ချစ်သူလက် ကိုယ်ကိုင်တာ ဘာဖြစ်လို့လဲ”

သပြေက မျက်စောင်းလေးထိုးကာ…

“ဒါတော့ဒါပေါ့ တေဇရဲ့…ဒါပေမဲ့ နေရာဒေသကိုကြည့်ဦး မှပေါ့။ နင် သိပ်အတင့်မရဲနဲ့နော်။ တော်ကြာ…ငါ ဒီအိမ်ပေါ်ကနေ ခေါင်းနဲ့ဆင်းနေရပါဦးမယ်ဟယ်”

တေဇ ဘာမှပြန်မပြောဘဲ သပြေမျက်နှာလေးကိုသာ စိုက်ကြည့်နေမိသည်။ ဝေးကွာနေခဲ့ရတဲ့ရက်တွေအတွက် အရမ်းလွမ်းနေခဲ့ရတာပါ။ တေဇအကြည့်ကို ရင်မဆိုင်နိုင်စွာ သပြေ မျက်နှာလွှဲသွားလေတော့…

"သပြေ"

စောစောက မာဆတ်ဆတ်အသံက အခုတော့လည်း တိုးညှင်းပျော့ပျောင်းစွာ…

"စောစောက နင် မိုးသောက်ပန်းရဲ့ဖိနပ်တွေကို တိုက်နေရတာမြင်တော့ ငါ မခံစားနိုင်ဘူးဟာ…နင် ဒီအိမ်မှာ မနေပါနဲ့တော့နော်…ဒီလိုမျိုးတွေလုပ်ရတာ ငါ မကြည့်ရက်ဘူး…သပြေ"

"ဒီအိမ်မှာမနေလို့ ငါက ဘယ်မှာသွားနေရမှာလဲ တေဇရဲ့…ဒါ…ငါ့အတွက် လုံခြုံစိတ်ချရတဲ့နေရာလေ"

"နင့်ကို ငါ လက်ထပ်မယ်…သပြေ၊ ဖြစ်ချင်ရာဖြစ်တော့ဟာ…ဒီလိုအိမ်ဖော်ဘဝနဲ့တော့ နင့်ကို ငါ မမြင်ချင်ဘူး။ နင် ငါနဲ့ လိုက်ခဲ့တော့"

"ငါက ဘယ်ကိုလိုက်ရမှာလဲ"

"ငါနဲ့ ခိုးရာလိုက်ခဲ့"

"ဟာ…မဟုတ်တာ"

သပြေမျက်နှာလေး ရှက်သွေးဖြာသွားလေတော့သည်။ ရှက်ရှက်နှင့် ထွက်ပြေးဖို့ ကြိုးစားပေမယ့် မရပါဘူး။ လျှင်မြန်စွာနဲ့





တေဇ လက်တွေက သူမကိုယ်လေးကို ဖမ်းဆုပ်ချုပ်နှောင်ထားသည်လေ။

"နင် ငါနဲ့လိုက်ခဲ့မယ်မဟုတ်လား…သပြေ"

"မဖြစ်ပါဘူး တေဇရယ်…နင်က ကျောင်းဆက်တက်ရဦးမှာမဟုတ်လား…ပြီးတော့"

"ပြီးတော့…ဘာဖြစ်လဲ"

"ဘယ်လိုဘဝနဲ့ပဲ နေရနေရ ငါ ဒီအိမ်မှာနေရတာ ကျေနပ်ပါတယ်။ ဒီအိမ်ကနေ ငါ ဘယ်ကိုမှ ထွက်မသွားနိုင်ဘူး တေဇ…ဘာကြောင့်လဲဆိုတာကိုတော့ နင် ငါ့ကို မမေးပါနဲ့"

ထူးဆန်းတဲ့ သပြေ့စကားကြောင့် တေဇ တွေဝေသွားလေသည်။ သပြေမှာ သူ မသိတဲ့ ဘာအကြောင်း ဘာလျှို့ဝှက်ချက်တွေများ ရှိနေပါလိမ့်။

"နင် ငါ့ကို မချစ်ဘူးလား သပြေ…ငါနဲ့ အတူတူမနေချင်ဘူးလားဟင်"

"ကိုယ့်ချစ်သူနဲ့ အတူတူမနေချင်တဲ့သူ ရှိပါ့မလား တေဇရယ်…အတူတူ နေချင်တာပေါ့။ ဒါပေမဲ့ အချိန်တွေ အများကြီးရှိပါသေးတယ်ဟယ်…အခုလည်း တစ်အိမ်တည်းမှာ အတူတူနေရတာမဟုတ်လား"

"မတူဘူးလေဟာ…တစ်အိမ်တည်းမှာ အတူတူနေရတာပေမယ့် အခုက မလွတ်လပ်ဘူးလေ…အတူနေရတာချင်း မတူဘူး။

ဘယ်လိုပြောရမလဲ…ကျွတ်"

တေဇ ကျွတ်ကနဲလုပ်ပြီး ခေါင်းကိုကုပ်လေတော့ သပြေက ပြုံးလေသည်။

"ကဲပါ…မပြောတတ်ရင်လည်း မပြောနဲ့တော့၊ ဒီနေ့ ဘာလို့ ကျောင်းမတက်တာလဲ…ပြော"

"နင်နဲ့ တွေ့ချင်လို့လေ…ခေါင်းကိုက်လို့ဆိုပြီး ကျောင်းမတက်ဘဲနေတာ"

"လူလည်ကြီးပါလား"

"နင့်ကိုချစ်လို့ လည်တတ်သွားတာလေ"

သပြေ…တေဇကို ခပ်တွေတွေလေး ကြည့်လိုက်မိသည်။ တေဇက ချောသည်။ ပြီးတော့ ဆရာဝန်လောင်းတစ်ယောက်။ ကိုယ်နဲ့ တန်ပါရဲ့လားလို့ တွေးမိတော့…

"တေဇ"

"ဟင်"

"နင်…နင်နဲ့ လိုက်ဖက်ညီမယ့် မိန်းကလေးတစ်ယောက်ကို ချစ်နိုင်အောင် ကြိုးစားကြည့်ပါလားဟင်"

"ဘာ"

"…………"

"သပြေ"

တေဇ…သပြေ့ပခုံးကို ဆုပ်ကိုင်လိုက်ပြီး…





"နင်…ငါ့ကို အထင်သေးတာလား သပြေ"

"အထင်မသေးလို့ ငါ ဒီစကားမျိုးပြောတာပေါ့ တေဇရဲ့"

"မဟုတ်ဘူး…ငါပြောတာက ငါ့အချစ်ကို အထင်သေးတာလားလို့…နင် ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း သပြေ"

သပြေ ပြောမိတာမှားပြီလား။ တေဇ မျက်နှာပေါ်မှာ ဒေါသ ရိပ်တွေ။

"အချစ်ဆိုတာကို အဲဒီလိုပဲ ဟိုပြောင်းဒီရွှေ့ လုပ်လို့ ရသလား…ငါ့ရင်ထဲမှာ နင်တစ်ယောက်တည်းပဲရှိတာ။ နင့်နေရာ မှာ ငါ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူး။ ငါ့ရဲ့ ပထမဦးဆုံးချစ်သူ က သပြေညိုဖြစ်သလို နောက်ဆုံးချစ်သူကလည်း သပြေညိုပဲ ဖြစ်စေရမယ်ဆိုတာ နင် မြဲမြဲမှတ်ထား"

သပြေ ဘာပြောရမလဲ တေဇရယ်…

"ငါ…ကုန်ကုန်ပြောမယ်ဟာ…ငါ့ဘဝမှာ နံပါတ်စဉ်တိုင်း က သပြေညိုပဲ"

ဒီလိုကျပြန်တော့ သပြေ…တေဇကို သနားသွားမိလေတော့ သည်။ ကြည့်စမ်းပါဦး…ပြောရင်းက တေဇ မျက်ရည်တွေဝဲလာ သည်လေ။ ယောကျ်ားတန်မဲ့ မျက်ရည်လည်ရသည်အထိ သပြေကို ချစ်သတဲ့လား။ ပြောသာပြောရတယ်…တေဇအချစ်ကို သူမ ယုံပါ သည်။

သူမကိုယ်တိုင်ကလည်း…တေဇအပေါ်မှာ ရင်နင့်အောင်

ချစ်ခဲ့ရသူပါ။

"တေဇ"

"ဘာလဲ"

"ထူးပုံကြီးကလည်းဟယ်…ဘာလဲ ငါ့ကို စိတ်ဆိုးသွားတာလား"

ခပ်ဆောင့်ဆောင့်ထူးသံကြောင့် သပြေ ဒီလိုပြောလိုက်မိခြင်းပါ။

"ဒီမှာ သပြေ"

"ဟင်"

"အချစ်ကြီးရင် အမျက်ကြီးတတ်တယ်နော်…သိလား"

"ဘာလဲ…နင်က ငါ့ကို သတ်မလို့လား"

"ငါ့အပေါ် သစ္စာဖောက်ပြီး အခြားရင်ခွင်ပြောင်းသွားလို့ကတော့ သတ်မှာ…မယုံမရှိနဲ့"

"အမယ်လေး…ကြောက်စရာကြီးပါလား"

သပြေက ပခုံးလေးတွန့်ပြီး ရယ်ကျဲကျဲနှင့်ပြောလေတော့…

"ဘာလဲ…နင်က ငါ့ကို လှောင်တာလား"

"မဟုတ်ရပါဘူး တေဇရယ်…တကယ်တော့ ငါလည်း နင့်ကို ရူးမတတ် ချစ်တာပါဟာ"

"တကယ်နော်"

"အင်း"





"အဲဒီလိုလုပ်စမ်းပါ"

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးမိကြလေသည်။ ပြီးတော့ တေဇက သပြေ နဖူးလေးနှင့် နဖူးချင်း တိုက်ပြီး သပြေ့ကိုယ်လေးကို ရင်ခွင်ထဲထည့်ကာ ဖက်ထားလိုက်သည်။ ချစ်သူ့ရင်ခွင်ငွေ့နွေးနွေးနှင့် သပြေလည်း ငြိမ်သက်နေမိသည်သာ။

"အရမ်းချစ်တယ်…သပြေရယ်"

"အဟွန်း"

"ဟင်…ဘာရယ်တာလဲ"

"အတူတူပဲလို့"

ရယ်သံလေးများက တိုးတိုးညက်ညက်ပါ။ ဒီအချိန်လေးကို ရွှေချပြီး သိမ်းထားချင်လိုက်တာ။

~~~
~~~

## အခန်း (၂၃)

ဒီအချိန်နဲ့ ဒီလိုရာသီ ××× ရောက်ပြန်ပြီဆိုမှဖြင့်…အလွမ်းတွေက ဝေဝေသီ×××ဆောင်းဟေမာန်ဆီ နှင်းကလေးနဲ့အတူ လှမ်းခဲ့ပြီ×××ငယ်ကျွမ်းဘယ်ဆီ ရောက်လို့နေလဲ မေ မျှော်မိသည်··

မေ့နိုင်ပြီလားလို့ မေ့ထားဖို့ ကြိုးစားခဲ့ပြီ××× မရနိုင်ဘူး အချစ်ရဲ့×××ဒီရာသီ…ဩော်…မမေ့နိုင်ဘူး အချစ်ရဲ့ခါတော်မှီ·· စိန်ပန်းတွေ မြေမှာကြွေပြီ××× ဒီလမ်းကို လျှောက်ခဲ့ဖူးသည်… အချစ်ရယ် မေရယ် နှင်းရယ် အတူကွယ်××× ဟိုစဉ်တုန်းကများဆို အတူပြုံးလို့ ပျော်ဖူးသည်…

ကိုယ်နှင့် ရင်းနှီးကျွမ်းဝင်နေသောအသံမို့ အသံရှင်ကို တေဇ လိုက်ရှာနေမိသည်။ ထွက်လာတုန်းကတော့ ခြံထဲမှာ အေးအေးဆေးဆေး စာကျက်မယ်ဆိုပြီးတော့လေ။ အခုကျတော့ စာက ချစ်သူလောက် အရေးမကြီးတော့ပေ။





ဟော…တွေ့ပြီ။

နှင်းဆီပန်းတွေခူးရင်း သီချင်းညည်းနေတဲ့ သပြေပါ။

ခုတော့လည်း ဝေးပြီ…ဝေးပြီ…အဆွေးနှောင်ဖွဲ့ အလွမ်းနဲ့ နေရပြီ××× အချစ်ဟောင်းဆိုတာ တွေးသေလေ…တို့ရင်နှင့်အမျှ ခံစားရတယ် လွမ်းရာသီ×××

တေဇသည် သီချင်းစာသားလေးဆုံးအောင် ငြိမ်၍နားထောင်နေ၏။ သီချင်းသံလေးဆုံးသွားတော့မှ လှုပ်လှုပ်ရှားရှား ရှိလာသည်။

"နှင်နဲ့ငါ မဝေးပါဘူး သပြေရယ်…တစ်အိမ်တည်းမှာ အတူတူနေကြတာကို…ပြီးတော့ နင်နဲ့ မြန်မြန်နီးစပ်ချင်လို့ မြန်မြန် ဆရာဝန်ဖြစ်အောင် ကျောင်းသွားတက်ရုံလေးပါဟာ"

"ဟယ်…တေဇ"

ရုတ်တရက် လှည့်ကြည့်လာသော သပြေ့မျက်နှာကလေးကို တေဇ ငေးမောနေမိ၏။ အရင်တုန်းကလို အသားညိုညိုနှင့် တောသူမလေး သပြေ မဟုတ်တော့။ တောမှာ နေပူထဲတွင် နေ့စဉ် အလုပ်လုပ်နေရလို့ အသားညိုခဲ့သော်လည်း ယခုမူ သပြေ၏အသား အရေမှာ ဝင်းဖန့်စိုပြေနေ၏။

အန်တီဝေမာ၏ ပြုပြင်ပေးမှုကြောင့် သနပ်ခါးပါးကွက်ကလေးပျောက်ကာ မြို့သူတွေနှင့်အပြိုင်လှနေသည်။ ခေတ်မီနည်းပညာတွေနှင့် ခပ်ကြမ်းကြမ်း ဆံပင်ရှည်ကြီးတွေကို ပေါင်းတင်၍ ဖြောင့်ထားသဖြင့် ဆံနွယ်တွေက နူးညံ့ပျော့ပျောင်း၍

တင်ပါးအောက်အထိ ဝဲကျနေသည်မှာ အလွန်ကြည့်လို့ကောင်းလှပေ၏။

တေဇ၏အကြည့်စူးစူးအောက်မှာ သပြေ ကတောက်ကဆ ဖြစ်သွားလေသည်။ တေဇနှင့် အကြည့်ချင်းဆုံပြီးနောက် ရက်ပြုံးကလေးတစ်ပွင့်နှင့် ခေါင်းငုံ့သွားကာ···

"တေဇရယ်···မျက်တောင်လည်းခတ်ပါဦး၊ ငါ မနေတတ်တော့ဘူး။ ငါ့ကိုများ မမြင်ဖူးတာကျနေတာပဲ"

သည်တော့မှ တေဇ သပြေကို အားနာသလို ရယ်ပြရင်း နှင်းဆီပွင့်တွေဆီသို့ ကယောင်ကတမ်း အကြည့်ရွှေ့လိုက်မိ၏။

"နင်က အရင်နဲ့မတူဘဲ အရမ်းလှတာကိုး···လှလို့ကြည့်မိတာ အပြစ်လား"

"မြှောက်မနေပါနဲ့···ဘာလိုချင်လဲ၊ ဘာစားချင်လဲပြော··· ငါ့လုပ်အားခ တစ်လစာကုန်ရင် ကုန်ပါစေ···ဝယ်ပေးပါ့မယ်ဟာ"

"ငါ့အတွက် ဘာမှမလိုဘူး၊ နင်နဲ့ အတူတူ တစ်မိုးအောက်မှာ နှစ်ယောက်အတူနေရရင် ကျေနပ်ပြီးသား"

သပြေသည် တေဇမျက်နှာကို တစ်ချက်ကြည့်ပြီး လက်ထဲမှ ကတ်ကြေးနှင့် နှင်းဆီခိုင်လေးတစ်ခိုင်ကို ဖြတ်လိုက်လေလျှင်···

"နင်···ပန်းခူးမလို့လား···ငါ ခူးပေးမယ်လေ"

"ရပါတယ်"

တေဇက သပြေလက်ထဲမှ ကတ်ကြေးကို ဆွဲယူလိုက်တော့





သပြေက လွှတ်မပေးဘဲ ပြန်လည်၍ ဆွဲယူပြန်သည်။

"ပေးပါဆို···ငါ ခူးပေးမယ်···နင့်လက်တွေ ဆူးစူးကုန်မယ်"

"ငါ့လက်တွေက တံစဉ်ကိုင်ခဲ့တဲ့လက်တွေပါ တေဇရယ်··· တံစဉ်ရှခံခဲ့ရတာ အခါပေါင်းမနည်းတော့ဘူး။ ဆူးစူးတဲ့ဒဏ်လောက်တော့ အပျော့ကလေး···ငါ ခံနိုင်ရည်ရှိပါတယ်ဟာ"

"ကြွားစရာမရှိ ကြဲဖန်ပြီး ကြွားမနေနဲ့ သပြေ···အရင်တုန်းက တောမှာနေလို့ တံစဉ်ကိုင်ရတာ ထည့်မပြောနဲ့၊ ခု နင်က ဆရာဝန်ကတော်ဖြစ်တော့မယ့်သူလေ···ဟဲ···ဟဲ"

တေဇ စပ်ဖြဲဖြဲလုပ်ပြကာ ရယ်လေတော့ သပြေ မျက်စောင်းကလေးဝင့်ကာ···

"တေဇနော်···စကားအကောင်းပြောနေရင် ဖောက်မလာနဲ့"

"အလကား စတာပါဟာ···ငါက နင်နဲ့အတူ ကုသိုလ်ယူချင်လို့ပြောတာ"

"နင်က ငါနဲ့အတူ ဘာကုသိုလ်ယူချင်တာလဲ"

သပြေက နားမလည်ဟန်မေးလေသောကြောင့် တေဇ အပြောရခက်နေသည်။ တကယ်မသိတာလား၊ မသိဟန်ဆောင်နေတာလား မသိနိုင်သော သပြေ၏အမေးကြောင့် တေဇ မချင့်မရဲ ဖြစ်ရတော့၏။

ထို့ကြောင့် သပြေညို ပန်းတစ်ဖက်ကို ဆုပ်ကိုင်မိလျက်သား

ဖြစ်သွားလေလျှင်…

"ဒါ…ဘာလုပ်တာလဲ…တေဇ၊ နင် စည်းကမ်းမဲ့ပျက်နေ့ နော်…ငါ မကြိုက်ဘူး"

သပြေက မလိုလားဟန်နှင့် တေဇလက်ကို ပုတ်ချလေတော့ တေဇ မျက်နှာကလေး ညှိုသွားလေသည်။ စိတ်ထဲကလည်း သပြေက ငါချစ်သလောက် ငါ့ကို ပြန်မချစ်ဘူးဟု ထင်မိ၏။

"ဆောရီးပါ သပြေ…ငါ မှားသွားရင် တောင်းပန်ပါတယ်။ ငါက နင့်ကို သိပ်ချစ်လို့ နင်ကလည်း ငါ့အပေါ် ထပ်တူကျလိမ့်မယ်လို့ ထင်ထားခဲ့တာ။ ချစ်ပါတယ်ဆိုပြီး ထိမိကိုင်မိတာလေးကိုတောင် စည်းကမ်းပျက်တယ်…အခွင့်အရေးသမားလို့ အထင်ခံရတာ ငါ စိတ်မကောင်းပါဘူး"

"ဟင်"

တေဇ မျက်နှာပျက်စွာနှင့် ပြောလေတော့ သပြေ စိတ်မကောင်းပေ။ သူမလည်း တေဇကို အရမ်းချစ်တာပဲလေ။ ဒါပေမဲ့ သူများအိမ်မှာနေရတာဆိုတော့ ဆင်ခြင်နိုင်ရတာပေါ့။ တစ်ယောက်ယောက်မြင်သွားမှာကို ငါ ကြောက်လို့ပါ တေဇရယ်။ ငါ့ကို နင် နားလည်ပေးပါ။

"တေဇ"

"ငါ သွားတော့မယ်"

တေဇ လှည့်ထွက်သွားမည်ပြုတော့ သပြေ…တေဇလက်ဖျား





လေးကို လှမ်းဆွဲထားကာ…

"တေဇ"

ပြန်ငဲ့ကြည့်တဲ့အကြည့်တွေက ရီဝေဝေပါ။

"ငါ့ကို နားလည်ပေးပါ တေဇရယ်…ငါ့ဘဝကို နင် သိပါတယ်ဟာ…ငါက သူများအိမ်မှာ နေရတာလေ။ ဆင်ခြင်နိုင်မှတော်ရာကျမယ်မဟုတ်လား…နင်နဲ့ငါ ချစ်သူတွေဆိုတာကို ဒီအိမ်ကလူတွေ သိသွားရင် မကောင်းပါဘူး"

"သိတော့ဘာဖြစ်လဲ"

သပြေ့အသံလေးအဆုံးမှာ ပြောလိုက်တဲ့ တေဇအသံက ခပ်ပြတ်ပြတ်ပါ။ သူက ဂရုမစိုက်ပေမယ့် သပြေက ဂရုမစိုက်လို့မှ မရဘဲလေ။

"နေစမ်းပါဦး…နင်က ဘာကိုကြောက်နေတာလဲ။ နင်နဲ့ငါ ချစ်သူတွေဆိုတာကို ဒီအိမ်သားတွေသိတော့ရော ဘာဖြစ်မှာမို့လို့လဲ။ ဒါ…နင်နဲ့ငါ့ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲလေ။ သူတို့မှာ ဝိတ်ပင်တားဆီးပိုင်ခွင့်မှ မရှိတာ"

"ဒါတော့ ဒါပေါ့ဟယ်…ဒါပေမဲ့"

"တော်တော့…သပြေ၊ နင် ဆက်မပြောနဲ့တော့"

သပြေ ရှေ့ဆက်မပြောရဲတော့ပါဘူး။ တေဇပုံစံက ဒေါသထွက်လာသည့်ပုံလေ။

"နင်က ဒီအိမ်သားတွေကို အဲဒီလောက်ကြောက်နေရအောင်

နှင့်အဖေ···နှင့်အမေတွေဖို့လို့လား···ပြောပါဦး"

"ဟာ···မဟုတ်···မဟုတ်ပါဘူး"

သပြေ လက်ကလေးကာ၍ ငြင်းလိုက်ပုံက ပျာပျာသလဲ နှင့်ပါ။ တေဇ မျက်မှောင်ကြုတ်သွားမိ၏။ စကားအဖြစ်ပြောလိုက်တာကို ဒီလောက် မျက်စိမျက်နှာပျက်ပြီး ပျာပျာသလဲဖြစ်ဖို့လိုလို့လား။

"အဲဒါ···ဘာဖြစ်တာလဲ"

"ဟင်···ဘာဖြစ်လို့လဲ"

"ဒါလေးပြောတာကို နင် ပျာပျာသလဲဖြစ်သွားလို့လေ"

"ဘာမှမဖြစ်ပါဘူး···အန်တီကြားသွားရင် ဒါမှမဟုတ် မိုးသောက်ကြားသွားရင် စိတ်ဆိုးမှာစိုးလို့ပါ"

"စိတ်ဆိုးစရာလား···ပဲ့ပါသွားမှာမှ မဟုတ်တာ···သူတို့ အသားလေ"

"အသားတော့ ပဲ့မပါဘူးပေါ့···ဒါပေမဲ့ ဘဝချင်းက မတူဘူးလေ"

ကြံဖန်တွေးကြောက်နေတဲ့ သပြေကို တေဇ ကရုဏာသက်သွားရလေသည်။ ဒါပေါ့လေ···သူများအိမ်မှာနေရတာဆိုတော့ အိမ်ရှင် မကြိုက်မှာစိုးရသည်ပေါ့။ သူများအိမ်မှာနေရင် သူများ မျက်နှာကြည့်နေရတယ်ဆိုတဲ့စကား တယ်မှန်ပါလား။

"ဟာ···မြွေ···မြွေ"





"အမယ်လေး"

တေဇက သပြေနောက်ကို လက်ညှိုးထိုးပြီး အော်လေတော့ သပြေက ကြောက်အားလန့်အားနှင့် တေဇကိုယ်ကြီးကို အတင်း ပြေးဖက်လေတော့ တေဇက ပြန်ဖက်ပြီး ရယ်လေလျှင်···

"ဟင်···တေဇ···လူလည်ကျတာ"

"အဲဒီလိုညာပြီးဖက်ရတာ အရသာတစ်မျိုးပဲ···ဟား··· ဟား"

~~~
~~~

## အခန်း (၂၄)

မိုးသောက် နေကြာစေ့ကို ၅ွာစားပြီး အခွံတွေကို ဟိုပစ်ဒီပစ် ပါ။ တမင်လုပ်တာလေ။ ပြီးရင် သပြေညိုကို သိမ်းခိုင်းမလို့ပေါ့။ အဲဒီတစ်ယောက်ကို မိုးသောက် လုံးဝကြည့်လို့မရပေ။ ကိုကိုက သူ့ကိုမျှားမြင်လိုက်ရင် မျက်နှာက ပြုံးချိုနေတာလေ။

မိုးသောက် မနာလိုပါဘူး။

အခုဆိုရင် သပြေညိုဆိုတဲ့ကောင်မက ဆံပင်ရှည်ကြီး တဝဲဝဲ နဲ့ မနာလိုစရာကောင်းအောင်ကို လှနေတာ။ ဒါကြောင့် ဘာလုပ်ရ ကောင်းမလဲလို့ အကြံထုတ်နေတာပါ။ အင်း…ဟုတ်ပြီ… မိုးသောက် အကြံရပြီ။





"သမီး"

"……………"

"သမီး…နေကြာစေ့စားတာ အခွံတွေကို ဟိုပစ်ဒီပစ်နဲ့ပါ လား…ဒီကလေးနှယ်…စားပြီးအခွံတွေ ပုံထားရင် ရရဲ့သားနဲ့"

"မာမီ"

မာမီ ရောက်လာပြီးပြောတော့ မိုးသောက် စပ်ဖြဲဖြဲလုပ်နေ လိုက်သည်။

"မဖြစ်သေးပါဘူး…သိမ်းဦးမှပါ"

ပြောပြီး ဒေါ်ဝေမာစန်း နေကြာစေ့ခွံတွေကို သိမ်းဖို့ တံမြက် စည်းသွားယူပြီး ပြန်လာလေတော့…

"ဟာ…မာမီ…မာမီ မသိမ်းနဲ့လေ။ ပေး…ပေး… သပြေညိုကို သိမ်းခိုင်းမလို့ မာမီရဲ့"

ပြောရင်းပဲ မိုးသောက်က မာမီ့လက်ထဲက တံမြက်စည်းကို လုယူကာ…

"သပြေညို…သပြေညို"

"……………"

"သပြေညို…ခေါ်နေတာမကြားဘူးလား"

"လာပြီ…မမလေး"

"လာပြီဆိုရင် မြန်မြန်လာ"

ဒေါ်ဝေမာစန်း ရင်ထဲမှာ နင့်ကနဲ ဖြစ်သွားရလေသည်။

ညီအစ်မချင်းကို အငယ်ကနိုင်၊ အကြီးက အနိမ့်ခံဘ၀။ ဒါ သူမရဲ့ အသုံးမကျမှုတွေပါ။ မေမေ့ကို ခွင့်လွှတ်ပါ သမီးရယ်။ ဒီစကားက လွဲပြီး မေမေ့မှာ ပြောစရာစကား မရှိတော့ပါဘူး။

“မမလေး…ဘာနိုင်းမလို့လဲဟင်”

“ရော့…တံမြက်စည်း…ဒီနေကြာစေ့ခွံတွေကို သိမ်း… ပြောင်အောင်သိမ်းနော်…အခွံတွေကျန်နေလို့ကတော့ နင်နဲ့ငါ အတွေ့ပဲ”

“သမီးကလည်းကွယ်…နိုင်းရင်လည်း ညင်ညင်သာသာ ပြောပြီး နိုင်းမှပေါ့”

“ဟာ…မာမီကလည်း မညင်သာနိုင်ပါဘူး။ သူက သမီးတို့ အိမ်က အိမ်ဖော်ပဲဥစ္စာ…သူ့ကို လစာပေးထားတာ တန်အောင် လုပ်ပေါ့။ သူ့ကို မျက်နှာသာပေးလို့မရဘူး မာမီရဲ့…မျက်နှာသာ ပေးရင် ဒင်းက ရောင့်တက်မှာ”

“သပြေမှာ အဲဒီလိုစိတ်မျိုး မရှိပါဘူး မမလေးရယ်”

“လျှာမရှည်နဲ့…နိုင်းတာကိုလုပ်”

“ဟုတ်ကဲ့ပါ”

သပြေ တံမြည်စည်းကိုယူပြီး နေကြာစေ့ခွံတွေကို သိမ်းလေသည်။ တံမြက်စည်းနောက်မပါဘဲ ကပ်နေတဲ့အခွံတွေကိုကျတော့ လက်နှင့်ပဲ ကောက်ရသည်ပေါ့။ ကိုယ့်ညီမလေးနိုင်းတာပဲလေ။ ဘာပဲနိုင်းနိုင်း လုပ်ပေးရမှာပေါ့။ သူက ကိုယ့်ကို ညီအစ်မမှန်းမသိ





လို့သာ ဒီလိုအနိုင်ယူချင်တာပဲဖြစ်မှာ။

မိုးသောက်ကတော့ အပေါ်ထပ်ကို တက်သွားပြီး ဖုန်းနံပါတ် တစ်ခုကို ခေါ်လိုက်ကာ…

“ဟဲ့…ကောင်းမြတ်”

“အေး…ပြော…မိုးသောက်”

“နင့်အစ်ကိုက ဟိုကိစ္စ ဝါသနာကြီးတယ်ဆိုတာ ဟုတ်လား”

“ဘယ်ကိစ္စလဲဟ…နင့်စကားက အဆုံးမရှိ အစမရှိနဲ့”

“နင်ကလည်း ဒါလေးတောင် မသိဘူးလား။ မိန်းမကိစ္စကို ပြောတာလေ…နင့်အစ်ကိုက စားနေကျကြောင်ဖားဆိုလား”

“တော်စမ်းပါဟာ…အဲဒီအကြောင်း မပြောစမ်းပါနဲ့၊ ငါ ရှက်လွန်းလို့ပါ၊ သူ့ကြောင့် ငါ့ကိုပါ သူများတွေ အထင်သေးခံရ တာ”

“ငါက ငါ့မှာ ပစ္စည်းကောင်းလေးရှိတဲ့အကြောင်း ပြောမလို့ ပါဟ”

“အဲဒါ…ငါ့ကို လာမပြောနဲ့လေ…သူ့ကိုသွားပြော”

“အဲဒါဆို…နင်…နင့်အစ်ကို့ဖုန်းနံပါတ် ငါ့ကို ပြောပြပါ လား”

ကောင်းမြတ်က ဒီလိုကိစ္စ ရှုပ်ရှုပ်ယှက်ယှက်ကြိုက်သူမဟုတ် ပေ။ ဆက်မပြောချင်တာနှင့် ပြီး…ပြီးရော အစ်ကိုဖြစ်သူ ဖုန်း

နံပါတ် ပေးလိုက်သည်လေ။

ပြီးမှ…

"နင့်ကို ငါ တစ်ခုမေးရဦးမယ်…မိုးသောက်"

"ဘာလဲ…မေးလေ"

"နင့်မှာ ပစ္စည်းကောင်းရှိတယ်ဆိုတော့ နင် လိုင်းပြောင်း တော့မလို့လား။ ဒီလောက်ချမ်းသာနေတဲ့ သူဌေးသမီးကဟာ… ဒီလိုမျိုးကြီးဆိုတော့"

"ဟဲ့…ငါက ဘာကိစ္စလုပ်စားရမှာလဲ၊ အခုက ငါ့အိမ်က အိမ်ဖော်ကောင်မ…တမင်အမြင်ကတ်လို့…သိပြီလား"

"ဟာ…အမြင်ကတ်ရုံနဲ့တော့ နင် အဲဒီလိုကြီး မလုပ်သင့်ပါ ဘူးဟာ…မိန်းကလေးချင်း ကိုယ်ချင်းစာစမ်းပါ"

"အဲဒါ…ငါ့ကိစ္စပါ၊ အဲလိုမလုပ်စေချင်ရင် သူ့ကို နင် ယူမလား…ပြော"

"အင်"

ကောင်းမြတ် တွေကနဲ ဖြစ်သွားလေသည်။ မိန်းကလေးက ရိုးရိုးသားသားလေးဆိုရင် အစ်ကိုနဲ့တွေ့ရင် သနားစရာ။ အစ်ကိုက ဒီကိစ္စနဲ့ပတ်သက်လာရင် သနားတာတွေ၊ ကိုယ်ချင်းစာတာတွေကို နားလည်သူမဟုတ်ပေ။ ဒီမိန်းကလေးနဲ့ သူ တွေ့ကြည့်ရကောင်း မလား။

"ကောင်မလေးက ဘယ်လိုပုံစံလဲ…နင် အစ်ကို့ကို ဖုန်း





မဆက်နဲ့၊ ငါ နင်တို့အိမ်ကို လာခဲ့မယ်"

"ဟင်"

"ဘာဟင်လဲ"

"နင်…တကယ်ပြောနေတာလား…လာခဲ့လေ…နင် သူ့ကို မြင်ရင် ကြွေသွားလောက်ပါတယ်။ ငါက သူ့ကို ကိုကိုနဲ့ နီးစပ်မှာ စိုးလို့ ရှင်းထုတ်ချင်တာ"

ကိုကိုဆိုတာကို ကောင်းမြတ် ကောင်းကောင်းသိပါသည်။ မိုးသောက် ပါးစပ်ဖျားကမချတဲ့ ကိုကိုဆိုတဲ့ တေဇမောင်ပေါ့။ တစ်ဖက်သတ် အချစ်ခံရတာလည်း မလွယ်ပါလား။

ဟူး…

"အေးပါ…ငါ လာခဲ့မယ်၊ နင် အစ်ကို့ကိုသာ မဆက်သွယ် မိစေနဲ့"

"OK…ဒါဆို ငါ စောင့်နေမယ်"

ကောင်းမြတ် ဖုန်းချပြီး သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။ ဒီမိန်းကလေးဘဝ ကိုယ်မကယ်ရင် ရေတိမ်နစ်ဖွယ်ရာ ရှိနေပါလား။

ဘာပဲဖြစ်ဖြစ်…

ရိုးသားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို လွယ်လွယ်နဲ့ မပျက်စီးစေချင်ဘူးလေ။

# အခန်း (၂၅)

ကျောင်းကပြန်ရောက်တာနှင့် တေဇ ဟိုကြည့်ဒီကြည့်နှင့် အခြေအနေကို အကဲခတ်ကြည့်တော့ ဘယ်သူ့အရိပ်အရောင်ကိုမှ မတွေ့ရပေ။ ဒါကြောင့် မီးဖိုချောင်ဘက်သို့ ထွက်လာခဲ့တော့၏။ အမောပြေ သပြေ့မျက်နှာလေးကို မြင်ချင်လို့လေ။ အိမ်မှာ အန်တီ မရှိဘူးလား မသိပါဘူး။

မီးဖိုချောင်ထဲမှာလည်း မရှိပေ။

ဒါကြောင့် ခြေသံကိုဖွပြီး သပြေ့နောက်သို့ လျှောက်သွားလိုက်သည်။ အနားကိုရောက်တော့…

“ဟိတ်”

“အမေ့”

နောက်ကနေ ခါးလေးကို သိမ်းဖက်လိုက်တော့ သပြေ့ကိုယ်လေး တောင့်မတ်သွားကာ…





“လန့်လိုက်တာ တေဇရယ်…ဘာလုပ်တာလဲ…ဖယ်ပါ”

ဖယ်ပါဆိုကာမှ ညာဘက်ပါးပြင်လေးဆီမှာ နွေးကနဲ ဖြစ်သွားလေသည်။

“နင်…ဘယ်လိုဖြစ်နေတာလဲ”

“ကိုယ့်ချစ်သူမျက်နှာလေးကို အမောပြေ လာကြည့်တာလေ”

“အဲဒါဆို…ကြည့်ရုံပဲကြည့်လေ”

“အဟဲ…ပါးလေးက အဆစ်”

“ဟွန်း”

ချစ်သူမျက်စောင်းလေးက လေတိုက်လို့ ပန်းကလေး ယိမ်းသွားတာထက် ပိုလှသည်လေ။ ရင်ထဲကို မွှေးလည်းမွှေး၊ အေးလည်း အေးစေသည်ဆိုရင် ပိုတယ်လို့ ထင်ကြမလား။ တကယ်ချစ်တတ်တဲ့ သူတွေ သိကြမှာပါလေ။

“ဘာလို့ မျက်စောင်းထိုးတာလဲ”

“မုန်းလို့”

“ဟုတ်လို့လား…အချို့ကပြောတယ်…မုန်းရင် မျက်စောင်း မထိုးဘူး၊ ချစ်လို့ မျက်စောင်းထိုးတာတဲ့…ဒီမျက်စောင်းက မုန်းလို့ ထိုးတဲ့မျက်စောင်းပုံစံမှ မဟုတ်တာ…ချစ်လို့ထိုးတဲ့မျက်စောင်း”

“အဲဒါဆို…သိရဲ့သားနဲ့ ဘာလို့မေးနေသေးလဲ”

“ငါက နင့်ပါးစပ်က ပြောတာကို ကြားချင်လို့လေ”

"မပြောဘူး"

နောက်တစ်ကြိမ် မျက်စောင်းထိုးတော့ တေဇက ရယ်လေသည်။ သူ့ကို အလှဆုံး၊ အမွေးဆုံးပန်းတွေနဲ့ ပေါက်နေတာလေ။

"သပြေ"

"............"

"နင်နဲ့ငါက ချစ်သူတွေပဲဟာ...သူငယ်ချင်းမှမဟုတ်တော့တာ။ တေဇ...တေဇနဲ့ မခေါ်ပါနဲ့တော့။ အခေါ်ပြောင်းတော့...နော်"

"ဟင်...ငါက နင့်ကို တေဇလို့မခေါ်လို့ ဘယ်လိုခေါ်ရမှာလဲ"

"ကိုဖြစ်ဖြစ်...မောင်ဖြစ်ဖြစ် တစ်ခုခုခေါ်ပေါ့ဟ"

"ဟာ...မခေါ်ချင်ပါဘူး...လျှာယားလို့"

"မရဘူး...ခေါ်ရမယ်"

"ဒါဆို..နင့်ကို ငါ တစ်ခုမေးမယ်"

"အင်း...မေးလေ"

သပြေကျောနဲ့ တေဇရင်ဘတ် ကပ်နေရာကနေ သပြေကိုယ်လေးကိုစောင်းကာ တေဇမျက်နှာကို မော့ကြည့်ပြီး...

"ကို...မောင်ခေါ်ဖို့နဲ့ တကယ်ချစ်ဖို့ မချစ်ဖို့ ဘယ်ဟာကအရေးကြီးလဲ"

"တကယ်ချစ်ဖို့က အရေးကြီးတာပေါ့"





"အဲဒါဆို...ငါ့ကို အခေါ်နဲ့ ပညတ်တာမျိုးမလုပ်နဲ့... တေဇ၊ ငါက တောသူပါ...မြို့ကအခေါ်တွေ ငါ မခေါ်ချင်ဘူး..နင့်ကို ငါ အရမ်းချစ်တယ်"

တေဇ ခေါင်းပဲညိတ်လိုက်ရတော့သည်။ ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ အခေါ်အဝေါ်က အဓိကမှမဟုတ်တာ။ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြဖို့ကသာ အဓိကပါ။

"ဒါဆို...ဘယ်လောက်ချစ်လဲ"

"အချစ်ကို ဘယ်လောက်ဆိုပြီး လက်ကွင်းပြလို့ ရသလား တေဇ"

"ဟား...တောသူမကတော့ကွာ...စကားပြော တော်တော်ကတ်သီးကတ်သတ်နိုင်တာပဲ"

"ကဲ...ဖယ်စမ်းပါ"

သပြေက တေဇလက်တွေကို အတင်းဖယ်ချနေစဉ် တေဇက သပြေပါးပြင်လေးကို အနမ်း...

"ကိုကို"

"............"

"ကိုကို"

"ဟင်"

နှစ်ယောက်စလုံးလှည့်အကြည့် မိုးသောက်ကို မြင်လိုက်ရတော့ သပြေ့ခမျာ မျက်စိမျက်နှာပျက်စွာနှင့် တစ္ဆေခြောက်ခံလိုက်ရ

သည့်ပမာနယ်။ တေဇကတော့ ဂရုမစိုက်သလို ခပ်တည်တည်။

"သိပ်အံ့ဩသွားသလား ကိုကို…ကိုကို့ကို မိုးသောက် အထင်ကြီးခဲ့တာ အလကားပဲ"

"မဟုတ်…မဟုတ်ပါဘူး မိုးသောက်ရယ်…သပြေနဲ့တေဇ ကလေ"

"ဒီလောက် မျက်မြင်ကိုယ်တွေ့ဖြစ်နေတာတောင် နင်က ငြင်းချင်သေးတာလား သပြေညို…ဘာလဲ…ကိုကိုက ဆရာဝန် လောင်းဆိုပြီး အပိုင်ချိုင်လိုက်တာလား"

"မဟုတ်ပါဘူး…မိုးသောက်ရယ်"

"ဒီကိစ္စကို နင် အဲဒီလောက်အထိ ရှင်းပြနေစရာမလိုဘူး သပြေ…အမှန်တရားကို ရဲရဲရင်ဆိုင်စမ်းပါ"

အစကတည်းက တေဇက အသိပေးချင်နေတာပဲလေ။ သပြေက မပြောပါနဲ့ဆိုလို့သာပေါ့။ ကိုယ့်လွတ်လပ်ခွင့်နဲ့ကိုယ် ချစ်တာ ဘယ်သူ့ကိုမှ ကြောက်နေစရာမလိုဘူးလေ။ မိုးသောက်က တော့ သပြေကိုပဲ မဲကာ…

"သပြေညို"

"…………….."

"နင်က တောသူမို့လို့ပေပဲနော်…မြို့သူသာဆိုရင်တော့ ဂျင်ပေါက်ကထုံးဖြစ်မလားပဲ…အိမ်ဖော်မက တန်ရာတန်ရာကို မမှန်းဘူး"





"မိုးသောက်ပန်း"

တေဇ အော်ပစ်လိုက်မိသည်။ သပြေကို ဒီလို မို့ချိုးမျှစ်ချိုး ပြောတာလောက် ဆတ်ဆတ်ခါတာ မရှိတော့ပါဘူး။ သပြေကတော့ မျက်ရည်တွေကျလို့သာ။

"နင်…ဘာမှ သပြေကို မို့ချိုးမျှစ်ချိုး ပြောစရာမလိုဘူး မိုးသောက်ပန်း…သပြေက ငါ့ကိုချစ်ခဲ့တာ နင်ထင်သလို ရာထူး တွေ…စည်းစိမ်တွေမက်လို့ မဟုတ်ဘူး။ ဒီထက်ရှင်းအောင်ပြောရ ရင် သပြေနဲ့ငါ ခုမှ ချစ်သူတွေဖြစ်ကြတာလည်း မဟုတ်ဘူး။ ရွာမှာ ကတည်းက ချစ်ခဲ့ကြတဲ့ ငယ်ချစ်တွေပဲ"

"ဟင်"

"ငါ…သပြေ့ကို အရမ်းချစ်တယ်၊ ငါ့ဘဝရဲ့နံပါတ်စဉ်တိုင်း က သပြေညိုပဲ"

"မဖြစ်ရဘူး…မိုးသောက် လက်မခံဘူး…ကိုကို"

"အဲဒါ…နင့်အကြောင်းပဲ…လာ…သပြေ"

တေဇ ဖြစ်ချင်ရာဖြစ်ဟု သပြေ့လက်ကို ဆွဲခေါ်လာခဲ့လေ တော့သည်။ ပြဿနာဖြစ်လာရင် ရင်ဆိုင်လိုက်ရုံပဲပေါ့။

"တောက်"

မကျေမချမ်းနှင့် တက်ခေါက်ကျန်ခဲ့ရသူက မိုးသောက်ပါ။ နင်နဲ့ငါ တွေ့ကြသေးတာပေါ့ သပြေညို။

~~~
~~~

## အခန်း (၂၆)

"ဝေ"

"ရှင်"

"သမီးလေးရော"

ဒေါ်ဝေမာစန်း ကော်ဖီသောက်ရန် စားပွဲတွင် ဝင်ထိုင်ထိုင်ချင်းပဲ ဦးနေဦးက မေးလိုက်တာဖြစ်၏။

"အိပ်ရာက မနိုးသေးတာလား"

"ဟုတ်တယ်…ကိုဦး၊ သမီးလေး အခုထိ မနိုးသေးဘူး။ ဒီနေ့ နောက်ကျနေတယ်"

"ခါတိုင်း ဒီအချိန်ထိအောင် မအိပ်ဖူးပါဘူး။ မင်းကလည်း အမေဖြစ်နေပြီး နည်းနည်းပါးပါးပဲ မေးကြည့်ပါဦးလား။ ညက လည်း ထမင်းမစားဘူး။ နေများမကောင်းဘူးလား မသိဘူး"





"ကျွန်မလည်း အဲဒါပဲ စဉ်းစားနေတာ ကိုဦးရဲ့…သမီးလေး ဘာဖြစ်နေတယ် မသိဘူး…မေးလို့လည်းမရဘူး"

ဦးနေဦး သောက်လက်စကော်ဖီခွက်ကို ခွပ်ကနဲမြည်အောင် ချလိုက်မိသည်။ တစ်ဦးတည်းသောသမီးလေးမို့ ဒီလောက်ဖူးဖူးမှုတ်ထားတာကို ဂရုမစိုက်လေခြင်းဆိုတဲ့အတွေးနဲ့ ဇနီးသည်ကို အလိုမကျစွာ စိတ်ထဲမှာလည်း တင်းကနဲပါ။

"သမီးမိန်းကလေး မွေးထားတဲ့မိခင်ဖြစ်ပြီး မင်း အဲဒီလောက်တောင် အ,ရသလား…ဝေ"

"ရှင့်သမီးက မေးလို့မှမရတာ ကိုဦးရဲ့"

"ဟ…သူ မဖြေတိုင်း မင်းက ဒီအတိုင်းပဲ ကြည့်နေတော့မှာလား။ ငါက ဖအေကွ…နေရာတကာ လိုက်ပါလို့ရတာမဟုတ်ဘူး။ သမီးတစ်ကောင် နွားတစ်ထောင်တဲ့"

ဦးနေဦး တွေးပြီးစိတ်ပူသွားမိသည်။ ချစ်လွန်းလို့ အလိုလိုက်ထားခဲ့တာ။ မိဘဆိုတာက သူများနားလျှံလို့ ထွက်ကျလာတဲ့စကားမှ ကြားခွင့်ရှိတာလေ။

"မဦးမချွတ်တွေ မပြောစမ်းပါနဲ့ ကိုဦးရယ်…သမီးက ယောကျ်ားတိုင်းကို စိတ်ဝင်စားတဲ့သူမှမဟုတ်တာ"

"သတိဆိုတာ ပိုတယ်မရှိဘူး…ဝေ၊ တော်ပြီကွာ…မင်းကို ရှင်းပြရတာ မောတယ်…ငါ့ဘာသာပဲ သွားမေးတော့မယ်"

"ကိုဦး"

"ဘာတုံး"

ဦးနှေဦး ထရပ်လိုက်တော့ ဒေါ်ဝေမာစန်း လျှင်မြန်စွာ တားဆီးလိုက်လေသည်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ရှင်က ဖအေလေ...ကျွန်မ သွားမယ်"

"မင်းက အေးတိအေးစက်လုပ်နေတာကိုးကွ"

"မအေးဘူး...အခုပဲ ရေနွေးပူသွားလောင်းလိုက်မယ်... ဟုတ်ပြီလား"

ပြောပြောဆိုဆိုနှင့် ဒေါ်ဝေမာစန်း ထသွားလေတော့...

"တောက်...ဒီမိန်းမတော့ကွာ"

ဒေါ်ဝေမာစန်း ကိုယ့်သမီးအပေါ်မှာ သူ့အဖေထင်သလို မဟုတ်ဘူးဆိုတာကို ယုံကြည်ပါသည်။ ဘာဖြစ်လို့ ယုံကြည်သလဲ ဆိုရင် သမီးရင်ထဲမှာ နှစ်နှစ်ကာကာချစ်နေတဲ့သူ တစ်ယောက်ရှိ လို့ပါပဲ။ တစ်ဖက်ကတော့ သမီးကို စိတ်ဝင်စားပုံမရပေ။

သူကတော့ တေဇပဲပေါ့။

"သမီး"

"............"

"သမီး"

မိခင်၏အသံကိုကြားရ၍ မိုးသောက် မျက်လုံးဖွင့်ကြည့်လိုက် သည်။ ရည်းစားလူလု အနုကျွဲခတ်တဲ့။ သူမ ကျွဲခတ်ရုံတင်မဟုတ်





ဘဲ ငယ်ထိပ်ကို မြွေပေါက်ခံရပြီး အဆိပ်တက်နေတာပါ။ အခုချိန် မှာ ဘယ်သူနဲ့မှလည်း စကားမပြောချင်ပါဘူး။

ထို့ကြောင့်...

မိခင်ရောက်လာတာကို စိတ်ညစ်သလိုပုံစံနှင့် ဆံပင်တွေကို လက်ဖြင့် ကုတ်ဖွနေမိကာ...

"သမီးတစ်ယောက်တည်း အေးအေးဆေးဆေး နေပါရစေ မာမီရာ...မာမီတို့က အရမ်းရှုပ်တာပဲ"

"ဘာ"

ကိုယ့်သမီးက ကိုယ့်ကို ဒီလိုပြန်ပြောလိုက်တော့ စိတ်ထဲမှာ တင်းကနဲဖြစ်သွားကာ...

"မအေကို ဘယ်လိုပြောလိုက်တာလဲ သမီး...သမီးက မာမီ ဝမ်းနဲ့လွယ်မွေးထားရတဲ့ မာမီ့သမီးလေ...မိဘက ကိုယ့်သားသမီး တမှိုင်မှိုင် တတွေတွေနဲ့ ထမင်းမစား၊ ရေမသောက်ဖြစ်နေတာကို ဥပေက္ခာပြုထားရမှာလား...မစိုးရိမ် မပူပန်ရတော့ဘူးလား... ပြောပါဦး"

မိုးသောက် အိပ်ရာပေါ်တွင် လှဲနေရာမှ ထထိုင်ပြီး စိတ်ပျက် လက်ပျက် သက်ပြင်းချလိုက်မိ၏။ အချစ်အတွက်နှင့် စိတ်တွေ ရှုပ်ထွေးကာ မိခင်ကို ပြောမိပြောရာ ပြောလိုက်တာ သူမ မှားသွား ပါပြီ။

မိဘဆိုတာ သားသမီးကို အရိပ်လိုကြည့်ပြီး ပန်းကလေးလို

အမြဲမွေးနေစေချင်သူတွေဆိုတာ သိပေမယ့် တဒင်္ဂအဖို့မှာ အချစ်စိတ်ကြောင့် နောက်ကျိနေသော ဦးနှောက်ရေအိုင်ကြီးထဲမှာ ထိုအသိစိတ်တွေက ငုံ့လျှိုးပျောက်ကွယ်သွားခဲ့လေသည်။

"သမီးလေး…အပြင်ထွက်တာ၊ ထမင်းစားတာ မတွေ့တော့ သမီးဒက်ဒီလည်း အရမ်းစိတ်ပူနေတယ်။ မာမီတို့က သမီးပြောပြမှ ကူညီနိုင်မှာပေါ့…သမီးလေး ဘာတွေ စိတ်ဆင်းရဲနေတာလဲ…မာမီကိုပြော…သမီးလိုချင်တာ…ဖြစ်ချင်တာတွေဖြစ်ရအောင် မာမီတို့ လုပ်ပေးမှာပေါ့…သမီးရဲ့"

လေသံအေးအေးနှင့် ချော့နေရှာသော မာမီ့ကို မိုးသောက် သနားသွားလေသည်။

မိုးသောက် ခုလို မကြည်မလင်ဖြစ်နေတော့ ဒက်ဒီနဲ့မာမီ ဘယ်လိုစိတ်ချမ်းသာပါ့မလဲလေ။ အချစ်နှင့်အနှစ်ကို မိုးသောက် ခွဲခြားသိမြင်ရမည်လေ။ ကိုကို့ကို သူမကချစ်သော်လည်း တုံ့ပြန်မှုက ကိုယ့်အတွက် ဗလာမဲပါ။

"ဆောရီးပါ မာမီ…သမီး ရှိုင်းသလိုဖြစ်သွားရင် တောင်းပန်ပါတယ်။ သမီး အရမ်းစိတ်ညစ်နေလို့ပါ"

ဒေါ်ဝေမာစန်းက သမီး၏ခေါင်းလေးကို ပွတ်သပ်ပေးမိကာ…

"ရပါတယ်…သမီးရယ်…မိဘဆိုတာ သားသမီးအပေါ်မှာ ဘာပဲဖြစ်ဖြစ် ခွင့်လွှတ်တတ်ကြစမြဲပါ။ ကဲ…ပြော…သမီး ဘာဖြစ်လို့ စိတ်ညစ်နေတာလဲ"





မိုးသောက် မိခင်၏မျက်နှာကို မော့ကြည့်ကာ…

"ကိုကိုနဲ့ သပြေက ချစ်သူတွေ ဖြစ်နေကြတယ် မာမီ…သူတို့နှစ်ယောက်က ရွာမှာကတည်းက ချစ်ခဲ့ကြတဲ့ ငယ်ချစ်တွေတဲ့"

"ဟင်"

"ကိုကို့ကို သမီး အရမ်းချစ်တယ်၊ ကိုကို့ကို သမီးပဲ ပိုင်ဆိုင်ခွင့်ရချင်တယ်။ အဲဒါ…သမီး ဘာလုပ်ရမလဲ မာမီ…သမီး ဘာလုပ်သင့်သလဲ"

ဒေါ်ဝေမာစန်း တွေကနဲ ဖြစ်သွားလေသည်။ သူမ ဘာပြောရပါ့မလဲ။ ဟိုဘက်ကလည်း သမီး…ဒီဘက်မှာလည်း သမီး။ သမီးနှစ်ယောက်ကြားမှာ ဘယ်လိုဆုံးဖြတ်ရပါ့မလဲ။ သပြေနဲ့တေဇက သူချစ်ကိုယ်ချစ် နှစ်ကိုယ်ရည်မေတ္တာက တူမျှနေကြတာလေ။ သမီးငယ်က တစ်ဖက်သတ်။

ဒါကို…

သမီးကြီးကို နောက်ဆုတ်ပေးပါပြောရင် သူမ မတရားရာကျနေမှာပေါ့။ သူ့ခမျာ မိခင်မေတ္တာကို ဆုံးရှုံးရပြီး အပြည့်အဝမရတဲ့ အပြင် ချစ်သူကိုပါ ဆုံးရှုံးရမယ်ဆိုရင်ဖြင့် ခံနိုင်ရည်ရှိပါဦးမလား။ ငယ်ငယ်ကတည်းက ကံဆိုးခဲ့တဲ့ ကလေး…အခုထိ ကံမကောင်းနိုင်ရှာသေးပါလား။

"မာမီ"

“...............”

“မာမီ”

“ဟင်”

“မာမီ...သမီးကို ချစ်တယ်မဟုတ်လားဟင်”

“ဘယ်လိုမေးလိုက်တာလဲ သမီးရယ်...ကိုယ့်ဝမ်းနဲ့ လွယ်မွေးထားတဲ့ သမီးကို ချစ်တာပေါ့... လောကမှာ လူတစ်ယောက်ကို မိဘထက် ပိုချစ်နိုင်တဲ့သူဆိုတာ မရှိပါဘူးကွယ်။ မာမ့်သမီးလေးကို မာမီ သိပ်ချစ်တာပေါ့”

မိုးသောက်ရဲ့မျက်ဝန်းတွေက တောက်ပလာသည်။ တားဆီး၍ မရနိုင်တာသည် အချစ်တဲ့။ နှလုံးသား၏ နိုင်းစေချက်အတိုင်း သူမ အချစ်အတွက်နဲ့ ဘီလူးခေါင်းဆောင်းရတော့မည်ပေါ့။ အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးတဲ့။ ကိုယ့်ဘက်က အဆုံးရှုံးမခံနိုင်ရင် ရအောင် ယူပိုင်ခွင့်ရှိနေသားပဲ။

မိဘရဲ့မေတ္တာတရားကို ခုတုံးလုပ်ချင်တာမဟုတ်ပေမယ့် ကိုယ့်ဝမ်းနာတာကို ကိုယ်ပဲသိသမို့...

“မာမီ...သမီးကို တကယ်ချစ်တယ်ဆိုရင် သမီးဆန္ဒကို ဖြည့်ဆည်းပေးနိုင်မလား”

“ဟင်”

“မဖြစ်နိုင်မှန်းတော့ သိပါတယ်...ဒါပေမဲ့ မာမီ သမီးကို တကယ်ချစ်တယ်ဆိုရင် ဖြစ်အောင်စွမ်းဆောင်ပေးနိုင်ရမှာပေါ့”





“သမီးဆန္ဒက...”

“သမီး...ကိုကိုနဲ့ အမြန်ဆုံး လက်ထပ်ချင်တယ် မာမီ။ သပြေကိုလည်း မာမီ အလုပ်ထုတ်ပေးပါ”

ဒေါ်ဝေမာစန်း မျက်လုံးပြူးရချေပြီ။ မိဘမေတ္တာကို ခုတုံးလုပ်ပြီး ပေးလိုက်တဲ့ရာဇသံက ပြင်းလိုက်တာ။ သူမ သမီးကြီးအပေါ်မှာ ထပ်ပြီး ရက်စက်ရဦးမှာလား။ ဟင့်အင်း...မလုပ်ပါရစေနဲ့... အဲဒီလိုမလုပ်ပါရစေနဲ့တော့။

“မာမီ”

“...............”

“သမီးဆန္ဒကို မာမီ ဖြည့်ဆည်းပေးမယ်မဟုတ်လား... ဟင်”

ဒေါ်ဝေမာစန်း တံတွေးမျိုချလိုက်ပြီး...

“သပြေကို အလုပ်ထုတ်ဖို့ကတော့ မဖြစ်နိုင်ဘူး..သမီး၊ သူ့မှာ အားကိုးစရာမရှိရှာလို့ ဒီအိမ်မှာ ခိုင်းသမျှလုပ်ပြီး သူ ကွယ်ကပ်နေရှာတာပေါ့။ သမီး မိန်းကလေးချင်း ကိုယ်ချင်းစာကြည့်ပါ။ မိန်းမပျိုလေးတစ်ယောက်ရဲ့ ဘဝလုံခြုံမှုရဖို့အတွက် မာမီ သပြေကို အလုပ်မထုတ်ပါရစေနဲ့။ ကျန်တာတော့ မာမီ သမီးဆန္ဒကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးပါ့မယ်”

“မာမီ”

“...............”

"သမီးက မာမီ့သမီးနော် မာမီ…သမီး စိတ်ဆင်းရဲနေတာကို မာမီ မြင်ချင်လား"

"သပြေကို အလုပ်မထုတ်နိုင်တာကလွဲရင် သမီးကို စိတ်ချမ်းသာရအောင် မာမီ လုပ်ပေးမယ်…မာမီက မအေပါ။ မအေကို ထပ်ပြီး စောဒကမတက်နဲ့တော့"

"ဟာ"

ပြောပြီး ဒေါ်ဝေမာစန်း ထထွက်လာခဲ့တော့သည်။ သမီးငယ်ရဲ့အဖွဲ့အတွက် သူမ သမီးကြီးရဲ့ဘဝကို ချမနင်းရက်ဘူးလေ။ နှလုံးသားကိုတော့ အနိုင်ကျင့်ရဦးမည်သာ။ ဒေါ်ဝေမာစန်း သူမအခန်းထဲကို ဝင်လာပြီးနောက်မှာတော့…

"အဟင့်…ဟင့်"

သမီးနှစ်ယောက်ကြားမှာ သူမ မျက်ရည်ကျရပြီပေါ့လေ။ ဒါ သူမကို သပြေအပေါ် မိခင်ဝတ္တရား မကျေပွန်မှုနဲ့ လောကကြီးက ဒဏ်ခတ်လိုက်တာလား။

~~~





# အခန်း (၂၇)

"တီတီ…တီတီ"

ခြံရှေ့က ကားဟွန်းတီးသံကြောင့် ကိုထူးမောင် ကားရေဆေးနေရင်းမှ ရေပုံးချပြီး ခြံရှေ့သို့ ပြေးထွက်လာခဲ့သည်။ တံခါးမဖွင့်ခင်ဘဲ မေးရမည့်တာဝန်ရှိသည်မို့…

"ဘယ်သူနဲ့ တွေ့ချင်လို့လဲခင်ဗျ"

"ကျွန်တော်…မိုးသောက်ပန်းနဲ့ တွေ့ချင်လို့ပါဗျာ…ကျွန်တော်က သူ့သူငယ်ချင်း ကောင်းမြတ်ပါ"

မိုးသောက်သူငယ်ချင်းဆိုတာနှင့် ကိုထူးမောင် ခြံတံခါးကို ဖွင့်ပေးလိုက်သည်။ ဒီအိမ်မှာ မိုးသောက်ပန်းက သူမ၏မိဘတွေထက်ပင် အရှိန်အဝါကကြီးသည်လေ။ မိဘတွေက အလိုလိုက်ထားတော့ ဒုက္ခဆိုတာ မကြုံဖူး၊ သောကဆိုတာကိုလည်း နားမလည်။
~~~

ဒါကြောင့်…

တစ်ဖက်သားအပေါ် ဆက်ဆံတဲ့နေရာမှာ မောက်မာတယ်လို့ ပြောရမလား။ တင်စီးတယ်လို့ ပြောရမလားပါပဲ။

ကောင်းမြတ်…

ကားပေါ်ကဆင်းပြီး အိမ်ထဲသို့ ဝင်ခဲ့သည်တွင် ဧည့်ခန်းထဲမှာ ကြက်မွေးတံတစ်ချောင်းနှင့် စားပွဲကို ဖုန်သုတ်နေတဲ့ ကောင်မလေးကိုမြင်တော့…

"ဒီမှာ…ဒီမှာ"

"ရှင်"

သူ့ကိုလှည့်အကြည့်မှာ ကျောပေါ်က ဆံပင်ရှည်ကြီးတွေက နွဲ့ခါသွားလေသည်။

"ဪ…ဧည့်သည်ပါလား…ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ ရှင်"

"မိုးသောက်ပန်းနဲ့ တွေ့ချင်လို့ပါ…ကျွန်တော်က မိုးသောက်ပန်းရဲ့သူငယ်ချင်းပါ"

"အဲဒါဆို ခဏထိုင်စောင့်ပါဦးနော်…ကျွန်မ သွားခေါ်ပေးပါ့မယ်"

သူ ခေါင်းညိတ်အပြမှာ လျှင်မြန်စွာပဲ အပေါ်ထပ်ကိုတက်ဖို့ ထထွက်သွားတဲ့ သူမကိုကြည့်ပြီး ကောင်းမြတ် တကယ်ပဲ စိတ်မကောင်းဖြစ်ရပါသည်။ ယဉ်စစလေးနှင့် လှနေတဲ့ သူမ… နှုတ်





ကလေးကလည်းချိုပြီး သူမပုံစံလေးက တကယ့်ကို အပြစ်ကင်းစင်လှပါသည်။

ဒါကို မိုးသောက်က…

ကိုယ်ချင်းမစာ၊ ကျားခံတွင်းထဲထည့်ဖို့ ကြိုးစားနေတာ။ ယုတ်မာလိုက်တာ…သူမရဲ့ဘဝလေး အစွန်းအထင်း မဖြစ်ရအောင် လူမှုဝန်ထမ်းစိတ်နဲ့ ကိုယ်ကူညီမှဖြစ်မှာပါ။

"ဟယ်…ကောင်းမြတ်"

"…………….."

"နင်…ရောက်နေတာကြာပြီလား"

သူ မိုးသောက်ကို ပြုံးပြလိုက်ကာ…

"မကြာသေးပါဘူး…ခုလေးတင်ပဲရောက်တာပါ"

"ဪ"

ဪဆိုပြီး မိုးသောက်က လှေကားဆီသို့ တစ်ချက်ပြန်လှည့်ကြည့်ပြီးမှ…

"ဟဲ့…ကောင်းမြတ်"

"ဟင်"

"နင်…သပြေညိုကို မြင်ပြီးပြီမဟုတ်လား"

"ဆံပင်ရှည်ကြီးနဲ့တစ်ယောက်လား…စောစောက နင့်ကို ခေါ်ပေးမယ်ဆိုပြီး ထွက်သွားတာ"

"အေး…ဟုတ်တယ်…ဟုတ်တယ်။ အဲဒါ သပြေညိုပဲ…

နင် သဘောကျရဲ့လား”

ကောင်းမြတ် ပြုံးလိုက်မိသည်။ သပြေညိုမှာသာ ချစ်သူမရှိဘူးဆိုလျှင် ဒီလိုမိန်းကလေးမျိုးကို ကောင်းမြတ် ဖွဲ့ကောင်းကောင်းနဲ့ ချဉ်းကပ်ပြီး အရယူမိမှာပါ။ အခုက မိုးသောက်ပြောပုံအရဆို သူ့ ကိုကိုနဲ့ ဘာမှန်းမသိဘူးလေ။ သူများချစ်ခြင်းကို မခွဲချင်ပါဘူး။

သပြေညိုဆိုတဲ့မိန်းကလေးက…

အခုနေ ယောကျ်ားဆယ်ယောက်ကို သပြေညိုနဲ့ လက်ထပ်မလားလို့မေးကြည့် ရှစ်ယောက်လောက်က သဘောကျကျေနပ်စွာ လက်ခံကြလိမ့်မယ်ထင်ပါရဲ့။

“သဘောကျပါတယ်…ငါက ဒီလိုမိန်းကလေးကိုမှ သဘောကျတာ”

မိုးသောက် နှုတ်ခမ်းလေး မဲ့ကနဲဖြစ်သွားပြီး…

“ကိုယ်နဲ့တန်ရာတန်ရာပေါ့…မဟုတ်ဘူးလား”

“ဒါပဲပေါ့…ယောကျ်ားနဲ့မိန်းမ ဖူးစာဖက်ကြတယ်ဆိုတာ ဘုန်းကံချင်းညီမျှမှ…ဘုန်းကံချင်းမညီမျှရင် ပေါင်းစပ်လို့မှ မရနိုင်တာ”

ကောင်းမြတ် သာသာနဲ့နာနာ ပြောချလိုက်သည်။ ကိုယ်ဆိုလိုချင်တဲ့အဓိပ္ပာယ်ကို မိုးသောက် နားလည်လား…နားမလည်လားတော့ မသိပါဘူး။ ဘာမှတော့ ထပ်မပြောတော့ပေ။

“သပြေ…သပြေ”





“……………”

“သပြေညို”

“လာပါပြီ…မမလေး”

ခေါ်လိုက်တာနှင့် အသံရဲ့နောက်မှာ သပြေ အပေါ်ထပ်ကနေ ပြေးဆင်းလာတာ ကသောကမျောနှင့်ပါ။

“မမလေး…ဘာခိုင်းမလို့လဲ”

“ခဏထိုင်ဦး…နင့်ကို ငါ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးမလို့”

“ဟုတ်ကဲ့”

သူ ထိုင်ခိုင်းလို့ သပြေ ထိုင်လိုက်ရသည်သာ။

“မှတ်ထားနော်…သူက ငါ့သူငယ်ချင်း ကောင်းမြတ်တဲ့…နောက်ကို ငါရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကောင်းမြတ် အိမ်ကိုလာရင် နင် ဧည့်ဝတ်ကျေအောင် ဧည့်ခံပေးရမယ်။ အဆင်ပြေအောင် ဧည့်ခံမပေးရင်တော့ နင် ငါ့အကြောင်းသိတယ်နော်”

“ဟုတ်ကဲ့”

သပြေ…ကောင်းမြတ်ကို မရဲတရဲ ကြည့်လိုက်တော့ ကောင်းမြတ်ကလည်း သူမကို ကြည့်နေပြီး ပြုံးပြလေသည်။ ပြီးမှ

“နာမည်က သပြေညိုနော်”

“ဟုတ်ကဲ့”

“နာမည်က ရိုးရှင်းတယ်။ ဒါပေမဲ့ ပါးစပ်ထဲမှာ ခေါ်ရတာ

ကျက်သရေရှိတဲ့နာမည်ပါ။ လူကလည်း ကျက်သရေရှိရှိနဲ့ကို လှတာ''

''ရှင်''

''စိတ်မဆိုးနဲ့နော်…ကျွန်တော်က ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်လို့ပါ''

သပြေ ဒီနေရာကနေ ထွက်သွားချင်နေပါပြီ။ ဘယ်လိုလုပ်ရပါ့မလဲ။

''ဟို…မမလေး ဘာခိုင်းစရာရှိသေးလဲ မသိဘူး။ သပြေ လုပ်စရာရှိသေးလို့ပါ''

''ဘာလုပ်စရာရှိတာလဲ…ထားလိုက်စမ်းပါ။ ဒီမှာ ကောင်းမြတ်ကို ဧည့်ခံပြီး စကားပြောပေးလိုက်ဦး။ ငါ ရေအိမ်ဝင်ချင်လို့''

ပြောပြောဆိုဆိုနဲ့ မိုးသောက် ထသွားလေတော့ သပြေမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပေ။

''သပြေညို''

''………''

''ကျွန်တော့်ကို ရှက်မနေပါနဲ့ဗျာ။ ကျွန်တော့်ကို မသပြေရဲ့ မောင်လေးတစ်ယောက်လို သဘောထားပါ။ ကျွန်တော် မသပြေနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်''

သပြေ…ကောင်းမြတ်ကို ရဲရဲပဲ ကြည့်မိလိုက်တော့သည်။





မောင်လေးတစ်ယောက်လို သဘောထားပါဆိုတဲ့စကားက မဝံ့ရဲတဲ့ စိတ်ကို အားတင်းစေလိုက်တာပါ။

''ကောင်းမြတ်နဲ့ သပြေကြားမှာ အေးအေးဆေးဆေးပြောမှ ရလောက်တဲ့စကား မရှိဘူးထင်တယ်။ အခုမှ မြင်ဖူးကြတာဆိုတော့ လေ''

''ရှိတာပေါ့…မသပြေ''

''ဟင်''

အံ့ဩသွားတဲ့ပုံစံလေးကပဲ ကရုဏာသက်ချင်စရာပါ။ သူ့ခမျာ ဘာမှမသိရှာပါလားလို့လေ။

''သပြေ''

''ဟင်''

မာဆတ်ဆတ်ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ တေဇပါ။ အပြင်ကို ခဏဆိုပြီးထွက်သွားတာ။ အခု ပြန်လာပြီပေါ့။ အမယ်လေး…ကြည့်နေတဲ့ပုံက မျက်ထောင့်နီကြီးနဲ့။ သပြေကို မကျေနပ်တဲ့ပုံစံနဲ့လေ။

''အဲဒါ…ဘာလုပ်နေတာလဲ''

''ဟိုလေ…မမလေးက သူ့ဧည့်သည်ကို ခဏလောက် ဧည့်ခံထားပေးပါဆိုလို့ပါ''

''လာဦး…ဒီကို''

သပြေက ကောင်းမြတ်ကို အားနာသလို ကြည့်လိုက်လေ

တော့ ကောင်းမြတ် ပြုံးပြီးခေါင်းညိတ်ပြလိုက်သည်။ သူ သဘော ပေါက်ပါတယ်လေ။ ဒါ…မိုးသောက်ရဲ့အချစ်တော် ကိုတေဇပဲပေါ့။ ကိုတေဇက သူ့ကို မသိပေမယ့် သူကတော့ မိုးသောက်ပြလို့ ကိုတေဇဓာတ်ပုံကို မြင်ဖူးသည့်အပြင်…

တေဇမောင်ဆိုတဲ့ နာမည်က…

မိုးသောက်ပါးစပ်က မချနိုင်လို့ ရင်းနှီးနေခဲ့တာကြာပါပြီ။ သေချာပါတယ်…ကိုတေဇက သပြေကို အရမ်းချစ်တဲ့ပုံလေ။ ဘာလို့လဲဆို အခု ကိုယ်နဲ့သပြေ စကားပြောနေတာကို တွေ့လိုက်ပြီး မျက်စိမျက်နှာ ပျက်သွားပုံက သဝန်တိုသွားတာပဲပေါ့။ သဝန်တို တာ ချစ်လို့တဲ့။

"သွားလိုက်ပါ…မသပြေ…ကျွန်တော့်ကို ထားခဲ့ပါ… ရပါတယ်"

"ကျေးဇူးပါနော်"

သပြေ ထသွားလိုက်တော့…

"ငါနဲ့လိုက်ခဲ့"

"အမေ့"

သပြေကို လက်ဆွဲခေါ်သွားတာ လိုက်ရတဲ့သူမှာ ခြေချင်း ခလုတ်တိုက်မိလုမတတ်ပါပဲ။ ဒါကိုကြည့်ပြီး ကောင်းမြတ် ပြုံးလိုက်မိသည်။ စိတ်ချပါ ကိုတေဇ…ခင်ဗျားချစ်သူကို ကျွန်တော် လုမယူပါဘူးဗျာ။ ကျွန်တော်က ခင်ဗျားမသိတဲ့ သပြေအနွံရာယ်





ကို ကာကွယ်ပေးဖို့အတွက် ကူညီဖို့ရောက်လာတဲ့လူသက်သက် ပါဗျာ။

"အင့်"

"အမေ့"

"ဟွဲ"

လှေကားအတိုင်း ဆွဲခေါ်လာခဲ့ရာ အပေါ်ဆုံးအထစ်မှာ ဒေါ်ဝေမာစန်းနဲ့ဆုံပြီး သပြေနှင့် ဒေါ်ဝေမာစန်း ပခုံးချင်းတိုက်မိ သွားလေသည်။ ဒီတော့မှ သပြေ လက်ကို ဆောင့်ရုန်းပြီး…

"ကန်တော့…ကန်တော့ပါ အန်တီ"

"အေး…အေးပါ"

ဒေါ်ဝေမာစန်းလည်း ကြောင်ပြီး ဘာမှမပြောနိုင်ခင်မှာပဲ တေဇက သပြေလက်ကို ထပ်ဆွဲ၍ ခေါ်သွားလေတော့သည်။

"တေဇ…နင် ဘယ်လိုဖြစ်နေတာလဲ။ နင် အန်တီရှေ့မှာ တောင် ပမာမခန့်ပုံစံနဲ့ အတင့်ရဲတာတော့ မကောင်းပါဘူး"

"ဘာ"

"…………….."

"နင်နဲ့ပတ်သက်လာရင် ငါ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်ဘူး သပြေ…ကျေးဇူးတရားကို ငါ အခြားနည်းလမ်းနဲ့ဆပ်မယ်။ ပြော… ဟိုကောင်က ဘယ်သူလဲ"

"မမလေးသူငယ်ချင်းပါလို့ ငါ ဘယ်နှခါပြောရမလဲ တေဇ၊

ငါ့ဘဝကို နှင် သိပါတယ်"

သပြေလည်း တေဇလုပ်ရပ်ကြောင့် ဒေါသဖြစ်သွားရသည်သာ။ သူ ဒီလိုလုပ်တာကို မိုးသောက် မြင်သွားရင် ဘယ်လိုနေမလဲ။ သပြေကို ဘာပြောမလဲ။ ဒါတွေကို မစဉ်းစားဘဲ သူလုပ်ချင်ရာ စွတ်လုပ်တာကို သပြေ သည်းမခံနိုင်ပေ။ သပြေ ဒီအိမ်ကနေ ထွက်သွားလို့ မဖြစ်ဘူးဆိုတာ...

သပြေနဲ့အန်တီကလွဲရင်...

ဘယ်သူက သိနိုင်မှာလဲ။ သပြေ မျက်ရည်တွေကျလာပြီး...

"ငါ့ကို ချစ်တယ်ဆိုတာ ဘယ်လိုအချစ်မျိုးနဲ့လည်း တေဇ... ငါ့ဘဝကို နှင် နားလည်မပေးနိုင်ဘူးဆိုရင် နှင့်အချစ်က အတ္တများတဲ့ အတ္တချစ်ပဲ။ အတ္တချစ်နဲ့တော့ နှင် ငါ့ကို မချစ်ပါနဲ့။ ငါ တောင်းပန်ပါတယ်။ ငါ့ကို နှင် မချစ်ပါနဲ့တော့"

"သပြေ"

သပြေ မျက်ရည်တွေကို မြင်ရတော့မှ တေဇ သူမှားသွားပြီလို့ နောင်တရကာ...

"ငါ...ငါ မှားသွားတယ်။ ငါ တောင်းပန်ပါတယ်ဟာ... နှင့်ကိုချစ်တဲ့စိတ်နဲ့ ငါ မလုပ်သင့်တာတွေ လုပ်မိသွားတာပါ"

"............"

"နောက်...ဒီလိုမဖြစ်စေရဘူးလို့ ငါ ကတိပေးပါတယ်"

ဒီထက်ပိုပြီး တေဇ မပြောတတ်တော့ပါဘူး။ စောစောက





သပြေကို သူစိမ်းယောကျ်ားတစ်ယောက်နဲ့ စကားပြောနေတာမြင်ပြီး သူ ဘာဖြစ်သွားမှန်းမသိပေ။ အချစ်စိတ်က အသိတရားနဲ့ သတိတရားကို ဒီလိုကင်းလွတ်စေသတဲ့လား။

## အခန်း (၂၈)

သပြေ…

မိုးသောက် ဖိနပ်တွေကိုတိုက်ပြီး သူ့နေရာနှင့်သူ သေသပ်ကျနစွာ စီထားလိုက်သည်။ နောက်ဆုံးတိုက်ဖို့ကျန်နေတဲ့ ဖိနပ်တစ်ရံကို လှည့်ပြီးအယူတွင်…

"ဟင်"

သူမ မြင်ကွင်းထဲသို့ ဝင်လာတာသည် ဖြူဖွေးနုဖတ်နေသော ခြေအစုံ။ သပြေ ဖြည်းဖြည်းချင်း မော့ကြည့်လိုက်ပြီး…

"အန်တီ"

သူမကို ကလေးတစ်ယောက်လို အပြစ်ကင်းစင်တဲ့ မျက်နှာလေးနဲ့ မော့ကြည့်လာတော့ ပြုံးပြလိုက်သည်တွင်…





"သပြေ့ကို ဘာခိုင်းစရာရှိလို့လဲ အန်တီ…သပြေ ဘာလုပ်ပေးရမလဲဟင်"

အလုပ်သမားက အလုပ်ရှင်ကို ရိုကျိုးစွာဆက်ဆံပြီး မေးလိုက်သလိုမို့ ဒေါ်ဝေမာစန်းရင်ထဲမှာ ဆို့နင့်သွားလေသည်။ မအေနဲ့သမီးကြားမှာ သုံးလိုက်တဲ့စကားက သူစိမ်းဆန်လွန်းတာမို့ မခံစားနိုင်စွာ မျက်ရည်က ဝေ့ကနဲပါပဲ။ ကိုယ့်အမေရင်းကိုတောင် မေမေလို့ ဝိုင်ဝိုင်နိုင်နိုင် ခေါ်ခွင့်မရတဲ့ သမီးရယ်…

မေမေ…

မေမေ့ကို ခွင့်လွှတ်ပါ သမီးရယ်…မေမေ့ကို ခွင့်လွှတ်ပါ။

"သူစိမ်းဆန်တဲ့အခေါ်အဝေါ်နဲ့ မေမေ့ကို ပညာပြနေတာလား သမီးကြီးရယ်"

"အို…မဟုတ်…မဟုတ်ပါဘူး…ဟိုလေ"

ဒေါ်ဝေမာစန်း သမီးရှေ့မှာ ထိုင်လိုက်ပြီး သမီးပခုံးလေးကို ဆုပ်ကိုင်လိုက်ကာ…

"မေမေ…မခံစားနိုင်တော့ဘူး သမီးရယ်။ ကိုယ့်သမီးအရင်းကို မြင်နေတွေ့နေပါလျက်နဲ့ မိခင်မေတ္တာတွေ မေမေ မပေးနိုင်ဘူး။ မေမေ့သမီးကို မေမေ့ရင်ခွင်ထဲမှာ ထွေးပွေ့ထားချင်ပေမယ့် အခွင့်အရေးမရခဲ့ဘူးကွယ်။ ကိုယ့်သမီးကို အိမ်ဖော်တစ်ယောက်လို ဆက်ဆံနေကြတာ မေမေ မကြည့်ရက်တော့ဘူး…သမီး။ ဖြစ်ချင်ရာဖြစ်…မေမေ သူတို့ကို ဖွင့်ပြောလိုက်တော့မယ်"

ဖွင့်ပြောလိုက်တော့မယ်ဆိုတော့ သပြေ့ကိုယ်လေး ဆတ်ကနဲ တုန်သွားလေသည်။ မဖြစ်ဘူး…ဖွင့်ပြောလို့ မဖြစ်ပါဘူး။ မိုးသောက် သိသွားရင် မိခင်မေတ္တာကိုပါ လုယူတဲ့မိန်းမအဖြစ်နဲ့ သပြေ့ကို မုန်းနေတော့မှာ။ ညီမလေးရဲ့အမုန်းကို သပြေ မလိုချင်ပါဘူး။ သူမမှာ…

သွေးသားအရင်းအချာဆိုလို့ ဒီအမေနဲ့ ဒီညီမလေးပဲ ရှိတော့တာပါ။ ညီမလေး သပြေ့ကို မုန်းမှာကို သပြေ မလိုချင်ပါဘူး။

ဒါကြောင့်…

"ဟင့်အင်း…မပြောပါနဲ့၊ မပြောပါနဲ့ အန်တီရယ်…သပြေက ဒီဘဝနဲ့ နေသားကျနေပါပြီ။ သပြေ့အတွက် ထည့်မတွက်ပါနဲ့။ သပြေ ဒီအတိုင်းပဲ နေလို့ရပါတယ်။ မိုးသောက် စိတ်ဒဏ်ရာရမှာမျိုး သပြေ မလိုချင်ပါဘူး။ သူ့ကို အသိမပေးပါနဲ့နော်"

"သမီးရယ်"

သဘောထားပြည့်ဝလိုက်တဲ့ သမီးကြီးပါလားနော်။

"သမီးကြီး"

"…………"

"မေမေ့ကို အနားမှာ ဘယ်သူမှမရှိတဲ့အချိန်မှာတောင် မေမေလို့ မခေါ်ချင်လောက်အောင် စိတ်နာနေပြီလား သမီးကြီးရယ်… အခုလို နှစ်ယောက်တည်းရှိနေတဲ့အချိန်မှာ မေမေ့ကို မေမေလို့ ပိုင်ပိုင်နိုင်နိုင် ခေါ်လိုက်စမ်းပါ သမီးကြီးရယ်…မေမေ ကြားချင်





လို့ပါ"

သပြေ ထရပ်ပြီး မိခင်ဖြစ်သူကို ကျောခိုင်းလိုက်သည်။ မပြောရက်လို့ ကျောခိုင်းပြောရမှာလေ။ အခုလိုစကားတွေ ပြောနေတာတောင် တစ်ယောက်ယောက် ကြားသွားရင် သပြေ မေမေနဲ့ ဝေးရမှာက ကျိန်းသေပါပဲ။ သပြေ မေမေနဲ့ မဝေးပါရစေနဲ့။ ပါးစပ်အကျင့်ပါမှာစိုးလို့ မခေါ်လက်စနဲ့ မခေါ်ပါရစေနဲ့တော့။

"စိတ်တော့မရှိပါနဲ့ အန်တီ…မခေါ်လက်စနဲ့ သပြေ မခေါ်ပါရစေနဲ့။ ပါးစပ်အကျင့်ပါမှာစိုးလို့ပါ"

"အဲဒီလိုတော့ မပြောပါနဲ့ သမီးရယ်…မေမေက သမီးကို အခြေအနေအရပ်ရပ်ကြောင့် ဒီလိုဘဝနဲ့ ထားနေရတာပါ"

"သပြေ နားလည်ပါတယ် အန်တီ…အဲဒီအခြေအနေအရပ်ရပ်ကြောင့်ပဲ သပြေ မခေါ်ပါရစေနဲ့။ နှုတ်၏စောင့်စည်းခြင်းနဲ့ ပါးစပ်က မခေါ်ပေမယ့် ရင်ထဲမှာတော့ မေမေဆိုတဲ့ခေါ်သံက ပွဲတင်ထပ်နေတာပါ။ ရင်ထဲကခေါ်သံကို အန်တီ့နှလုံးသားနဲ့ နားထောင်ပြီး ကျေနပ်ပေးပါ"

ဒေါ်ဝေမာစန်းမှာ ပြောစရာစကား မရှိတော့ဘွာနှင့်ပဲ မျက်ရည်သာကျနေမိတော့သည်။

"မငိုပါနဲ့ အန်တီ…မိဘမျက်ရည်တစ်စက် သားသမီးဆင်းရဲ တစ်သက်တဲ့…သပြေ အခုထိ ဆင်းရဲတွင်းထဲကနေ မတက်နိုင်သေးပါဘူး"

သမီးစိတ်ချမ်းသာဖို့အတွက် ဒေါ်ဝေမာစန်း ချက်ချင်းပဲ မျက်ရည်တွေကိုသုတ်လိုက်ကာ…

"မငိုတော့ပါဘူး သမီးရယ်…မေမေ မငိုတော့ပါဘူး။ သမီးက မေမေလို့ မခေါ်ချင်ရင်လည်း ရပါတယ်…မေမေ့ရဲ့မေတ္တာ ရိပ်အောက်မှာ သမီးရှိနေရင်ပဲ မေမေ ကျေနပ်ပါပြီ သမီးရယ်"

"အန်တီ"

"ပြောလေ…သမီး"

ပြောလေဆိုတော့ ပြောခါနီးမှာ ရင်ဘတ်ထဲ ဘယ်လိုအရာတွေ ခသွားမှန်းမသိတော့ပါဘူး။

"မိုးသောက်ရဲ့တောင်းဆိုမှုကို အမြန်ဆုံး အကောင်အထည် ဖော်ပေးလိုက်ပါ အန်တီ…မိုးသောက်အတွက် သပြေ့နှလုံးသားကို စတေးဖို့ ဆုံးဖြတ်ပြီးပါပြီ"

"ဟင်"

သပြေ ဒီကိစ္စကို ဘယ်လိုသိသွားပါလိမ့်။ ကိုယ်က မပြော ရက်လို့ မပြောဘဲထားတာပါ။ ဒီကိစ္စအတွက် သမီးနှစ်ယောက်ကြား မှာ ကိုယ်အခက်တွေ့နေတာတော့ အမှန်ပါပဲ။

"အန်တီ…မိုးသောက်ကို ကတိပေးထားတယ်မဟုတ်လား။ သူ့ဆန္ဒကို ဖြည့်ဆည်းပေးမယ်လို့လေ။ ဖြည့်ဆည်းပေးလိုက်ပါ အန်တီ…အန်တီ ကတိဖျက်မခံပါနဲ့"

"ဒီအကြောင်းတွေကို သမီးက"





"အဲဒီနေ့က သပြေ မိုးသောက်ကို အိပ်ရာကနိုးဖို့ လာခဲ့တာ ပါ။ အန်တီနဲ့မိုးသောက် ပြောနေတာတွေကိုကြားပြီး သပြေ လှည့်ပြန်ခဲ့ခြင်းမှာ ဆုံးဖြတ်ချက်တစ်ခုပါ ချလိုက်တယ်။ ဘာလဲ ဆိုရင် တေဇကို စွန့်လွှတ်လိုက်ဖို့ပေါ့"

"အို…သမီးရယ်"

ဘယ်လိုဝဋ်ကြွေးကြောင့်များ ဒီလိုတွေ ကြုံတွေ့နေရပါလိမ့် ကလေးရယ်။ ရှုံးပြီးရင်း ရှုံးနေရတဲ့ဘဝ။ မိသားစုအပေါ်မှာ မေတ္တာ ကြီးမားသူမို့သာ ဒီလိုတွေ ရှုံးနေရတာဆိုရင် မမှားပါဘူး။ ညီမ ဖြစ်သူ စိတ်ချမ်းသာဖို့အတွက် ချစ်သူကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ထား သော အချုံးသမားရဲ့ မျက်ရည်စက်တွေက…

မာနကြီးစွာနှင့်…

ပါးပြင်ပေါ်သို့ ကျမလာပေ။ သူမတို့ တရားပါရဲ့လား။ သမီး ငယ်အတွက် အတ္တကြီးသင့်ရဲ့လား။

"အချိန်တွေရှိပါသေးတယ် သမီးရယ်…သမီးငယ်အတွက်ပဲ စဉ်းစားပေးရင် သမီးကြီးအပေါ်မှာ မေမေ မတရားရာကျသွားမှာ ပေါ့"

"မိုးသောက် ပျော်ရွှင်ဖို့အတွက် သပြေ ကျေကျေနပ်နပ်နဲ့ ချစ်သူကို စွန့်လွှတ်တာ တရားပါတယ် အန်တီ…တစ်ထောင့်ငါးရာ သောအချစ်က အစားထိုးလို့ ရပါတယ်။ ငါးရာနှစ်ဆယ့်ရှစ်ဆိုတဲ့ မိသားစုမေတ္တာက အစားထိုးလို့ မရပါဘူး။ သပြေ မိုးသောက်ဆီက

အချစ်တွေ မရရင်နေပါစေ။ အမုန်းတွေ ထပ်မယူပါရစေနဲ့တော့"

ထိန်းချုပ်ထားသည့်ကြားမှပင် သပြေ မျက်ဝန်းမှ မျက်ရည်ဥတို့သည် ပါးပြင်ပေါ်သို့ စီးကျလာတော့၏။ သပြေ…သိပ်ချစ်ပါတယ်ဆိုတဲ့ ချစ်သူကို စွန့်လွှတ်ဖို့ တကယ်ပဲ ဆုံးဖြတ်ပြီးပြီလေ။ ငါ့ကို ခွင့်လွှတ်ပါ တေဇရယ်…မုန်းလို့ မဟုတ်ပေမယ့် အချစ်ဆုံးညီမအတွက်…

အချစ်ဆုံးသူ…

ရက်စက်လိုက်ရတာ မလွှဲသာလို့ပါ။

"အဲဒီအတွက် ကျေးဇူးတင်ပါတယ် သမီးရယ်…နောက်ထပ်ပြောစရာစကားဆိုလို့ မေမေ့ကို ခွင့်လွှတ်ပါဆိုတဲ့စကားပဲ ကျန်ပါတော့တယ်"

သပြေ မျက်ရည်တွေကိုသုတ်လိုက်ပြီး…

"သပြေ့ကို ခွင့်ပြုပါဦး အန်တီ…သပြေ လုပ်စရာလေးတွေ ရှိသေးလို့ပါ"

ပြောပြီး သပြေ ကျန်နေတဲ့ ဖိနပ်အနီလေးကို ကောက်ပြီး နေရာတကျ ပြန်ထားခဲ့ကာ ထွက်လာခဲ့တော့သည်။

~~~





## အခန်း (၂၉)

"ဒီကိစ္စကို ငါ လုံးဝ လက်မခံနိုင်ဘူး မိုးသောက်ယန်း…မင်းတို့ လုပ်ချင်တိုင်းလုပ်၊ ချယ်လှယ်ချင်တိုင်း ချယ်လှယ်နေရအောင် ငါက ကျောက်ရုပ်မှမဟုတ်တာ"

တေဇ ပွဲကြမ်းလေပြီ။ အခုမှ အိမ်ကဖုန်းဆက်ပြောလို့ သိရတာ။ တေဇနဲ့မိုးသောက်ယန်းကို လူကြီးချင်းသဘောတူပြီး လက်ထပ်ပေးကြတော့မလို့တဲ့။ ဒီက ဘာမှမပြောဘဲ ကျိတ်လုပ်ကြတာ။ အခုအိမ်က လှမ်းပြောမှပဲ သိရတော့တာလေ။

မင်္ဂလာကိစ္စအတွက်…

သူတို့ ရန်ကုန်ကို လာမလို့တဲ့။ ပြောလိုက်တဲ့စကားတွေက ကျေးဇူးတရားနဲ့ ချုပ်ပြီးတုပ်ပြီးပါပဲ။
~~~

"ဘာလဲ ကိုကို…ကိုကိုက မိုးသောက်နဲ့ လက်ထပ်ဖို့ကိစ္စကို လက်မခံနိုင်ဘူးလို့ ပြောတာလား"

"ဟုတ်တယ်…အဲဒီကိစ္စကို ငါ လက်လည်းမခံဘူး။ ခြေလည်းမခံနိုင်ဘူး"

"ကိုကိုက မိုးသောက်ကို လက်မခံနိုင်ရလောက်အောင် မိုးသောက်က ဘာဖြစ်နေလို့လဲ…ကိုကို"

"ဟ…အပြစ်မရှိတာနဲ့ပဲ ငါက နင့်ကို လက်ထပ်ရမှာလား။ အဲဒီလိုပြောကြကြေးဆို…သပြေမှာလည်း အပြစ်မရှိဘူးလေ။ ငါ ဘယ်လိုခွန်အားမျိုးနဲ့ သူ့အပေါ် ရက်စက်ရမှာလဲ…ပြော"

"သပြေညို့အကြောင်းကို ကိုကို့ပါးစပ်က ထည့်မပြောစမ်းပါနဲ့။ မကြားချင်ဘူး…အဲဒီနာမည် ကြားရတာ နားခါးတယ်"

"ဘာ"

သပြေအကြောင်းမပြောနဲ့၊ နားခါးတယ်တဲ့။ တော်တော်တရားပါလား။ ကိုယ်ချင်းမစာတတ်တာက သူ။ သူ့နာမည်ကို ခေါ်ရတာ ကိုယ့်ပါးစပ်ရော ဘယ်လောက်ခါးနေမလဲ။ ဒါကိုကျတော့ ထည့်မတွက်ဘဲ သူများကိုကျတော့ ပြောတတ်လိုက်တာ။

"ကိုကို"

"…………….."

"မိုးသောက်က ကိုကို့ကို သိပ်ချစ်ခဲ့တာပါ ကိုကိုရယ်… ဒါကြောင့်လည်း အဆုံးရှုံးမခံနိုင်လို့ လက်ထပ်ချင်ခဲ့တာပါ။





မိုးသောက်…ကိုကို့ကို အရမ်းချစ်တယ်"

"အဲဒါ…နင့်စိတ်နဲ့ နင့်ကိုယ်ပဲ မိုးသောက်…နင့်လွတ်လပ်ခွင့်နဲ့နင်…နင့်ဘာသာချစ်တာ…ငါက ချစ်ပါချစ်ပါလို့ နင့်ကို တောင်းပန်ခဲ့တာမှ မဟုတ်ဘဲ။ ငါကတော့ ရှင်းရှင်းပဲ။ ငါ…သပြေကိုပဲ ချစ်တယ်။ သပြေကိုပဲ လက်ထပ်မယ်။ အဲဒီလိုဆုံးဖြတ်လို့ ပညာတတ်ဖြစ်ပြီးတော့ဆိုပြီး ပညာနဲ့ကိုင်မပေါက်နဲ့။ ပညာရေးက တခြား…နှလုံးသားရေးက သပ်သပ်ပဲ"

ဒီလိုပြောလိုက်တာသည် ကိုယ့်ခံယူချက်နဲ့ ကိုယ့်ဘက်က အမှန်တရားပါပဲ။ အချို့က ပြောတတ်လွန်းလို့လေ။ ပညာတတ်တစ်ယောက်ဖြစ်နေပြီး ကိုယ်နဲ့ ဘယ်လိုမှ တန်းညှိလို့မရတဲ့ မိန်းကလေးကိုမှ ချစ်သူအဖြစ် ရွေးချယ်ရမလားဆိုတာမျိုးပေါ့။ ပညာသင်တာက ဦးနှောက်။

ချစ်တာက နှလုံးသား…

ဆိုင်မှမဆိုင်တာ။

"ကိုကိုက မိုးသောက်ကို စိန်ခေါ်နေတာလား"

"နင်…ထင်ချင်သလိုထင်နိုင်တယ်"

မိုးသောက် စိတ်ထဲမှာ တင်းကနဲ ဖြစ်သွားလေသည်။ မိန်းကလေးတစ်ယောက်က ကိုယ့်အရှက်နဲ့ဂုဏ်သိက္ခာကို မငဲ့ဘဲ ချစ်ပါတယ်လို့ပြောတာတောင် သူက ခါးခါးသီးသီးဖြစ်နေတာ။ အချစ်ကြီးရင် အမျက်ကြီးတယ်တဲ့။ မိုးသောက်က ဒီလူကိုမှ ချစ်မိ

နေတော့…

"စိန်ခေါ်ပြီးရင်တော့ ဘွာမခတ်ကြေးနော် ကိုကို…ကိုကို့ကို ပိုင်ဆိုင်ရဖို့ မိုးသောက် ဘာမဆိုလုပ်ရဲတယ်။ ဒီပွဲမှာ အနိုင်အရှုံး ဆုံးဖြတ်ဖို့ သပြေကို ဘောလုံးတစ်လုံးလိုပဲ သတ်မှတ်ရမယ်။ ကန်ထုတ်လို့မှ နေရာမရွေ့ရင် ထိုးဖောက်ပစ်ရမှာပဲ"

"မိုးသောက်ပန်း"

တေဇ အံကြိတ်သံနှင့် တစ်ခွန်းချင်း ခေါ်လိုက်မိသည်။ သပြေ အတွက် စိုးရိမ်စိတ်တွေလည်း ရင်ထဲမှာ ဖြစ်တည်သွားမိ၏။

"နင် ငါ့ကိုချစ်တာလား…ငါ့အပေါ် အနိုင်ယူချင်တာလား။ ရှင်းရှင်းပြောစမ်းပါ"

"မိုးသောက်…ကိုကို့ကို အရမ်းချစ်တယ်၊ သပြေ့အပေါ်မှာ အနိုင်လိုချင်တယ်…အဲဒါ…ရှင်းရှင်းပဲပြောတာ"

"နင်…တော်တော်အတ္တကြီးပါလား မိုးသောက်ပန်း။ ဘယ်သူသေသေ ငေါမာရင်ပြီးရောဆိုတဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်တွေရှိနေသရွေ့ နင့်ကို ငါ ဘယ်တော့မှ အထင်ကြီးလို့ရမှာ မဟုတ်ဘူး။ ငါကလည်း ရှင်းရှင်းပဲ။ သပြေကလွဲရင် ငါ ဘယ်သူ့ ကိုမှ မချစ်နိုင်ဘူး"

မိုးသောက်ပန်း မဲ့ပြုံး ပြုံးလိုက်သည်။ သူမကလည်း လွယ်လွယ်နဲ့ အလျှော့ပေးတတ်သူမှ မဟုတ်တာ။ လိုချင်ပြီဆို တုံးခု လို့မှလှမ်းမရရင် အမြစ်ပါဖော်ပြီး လှဲပစ်မယ်ဆိုတာမျိုးပေါ့။





"ကိုကို…အဲဒီလိုပြောလို့ မိုးသောက် နောက်ဆုတ်လိမ့်မယ် တော့ မထင်နဲ့ ကိုကို…ကိုကို ဘယ်သူ့ကိုပဲချစ်ချစ် ကိုကို့ရဲ့ဇနီး ကတော့ မိုးသောက်ပဲဖြစ်ရမယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ သပြေ ကံကြမ္မာက ကိုကို့လက်ထဲမှာလို့ ပြောလို့ရတယ်"

"မိုးသောက်ပန်း"

ပြောပြီး မိုးသောက်က မိန်းမရိုင်းကြီးသဖွယ် ဟက်ဟက် ပက်ပက် ရယ်လေတော့ တေဇ ဒေါသကို မထိန်းနိုင်တော့ပေ။

"တောက်…မိန်းမယုတ်"

ဒေါသကြောင့် ဆင်ခြင်တုံတရား ကင်းမဲ့စွာနှင့် လက် တစ်ဖက်က မြှောက်တက်သွားစဉ်…

"တေဇ"

"…………"

"တေဇ…မလုပ်နဲ့"

သပြေ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် မျက်လုံးပင် ပြာသွား လေသည်။ ဈေးခြင်းကို လွှတ်ချလိုက်ပြီး တေဇဆီသို့ ပြေးသွားကာ တေဇလက်ကို ဆွဲထားလိုက်စဉ်မှာပဲ…

"နင်…သူ့ရဲ့ကောင်းကြီးဝင်လုပ်လို့ ငါက ကျေးဇူးတင်လိမ့် မယ်မထင်နဲ့ သပြေညို…လွှတ်ပေးလိုက်။ ကိုကိုက ရိုက်မယ်ဆိုရင် ငါ အရိုက်ခံမယ်…လွှတ်ပေးလိုက်ပါ"

တေဇ လက်ကို ပြန်ရုတ်လိုက်ပြီးနောက် မိုးသောက်က

ရွှေတိုးလာကာ...

"ရိုက်လေ...ကိုကို...ရိုက်ပါ...သပြေတားလို့ လက်ပြန်ရုတ်တာမျိုး မိုးသောက် မလိုချင်ဘူး။ မိုးသောက်ကို ရိုက်လိုက်ပါ"

"တောက်"

"မိုးသောက်...ကိုကို့ကို ချစ်မိတာအပြစ်လား။ ရိုက်ရုံတင်မဟုတ်ဘူး...ကိုကိုက သတ်မယ်ဆိုလည်း မိုးသောက် အသေခံမယ်။ မိုးသောက်... ကိုကို့ကို အဲဒီလောက်အထိ ချစ်တာပါကိုကိုရဲ့"

"တော်စမ်း...မိုးသောက်"

"တေဇ"

"..............."

"မိုးသောက်က နင့်ကို တကယ်ချစ်လို့ ဒီလောက်မိန်းကလေးတန်မဲ့ ပြောနေတာကို နင် နားမလည်ဘူးလား"

ပြောပြီး သပြေ...တေဇရှေ့မှာ ဒူးထောက်ချလိုက်တော့သည်။ ညီမလေး စိတ်ချမ်းသာဖို့အတွက် သပြေ ဘယ်သူ့ရှေ့မှာပဲဒူးထောက်ပြီး တောင်းပန်ရ...တောင်းပန်ရ တောင်းပန်လိုက်ချင်သည်။ သူ့ခမျာ တေဇကို တကယ်ချစ်ရှာတာလေ။ သူ့ခံစားချက်တွေကို ကိုယ်ချင်းစာစွာဖြင့်...

"ငါ တောင်းပန်ပါတယ် တေဇရယ်...မိုးသောက်က နင့်ကိုတကယ်ချစ်တာပါ။ မိုးသောက်ကို နင် လက်ထပ်လိုက်ပါနော်"





"သပြေ...နင်...အဲဒါဘာလုပ်တာလဲ...ခု...ထစမ်း"

တေဇ...သပြေကို ချက်ချင်းပဲ ဆွဲထူလိုက်သည်။ သူများအတွက်နဲ့ သူက ကိုယ့်ရှေ့မှာ ဒူးထောက်ပြီး တောင်းပန်စရာလား။ အချစ်ဆိုတာ ပိုပြောင်းဒီရွှေ့ လုပ်လို့မှမရတာ။

"ကိုကို"

"..............."

"သပြေညီ့ကို ကိုကို သိပ်ချစ်တာပဲလား"

"ဟုတ်တယ်...သိပ်ချစ်တာပေါ့။ သပြေကို ငါ အရမ်းချစ်တယ်"

"တေဇ"

သပြေက မပြောဖို့ ခေါင်းခါပြပေမယ့် မှန်ရာမှန်ကြောင်း ပြောပြီးပြီပဲလေ။

"ကိုကို သပြေကိုချစ်တာထက် မိုးသောက်က ကိုကို့ကို ပိုချစ်တယ် ကိုကို...အဲဒါကြောင့် အဆုံးရှုံးမခံနိုင်တာ မိုးသောက်တရားပါတယ်"

"ဟုတ်တယ် တေဇ...နင် မိုးသောက်ကိုပဲ လက်ထပ်ပါ။ နင် သူ့ကို လက်မထပ်လို့ ငါက နင့်ကို လက်ထပ်လိမ့်မယ်လို့ မထင်နဲ့။ ငါ နင့်ကို ဘယ်တော့မှ လက်မထပ်ဘူး"

"ဟင်"

ဒါ...သပြေရဲ့ပေးဆပ်မှုလား။ မိုးသောက်အတွက် သူ ဘာလို့

ဒီလောက်ပေးဆပ်ချင်နေရတာလဲ။ တေဇ နားမလည်နိုင်တော့ပေ။

"နင်…ငါ့ကို တကယ်ချစ်တယ်ဆိုရင် မိုးသောက်ကို လက်ထပ်လိုက်ပါ…တေဇ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တဲ့အကြောင်းကို တစ်နေ့တော့ နင် သိလာမှာပါ။ အခုတော့ ငါ့ကိုချစ်ရင် ငါ့စကားကို နားထောင်ပါနော်"

သပြေ…တေဇလက်ကို ဖယ်ချပစ်လိုက်သည်။ ပြီးတော့ သူတို့ကို ကျောခိုင်းပြီး ထွက်လာခဲ့တော့၏။ ဘာဆိုင်လဲတဲ့လား။ ဆိုင်လို့သာ ပေးဆပ်တာပေါ့ တေဇရယ်။

"ကိုကို"

မိုးသောက်…တေဇလက်မောင်းကို ဆုပ်ကိုင်လိုက်တော့ တေဇ ဖယ်ချလိုက်ကာ…

"အစကတည်းက ဒီလိုတွေဖြစ်မယ်မှန်းသိရင် ငါ ဒီမှာ ကျောင်းလာမတက်ဘူး"

~~~





## အခန်း (၃၀)

မီးဖိုချောင်အခန်းထောင့်လေးမှာ တသိမ့်သိမ့် ရှိုက်ငိုနေတဲ့ သပြေကိုကြည့်ပြီး ကိုထူးမောင် စိတ်မကောင်းဖြစ်ရသည်သာ။ ကိုယ့်ညီမသာဆိုရင် ဒီနေရာကနေ ဝေးရာကို ခေါ်သွားတာကြာပြီပေါ့။ သူ့ခမျာ အနှိမ်ခံဘဝနဲ့ နေ,နေရတာ။ ချစ်သူကိုလည်း စွန့်လွှတ်ရ…ဘယ်ဘဝက ဝဋ်ကြွေးကြောင့်ပါလိမ့်။

သနားပေမယ့် ကိုယ်ကရော ဘာတတ်နိုင်မှာတဲ့လဲ။

"သပြေ"

"…………"

"ငိုမနေပါနဲ့ ညီမရယ်…အခုမှတော့ ဖြစ်သမျှအကြောင်း အကောင်းလို့ပဲ သတ်မှတ်လိုက်ပါတော့။ ညည်းပဲ တေဇကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ထားတာမဟုတ်လား"
~~~

ဒီလို နှစ်သိမ့်ပေးရုံကလွဲပြီး အခြားပြောစရာစကားက မရှိပေ။ သနားလို့ ကူခံစားပေးလို့ရတာမှ မဟုတ်တာ။

“နှင်…မိုးသောက်အပေါ်မှာ ဘာကြောင့် ဒီလောက်ငှဲ့ညှာနေလဲဆိုတာကို ငါ စဉ်းစားလို့မရဘူး သပြေ…တကယ်ဆိုရင် ဒီအိမ်မှာ အလုပ်မလုပ်ရလည်း အခြားမှာ ပြောင်းလုပ်လို့ရတာပဲဥစ္စာ”

သပြေ မျက်ရည်တွေကို သုတ်လိုက်ပြီး…

“အကြောင်းရှိလို့ပေါ့ ကိုထူးမောင်ရယ်…သပြေ ဒီအိမ်ကနေ ထွက်မသွားနိုင်တဲ့အကြောင်း ရှိနေလို့ပေါ့။ ဒါပေမဲ့…အခုတော့”

“အခုတော့ ဘာဖြစ်လဲ…သပြေ”

“သပြေ…ဒီအိမ်ကနေ ထွက်သွားမှ ဖြစ်တော့မယ် ကိုထူးမောင်”

“ဟာ”

ကိုထူးမောင် နားလည်ရခက်စွာနှင့် ခေါင်းကိုကုတ်လိုက်ပြီး-

“နှင့်ကို ငါ ဘယ်လိုနားလည်ရမှန်းကို မသိတော့ဘူး”

“သပြေ အခုလိုလုပ်တာ ခွင့်လွှတ်ခြင်းနဲ့ အနိုင်ယူချင်တာ မဟုတ်ပါဘူး ကိုထူးမောင်…နားလည်မှုနဲ့ အရှုံးပေးလိုက်တာပါ”

ဘာပဲဖြစ်ဖြစ် ခွင့်လွှတ်ခြင်းဆိုတာက အစွမ်းထက်တဲ့ လက်နက်ပဲလေ။ ဒါပေမဲ့ ရှုံးတာကတော့ ရှုံးတာပါပဲ။ မေတ္တာ





တရားကြောင့် နိုင်တာကသပ်သပ်၊ နှလုံးသားမှာ အရှုံးမြားမှန်တာက သပ်သပ်ပါပဲ။

“သပြေ”

“…………”

“နှင်…တကယ်ပဲ ဒီအိမ်ကနေ ထွက်သွားတော့မှာလား”

သပြေ ခေါင်းညိတ်လိုက်ပြီး…

“သပြေ ဆုံးဖြတ်ပြီးပါပြီ”

“ဒါဆို နှင် ဘယ်ကိုသွားမယ်လို့ စိတ်ကူးထားလဲ”

“သပြေ…တောကိုပဲပြန်မှာပါ”

“ဩော်”

“သံယောဇဉ်တွေ တွယ်ငြိနေသရွေ့ သပြေ ဒီသံသရာထဲကနေ ရုန်းထွက်မှာမဟုတ်ဘူး။ အဲဒါကြောင့် တောပြန်ပြီး တောမှာပဲ အေးအေးဆေးဆေး လုပ်ကိုင်စားသောက်တော့မယ်”

“သမီး”

ဒေါ်ဝေမာစန်း ဆက်ပြီးနားထောင်နိုင်စွမ်း မရှိတော့ပေ။ သမီးတစ်ယောက်တည်း ရှိနေတယ်မှတ်လို့လာခဲ့တာ။ ထူးမောင်နဲ့ပြောနေတဲ့စကားသံတွေကို ကြားရတော့ ရင်ထဲမှာ မချိတော့ပေ။

“သမီး…တကယ်ပဲ တောကိုပြန်တော့မလို့လားဟင်”

သပြေ ခေါင်းပဲညိတ်ပြလိုက်မိတော့သည်။

“အေးလေ…ပြန်မယ်ဆိုလည်းပြန်ပါ။ မေမေ မတားတော့ပါ

ဘူး''

''အန်တီ''

ကိုထူးမောင်ရှေ့မှာ မေမေလို့ ထည့်ပြောလိုက်တာမို့ သပြေ အမူအရာနဲ့ တားဆီးလိုက်ပေမယ့်…

''သမီးဒုက္ခနဲ့ သမီး ခံစားနေရတာကို မေမေ မကြည့်ရက်တော့ပါဘူးကွယ်''

''ဟင်''

ကိုထူးမောင် အံ့သြစွာနှင့် သပြေကိုတစ်လှည့်၊ ဒေါ်ဝေမာစန်းကိုတစ်လှည့် ကြည့်မိလေတော့သည်။ ဘာတွေဖြစ်ကုန်ပြီလဲ။

''တော်ပါတော့ အန်တီ…အန်တီ ဆက်မပြောပါနဲ့တော့''

သပြေ ပြောပြီး မီးဖိုချောင်ထဲကနေ မပြေးရုံတမယ် ခြေလှမ်းတို့နှင့် ထွက်သွားလေလျှင်…

''သမီး''

~~~





## အခန်း (၃၁)

''သြော်…မိုးသောက်က သပြေ့အပေါ်မှာ အဲဒီလောက်အထိ မုန်းခဲ့တာကိုး''

အမှန်တရားကို ပြောပြလိုက်ရင် သပြေ ဒေါသထွက်မယ်ထင်ပြီး ကောင်းမြတ် မဝံ့မရဲနှင့် ပြောပြရတာပါ။ ဒါပေမဲ့ သူထင်သလို မသပြေက ဒေါသမထွက်ပေ။ ဝမ်းနည်းသလို မျက်ရည်ပဲလည်တာပါ။ ကိုယ်လည်း ဒီကိစ္စကို ပြောမပြချင်ပါဘူး။ မိုးသောက်က ကိုယ့်သူငယ်ချင်းပဲလေ။

ပြီးတော့…

ကိုယ်က စကားအရောင်းအဝယ်လုပ်တတ်သူမှ မဟုတ်တာ။ ခုက မပြောမဖြစ်မို့လို့ ပြောရတာပါ။ သတိဆိုတာ ပိုတယ်မရှိဘူးလေ။ မသပြေလို ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးကို အယုံလွယ်
~~~

လို့ ဘဝမပျက်စေချင်ပါဘူး။ ဒါကြောင့် သူမကိုယ်သူမ ကာကွယ်နိုင်အောင် မဖြစ်မနေ ပြောပြရတာပါ။

“အခုလို သပြေ့အပေါ် စေတနာထားပြီး ပြောပြတဲ့အတွက် ကောင်းမြတ်ကို သပြေ တကယ်ကျေးဇူးတင်ပါတယ်”

“ရပါတယ် မသပြေ…ကျွန်တော် အခုလိုပြောပြတာကို မသပြေ တစ်မျိုးမထင်ဘူးဆိုရင်ပဲ ကျွန်တော် ကျေနပ်ပါတယ်ဗျာ”

သပြေ မျက်ရည်ကို သုတ်လိုက်ပြီး…

“မထင်ပါဘူး ကောင်းမြတ်…ကောင်းမြတ်လည်း သပြေ့အတွက် စိတ်မပူပါနဲ့တော့”

“ဘာဖြစ်လို့လဲ မသပြေ”

ပြုံးလိုက်မိတဲ့အပြုံးက မချိုပြုံးပါ။

“သပြေ ရွာကိုပြန်တော့မှာမို့လို့ပါ”

“ဗျာ”

“ရွာမှာပဲ ကြုံရာအလုပ်ကို အေးအေးဆေးဆေး လုပ်စားတော့မယ်။ ပင်ပန်းချင်လည်း ပင်ပန်းပါစေ။ သပြေ့အတွက်ကတော့ ရိုးနေပြီလေ”

ကောင်းမြတ် တကယ် စိတ်မကောင်းဖြစ်မိပါသည်။ ဒီလို ရိုးသားအေးချမ်းတဲ့ မိန်းကလေးတစ်ယောက်ကိုမှ ကံကြမ္မာက ရက်စက်လိုက်တာ။ ရုပ်ကလေးက ယဉ်စနဲ့လှသလောက် ဘဝက တော့ မလှရှာပေ။





“မသပြေ”

“……………”

“မသပြေ ဘယ်တော့ပြန်မှာလဲ”

“သပြေ မနက်ဖြန်ပဲ ပြန်တော့မှာပါ”

“ဪ”

မြန်လိုက်တာလို့ မပြောတော့ပါဘူး။ သူလည်း သူ့အခက်အခဲနဲ့သူပဲလေ။

“မသပြေ…ကျွန်တော့်ကို ယုံကြည်တယ်ဆိုရင်တော့ ကျွန်တော် အဝေးပြေးကို လိုက်ပို့ပေးချင်ပါတယ်။ မသပြေကို ကြည့်ရတာ လည်လည်ဝယ်ဝယ်ဖြစ်မယ့်ပုံလည်း မရှိဘူး။ ဟို… ကျွန်တော် ခုလိုပြောတာကို စိတ်မဆိုးပါနဲ့နော်”

“မဆိုးပါဘူး ကောင်းမြတ်ရယ်…တကယ်လည်း သပြေ အဝေးပြေးကိုသွားဖို့ ဘယ်ကားစီးရမယ်ဆိုတာ မသိသေးပါဘူး။ ကိုထူးမောင်ကို မေးကြည့်ရဦးမှာပါ”

ကောင်းမြတ် ခေါင်းညိတ်လိုက်ပြီး…

“မသပြေ ရွာပြန်မယ်ဆိုတာကို ဒီအိမ်သားတွေသိအောင် အသိပေးထားလား မသပြေ”

သပြေ ခေါင်းခါလိုက်မိသည်။ ကိုထူးမောင်နဲ့အန်တီကလွဲရင် ကျန်တဲ့သူတွေ မသိဘူးလေ။ အထူးသဖြင့် တေဇကို အသိမပေးချင်တာပါ။

"အန်တီနဲ့ကိုထူးမောင်တော့ သိပါတယ်။ ဒါပေမဲ့ မနက်ဖြန်ဖြန်မယ်ဆိုတာကို မသိကြပါဘူး။ သပြေ ဘယ်သူ့ကိုမှ နှုတ်မဆက်ချင်ဘူး ကောင်းမြတ်…ကိုထူးမောင်ကိုတော့ မဖြစ်မနေအသိပေးခဲ့မှာပါ"

"ဒါဆို ကျွန်တော် လိုက်ပို့ရမလား"

ကောင်းမြတ်ကိုကြည့်လိုက်တဲ့ သပြေ့မျက်ဝန်းထဲမှာ မယုံသင်္ကာဖြစ်တဲ့ အရိပ်အရောင်မရှိပေ။ ကောင်းမြတ်ကလည်း ရိုးရိုးသားသား ကူညီချင်သူမို့…

"ဒီလိုလုပ်ပါလား မသပြေ"

"……………"

"ကိုထူးမောင်နဲ့တိုင်ပင်ပြီး ကျွန်တော့်မှတ်ပုံတင်နဲ့ ဖုန်းနံပါတ်ကို ကိုထူးမောင်ဆီမှာ ပေးထားခဲ့မယ်လေ…ဖြစ်ရဲ့လား"

"အဲဒီလောက်အထိ မလိုပါဘူး ကောင်းမြတ်ရယ်… ကောင်းမြတ်ကို သပြေ ယုံပါတယ်"

ကိုယ့်ကိုယုံတယ်ဆိုတော့ ကောင်းမြတ် ကျေနပ်သွားလေသည်။ ကိုယ်ကလည်း မိုးသောက်ရဲ့ အမုန်းစက်ကွင်းထဲကနေ သပြေ့ကို လွတ်မြောက်စေချင်တာသက်သက်ပါ။ အခြားဘာစိတ်မှ ရှိတာမဟုတ်တော့ ကိုယ့်ကူညီမှုအတွက် လိပ်ပြာသန့်ပါသည်။

"ဒါဆို…သပြေ့ကို ကောင်းမြတ်ပဲ လိုက်ပို့ပါနော်။ အဲဒီအတွက် သပြေ ကောင်းမြတ်ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး၊





တကယ်ပါ"

"ရပါတယ်ဗျာ…ခုလို ကူညီခွင့်ရတာကို ကျွန်တော် ကျေနပ်ပါတယ်"

သူတို့နှစ်ယောက် စကားပြောနေတာက တိုက်ရှေ့ဒန်းလေးပေါ်မှာမို့ ခြံထဲသို့ ကားဝင်လာတာမြင်လိုက်တာနှင့် သပြေက ကောင်းမြတ်ဘက်ကို တိုးထိုင်လိုက်မိသည်။ ကားပေါ်မှာ တေဇနဲ့ မိုးသောက်ပဲပေါ့။ သပြေ ဘာဖြစ်ချင်တယ်ဆိုတာကို ကောင်းမြတ်ကလည်း သဘောပေါက်စွာနှင့်…

သပြေဘက်သို့ ကိုယ်ကိုတိမ်းကာ ပခုံးချင်းထိထားလိုက်သည်။ ကားတံခါးဖွင့်ပြီး ဆင်းလာသူတွေကတော့…

"ဟော…ကောင်းမြတ် ရောက်နေပါလား"

ကောင်းမြတ် ခေါင်းညိတ်ပြီး ပြုံးပြလိုက်တော့…

"တောက်"

"…………"

ဘယ်သူ့ကို တက်ခေါက်သွားမှန်းမသိတဲ့ တေဇ…ခြေလှမ်းကျဲများနှင့် အိမ်ထဲသို့ဝင်သွားလေတော့သည်။ မိုးသောက်ကတော့ ကျေနပ်ပြုံးနှင့်သာ။

"ဘယ်လိုလဲ…အဆင်ပြေရဲ့လား ကောင်းမြတ်"

"ပြေပါတယ်"

"OK…ကျေးဇူးကမ္ဘာပါပဲ။ အေးအေးဆေးဆေး စကားပြော

ကြနော်"

"..............."

"သြော်...ဟုတ်...ကောင်းမြတ်"

ထွက်သွားမလိုလုပ်ပြီးမှ ပြန်လှည့်လာပြီးခေါ်လေတော့ ကောင်းမြတ်က မေးဆတ်၍ထူးလေလျှင်..

"ပြန်ကာနီးကျ အိမ်ထဲဝင်ခဲ့ဦး...သိလား"

"မဝင်တော့ပါဘူး...ငါ ခဏနေပြီးရင် ပြန်တော့မှာ"

"ဟင်"

မိုးသောက် တွေကနဲဖြစ်သွားပြီးမှ...

"အေးပါ...မဝင်ချင်လည်းနေပါ၊ ငါ စကားပြောနေလို့ အနှောင့်အယှက်ဖြစ်သွားလားမသိဘူး။ ငါ သွားမယ်နော်"

မိုးသောက် ထွက်သွားမှပဲ သပြေ ငုံ့ထားတဲ့ခေါင်းလေး မော့လာတော့သည်။ မျက်ရည်တွေဝဲနေတာမြင်ပေမယ့် ကောင်းမြတ် နှစ်သိမ့်မပေးတော့ပေ။ တော်ကြာ ကိုယ်က နှစ်သိမ့်ပေးကာမှပဲ ငိုချင်ရဲ့လက်တို့ဖြစ်မှာစိုးလို့ပါ။ ဒါကြောင့် နှုတ်ဆက်ပြီး ပြန်လာခဲ့ပြီးနောက်...

နောက်နေ့မှာတော့ သူ သပြေ့ကို အဝေးပြေးသို့ လိုက်ပို့ခဲ့သည်တွင်...

"ကောင်းမြတ်"

"ဟင်"





"အခုလို လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်နော်။ သပြေ့အပေါ် စေတနာထားတဲ့အတွက်ရောပေါ့...ကောင်းမြတ်ရဲ့ ကျေးဇူးကို သပြေ ဘယ်တော့မှမမေ့ပါဘူး"

"ရပါတယ် သပြေ...ကျွန်တော့်ကို ကျေးဇူးတင်စရာမလိုပါဘူးဗျာ...မသပြေ အဆင်ပြေတယ်ဆိုရင်ပဲ ကျွန်တော် ကျေနပ်ပါတယ်"

သပြေ ခေါင်းညိတ်လိုက်ပြီး...

"သပြေ သွားတော့မယ်နော်"

"ကောင်းပါပြီ မသပြေ"

ကားကထွက်တော့မည်မို့ ခရီးသည်တွေ ကားပေါ်တက်ကြရန် အော်နေသည်။ သပြေ ကားပေါ်တက်ပြီး ကိုယ့်ခုံနံပါတ်မှာ ဝင်ထိုင်နေလိုက်သည်။ ခရီးသည်တွေ နေရာယူပြီး လူစုံတော့ ကားကထွက်တော့မည်ပေါ့။ အတ္တတွေနဲ့ ပိန်းပိန်းမှောင်နေတဲ့ မိသားစုရှိတဲ့မြို့...

နှုတ်ဆက်ခဲ့ပါတယ် ရန်ကုန်...

နင့်မြေမှာ ငါ ခြေချဖို့ မထိုက်တန်တာမို့ ကိုယ့်ဇာတိမြေလေးကို ပြန်လည်ထွက်ခွာသွားပါတော့မည်။ ဟော...ကားထွက်ပြီ။ ငါ သွားပြီ...ရန်ကုန်ရေ...

"သပြေ"

"..............."

"သပြေ"

တေဇ Taxi ပေါ်ကနေ ကသောကမျောဆင်းပြီးလိုက်ပေမယ့် ကားက ထွက်သွားပြီ။

"သပြေ"

ကိုယ် အော်ခေါ်ပြီးလိုက်ပေမယ့် ကားက ဘယ်ရပ်ပေးပါ့ မလဲ။ သွားပြီ…ထွက်သွားပြီ။

"သပြေ"

သပြေ ပြတင်းပေါက်ကနေ အောက်ကို ငုံ့ကြည့်လိုက်တော့ ကားနောက်ကို ပြေးလိုက်လာတာ တေဇ။ မလိုက်ပါနဲ့ တေဇရယ်။ နင်နဲ့ငါက ဘယ်တော့မှ ဆုံဆည်းခွင့်မရှိတော့တဲ့ ကောင်းကင်ပြာနဲ့ မြေပြင်လှာပါ တေဇ။

"အဟင့်"

ရှိုက်သံထွက်မှာစိုးလို့ သပြေ ပါးစပ်ကို လက်ဝါးနှင့် ဖိပိတ်ထားလိုက်သည်။

"သပြေ"

ကားက အရှိန်နဲ့မောင်းထွက်သွားပြီမို့ ရပ်ကျန်ခဲ့ရတဲ့ တေဇ… ယောကျ်ားတန်မဲ့ မျက်ဝန်းမှာ မျက်ရည်စတွေနှင့်ပေါ့လေ။

~~~





# အခန်း (၃၂)

ထူးမောင် လာပေးတဲ့စာကိုဖတ်ပြီး ဒေါ်ဝေမာစန်း ဘယ်လိုမှ ဟန်ဆောင်မထိန်းချုပ်နိုင်တော့ပေ။ ရင်ထဲက အူတွေ၊ အသည်းတွေ ကို ဆွဲထုတ်ခံလိုက်ရသလိုမို့ ချုံးပွဲချပြီး ငိုကြွေးလေလျှင်…

"ဝေ"

ဇနီးဖြစ်သူ ဒီလောက် ငိုကြွေးနေတာကိုကြည့်ပြီး ဦးနွေဦး ဘယ်လိုမှ နားမလည်နိုင်တော့ပေ။ အိမ်ဖော်တစ်ယောက် သူ မနေချင်လို့ ရှာပြန်တာ ဒီလောက်အထိ ငိုစရာလိုလို့လား။ ကိုယ့် သွေးသားလည်း မဟုတ်ဘူးလေ။ ဒါကိုပဲ နားမလည်နိုင်တာပါ။

"သူ မနေချင်လို့ ပြန်သွားတာကို မင်းက အဲဒီလောက် ငိုနေ စရာလား ဝေ…ကိုယ် နားမလည်နိုင်တော့ဘူး"

"ဟုတ်သားပဲ မာမီရဲ့…ကိုယ့်သွေးမျိုးသားချင်းလည်း မဟုတ်ဘဲနဲ့၊ မာမီ ဒီလောက်ငိုနေတာ သမီးတော့ နားမလည်တော့
~~~

ဘူး။ သမီးကတော့ သပြေညို ပြန်သွားတာ ဝမ်းတောင်သာသေးတယ်"

"မိုးသောက်"

မျက်ရည်တွေကို မသုတ်ဘဲ ဒေါ်ဝေမာစန်း ခေါင်းကို ဆတ်ကနဲ မော့ပစ်လိုက်မိသည်။ ဖြစ်ချင်ရာဖြစ်ပါစေတော့… သူမ ပြောမှဖြစ်တော့မည်လေ။

ဒါကြောင့်…

"ဆွေမျိုးသားချင်းမဟုတ်ဘဲနဲ့…ဟုတ်လား…မိုးသောက်၊ တကယ်တော့ သပြေညိုက မိခင်မေတ္တာကို လုယူတယ်ထင်မှာစိုးလို့ ညီမလေး မုန်းတာမခံဘူးတဲ့။ ညီမလေး စိတ်ချမ်းသာဖို့အတွက်ဆိုပြီး အိမ်ဖော်လိုနေ၊ အရာရာမှာ အနစ်နာခံ အရှုံးပေးခဲ့တာ။ အခု သူ့ချစ်သူကိုပါ စွန့်လွှတ်ပြီးထွက်သွားတဲ့ သပြေညိုက နင့်အစ်မအရင်း ခေါက်ခေါက်ဟဲ့…မိုးသောက်ပန်းရဲ့"

"ဟင်"

"ရှင်"

မိုးသောက်ရော ဦးနွေဦးပါ အံ့ဩလွန်းလို့ မျက်လုံးအဝိုင်းသား ပါးစပ်အဟောင်းသားနှင့် ဖြစ်ကုန်ကြလေတော့သည်။

"ဘယ်လို…ဝေ…သပြေက"

"ဟုတ်တယ်…ကိုဦး၊ ဝေ ပြောမှဖြစ်တော့မှာမို့ ပြောပါရစေတော့"





ဟုတ်တယ်၊ ကိုဦးဆိုတာ ဘာကို ဟုတ်လိုက်တာလဲ။ သပြေညိုနဲ့ မိုးသောက်ပန်းက ဘယ်ကနေ ဘယ်လိုညီအစ်မ ဖြစ်သွားတာလဲဆိုတာ နားမလည်နိုင်တော့ပေ။

"ကိုဦး…ဒီကိစ္စကြောင့် ဝေ့ကို မကျေနပ်လို့ ကွာမယ်ဆိုလည်းကွာပါ။ ကိုဦး ကြိုက်သလိုလုပ်…ကိုဦး ပေးတဲ့အပြစ်ဒဏ်ကို ဝေ ကျေကျေနပ်နပ်နဲ့ ခံယူပါ့မယ်ရှင်"

"ဝေ…မင်း ဘာတွေပြောနေတာလဲ။ ကိုယ့်ကို ရှင်းအောင်ပြောစမ်းပါ။ သပြေနဲ့သမီးက ဘယ်ကနေဘယ်လိုဖြစ်ပြီး ညီအစ်မအရင်း ဖြစ်သွားရတာလဲ"

ဒေါ်ဝေမာစန်း ခင်ပွန်းသည်ကို တောင်းပန်သလိုမျက်နှာထားနဲ့ကြည့်ရင်း မျက်ရည်တွေ ကျလာပြန်သည်။ သမီးအတွက် မေမေ သတ္တိရှိရှိနဲ့ အရာအားလုံးကို ရင်ဆိုင်တော့မယ် သမီးကြီးရေ။ သမီးကြီး မေမေ့မေတ္တာရိပ်မှာ ခိုလှုံဖို့ စောင့်မျှော်နေပါတော့။

မေမေ…

သမီးဆီကိုရောက်အောင် လာခဲ့တော့မယ်ကွယ်။

"ကိုဦး"

"……………"

"သပြေက…သပြေက ဝေ ပထမအိမ်ထောင်နဲ့ ရခဲ့တဲ့ သမီးကြီးပါ ကိုဦးရယ်"

"ဟာ"

ဦးနွေဦး ခေါင်းတခါခါ ဖြစ်သွားလေတော့သည်။ တကယ် စိတ်မကောင်းစရာပါပဲလား။ ကိုယ်ဟာ သမီးမွေးထားတဲ့ သမီးရဲ့ ဖခင်တစ်ယောက်အနေနဲ့ အဲဒီလောက် အတ္တမကြီးပါဘူး။ သမီးချင်း ကိုယ်ချင်းစာတတ်ပါသည်လေ။ တကယ်ဆိုရင် ဒီအမေကို သိမ်းပိုက်ထားပြီးမှတော့…

ဒီသမီးကိုလည်း လက်ခံနိုင်ရမှာပေါ့။ ငယ်တုန်းက ငယ်တဲ့ စိတ်နဲ့ပေမယ့် ကိုယ့်မှာလည်း သမီးရှိလာတော့ သဘောထား သေးသိမ်တဲ့သူမှ မဟုတ်တော့တာ။

"ဒီကိစ္စကို မင်း အစောကြီးကတည်းက ဖွင့်ပြောသင့်ခဲ့တယ် ဝေ…အခုတော့ ကိုယ်က သဘောထားသေးသိမ်ရာကျမနေ ဘူးလား"

"ကိုဦး"

"ကိုယ်လည်း သမီးမွေးထားတဲ့ ဖခင်ပါ။ သမီးချင်း ကိုယ်ချင်းစာတတ်ပါတယ်ကွာ…ဒီအမေကို လက်ခံထားပြီးမှတော့ ဒီသမီးကိုလည်း ကြည်ဖြူပေးရမယ်ဆိုတာ ကိုယ် နားလည်ပါ တယ်"

"ဒါ…ဒါဆို ကိုဦးက"

"ဇေ့ကို ကိုယ် ခွင့်လွှတ်ပါတယ်"

ဒေါ်ဝေမာစန်းရဲ့နှုတ်ခမ်းပေါ်မှာ အပြုံးရိပ်ထင်သွားလေသည်။ ဒီစကားကိုကြားရတာထက် ဝမ်းသာစရာကောင်းတာ ဘာရှိဦးမှာ





လဲ။ ဒါကြောင့် မျက်ရည်တွေကို သုတ်လိုက်ကာ…

"ကိုဦး…တကယ်ပြောတာလားဟင်"

"တကယ်ပေါ့…ဝေ…ဇေ့သမီးက ကိုယ့်သမီးပဲပေါ့"

"ဝမ်းသာလိုက်တာ ကိုဦးရယ်…ဝေ…ဝမ်းသာလိုက်တာ"

မိခင်ကိုကြည့်ပြီး မိုးသောက် တွေတွေငေးငေးလေး ဖြစ်သွား လေတော့သည်။ သူမ မှားပြီလား။ သပြေညိုက မိုးသောက်ရဲ့အစ်မ အရင်းတဲ့။ ဘယ်လောက်ပဲ နွဲ့ဆိုးဆိုးခဲ့ပါစေ သွေးကို သွေးက သိသည်လေ။ မိုးသောက်က ညီအစ်ကိုမောင်နှမ မရှိတော့ အထီး ကျန်နေသူပါ။

အခု…

ကိုယ့်မှာ အစ်မအရင်းရှိတယ်ဆိုတာ သိလိုက်ရတော့ ဝမ်းသာ ဝမ်းနည်း ဖြစ်မိ၏။ ကိုယ့်အပေါ် ငဲ့ညှာခဲ့တယ်တဲ့လား။ ဟုတ်ပါ တယ်။ ပြီးခဲ့တဲ့ကာလတွေထဲမှာ မိုးသောက်…သပြေညိုအပေါ် အနိုင်ယူခဲ့တာတွေက အများကြီးပါ။ ခွင့်လွှတ်ပါလို့ ကိုယ်က တောင်းပန်ရင်တော့…

အပြစ်တွေက ကျေမှာမဟုတ်တော့ပေ။

ကိုယ်ဖိနပ်ကိုတောင် စေတနာပါပါနဲ့ တိုက်ပေးခဲ့တာ။ ဒါကြောင့်ကိုး…မိုးသောက်ကို ခွင့်လွှတ်ပါ မမရယ်။

"မာမီ"

"……………"

"သမီး အရမ်းမှားသွားပြီ မာမီ…ကိုယ့်အစ်မမှန်းမသိလို့ သမီး ဆိုးခဲ့တာပါ။ သမီး မမကို တောင်းပန်ချင်တယ်။ တောင်းပန် ပါရစေ"

"မှားတာမှ နင်မှားခဲ့တာ သေးသေးကွေးကွေး မဟုတ်ဘူး မိုးသောက်…ကောင်းမြတ် ပြောပြလို့ ငါ အားလုံးကို သိခဲ့ရပြီးပြီ"

"ဟင်…ကိုကို"

"မောင်တေဇ"

မိုးသောက်ရဲ့စိတ်ဓာတ် အောက်တန်းကျမှုတွေကို တေဇ သိခဲ့ပြီးပါပြီ။ ဒါကြောင့် သူ ဆုံးဖြတ်ပြီးပြီလေ။ ဘာပဲဖြစ်ဖြစ် သူလည်း ရွာပြန်တော့မည်။ တစ်လျှောက်လုံး နာကျင်ခံစားခဲ့ရတဲ့ သပြေရဲ့ ဝေဒနာတွေကို ကိုယ့်ရဲ့အကြင်နာတွေနဲ့ ကုစားပေးမည်။

"ကြောက်ပါပြီလို့ ဒူးထောက်အရှုံးပေးနေတဲ့လူကို နင်က လက်ပါထပ်မြှောက်ခိုင်းပြီး ချောင်ပိတ်ရိုက်ဖို့ ကြိုးစားခဲ့တာ"

"အဟင့်"

မိုးသောက် ကိုယ့်ရဲ့လုပ်ရပ်တွေအတွက် မဖြေနိုင်စွာ မျက်ရည် ကျမိတော့သည်။ ကိုယ့်အကြံအစည်တွေသာ အောင်မြင်ခဲ့ရင် မမ ဘဝက…

အို…မတွေးရဲစရာပါလားနော်။

~~~





## အခန်း (၃၃)

နောက်ဆုံးတော့ ရွာကိုပဲ ပြန်ရောက်လာတာပဲမဟုတ်လား ဆိုတဲ့အကြည့်…

အလှမ်းကျယ်လို့ ခုတော့ မြို့အကြောင်းသိပြီပေါ့။ သူများ အိမ်နေရတာ လွယ်တာမှတ်လို့။ သူများမျက်နှာကြည့်ပြီး ထမင်းစား ရတာဆိုတဲ့အသံတွေ။ ပြီးတော့ ဘာကြောင့် ပြန်လာရမှန်းမှ မသိတာ။ ရပ်ကလေးက ချောချော၊ ဗွီဒီယိုတွေထဲကလို…

သူဌေးလက်စာမိပြီလား မသိဘူးဆိုတာတွေနဲ့ သို့လော… သို့လော ဝေဖန်ပြောဆိုနေကြတာ။ သပြေကတော့ ဂရုမစိုက်ပေ။ အမှန်တရားကို ကာယကံရှင်တွေနဲ့ ဘုရားသိ၊ နတ်သိပဲလေ။

"သပြေ"

"…………"
~~~

"နင် ဘာမှအားမငယ်နဲ့နော် သိလား။ ညဘက် နင့်မှာ အဖော်မရှိတာ ငါ လာအိပ်ပေးမယ်။ ပတ်ဝန်းကျင်က ပြောနေတာ တွေကိုလည်း ဂရုစိုက်မနေနဲ့။ အချိန်တန်ရင် အဖြေမှန်ပေါ်လာမှာပဲ ဥစ္စာ"

"အေးပါ…ငါလည်း ဂရုမစိုက်ပါဘူး။ အမှန်တရားကို ကာယကံရှင်တွေ သိနေတာပဲဟာ"

"အေးပါဟာ…ငါ တကယ်စိတ်မကောင်းပါဘူး။ ပတ်ဝန်း ကျင်က ပြောဆိုနေကြတာကိုပေါ့"

"ပတ်ဝန်းကျင်ဆိုတာကတော့ ဒီလိုပါပဲ ဖြူဖြူရယ်… ပြောကြပါစေ။ မောသွားတဲ့အခါ ရပ်သွားလိမ့်မယ်ပေါ့"

တကယ့်ကိုပဲ သပြေ ဘယ်သူ့ကိုမှ ဂရုမစိုက်ပေ။ ကိုယ် ကောင်းရင် ခေါင်းဘယ်မရွှေ့ပါဘူး။ ဒီပါးစပ်တွေ တစ်သက်လုံး ပြောနေနိုင်ကြမှာမှ မဟုတ်တာ။

"ကဲ…သပြေ စကားကတော့ ပြောလို့ကောင်းပါရဲ့၊ ငါ ထမင်းချက်ရဦးမယ်ဟ…ထမင်းချက်ပြီးမှပဲ ပြန်လာခဲ့မယ်ဟာ… နော်"

"အေးပါ…ငါလည်း ထမင်းချက်လိုက်ဦးမယ်"

ဖြူဖြူ နှုတ်ဆက်ပြီး ပြန်သွားလေတော့ သပြေလည်း ထမင်း ချက်ဖို့ ထင်းမရှိတာနှင့် ခြံထဲမှာ ဝါးတိုဝါးစနဲ့ သစ်ကိုင်းခြောက် တွေ လိုက်ကောက်နေမိသည်။ နောက်နေ့မှ ထင်းသွားခွေဦးမှ။



လောလောဆယ် မခွေနိုင်သေးတော့ ဒီလိုပဲ လုပ်ရမှာပေါ့လေ။

"တီတီ…တီတီ"

"…………"

"တီတီ…တီတီ"

"ဟင်"

ကိုယ့်ခြံရှေ့မှ ကားဟွန်းတီးသံကြားတာကြောင့် သပြေ လည်ပင်းလေးရှည်ပြီး မျှော်ကြည့်လိုက်မိသည်။

"သပြေ"

"…………"

"သပြေရေ…"

"ဟင်"

ဒါ…တေဇအသံပါလား။ ဟုတ်တယ်…တေဇအသံမှ တေဇ အသံအစစ်ပါ။

"သပြေ"

သပြေ အံ့သြဟန်လေးနဲ့ ထရပ်လိုက်သည်။ တေဇက သူမကို မမြင်ပေ။ အိမ်လေးဆီသို့သာ ဦးတည်ပြီးသွားလေလျှင် သပြေ အသံ မပေးဘဲ ငြိမ်နေလိုက်၏။ သူနဲ့ကိုယ် ပတ်သက်စရာအကြောင်းမှ မရှိတော့ဘဲလေ။

"သပြေ"

"…………"

"ဟာ…ဒီကောင်မလေး ဘယ်ကိုသွားပါလိမ့်"

တေဇ အိမ်ထဲမှာ ဘာသံမှမကြားရတော့ ခြံထဲကိုပဲ ဟိုဟိုဒီဒီ လိုက်ကြည့်လေလျှင်…

"ဟင်"

တွေ့ပြီလေ သပြေ့ကို။ သရက်ပင်အောက်မှာ ရပ်နေတာ သပြေပါ။

"သပြေ"

တေဇ မပြေးရုံတမယ် ခြေလှမ်းများနှင့် သပြေဆီသို့ သွားလိုက်ကာ…

"ငါ့ကို မြင်ရဲ့သားနဲ့ ဘာလို့မခေါ်တာလဲ သပြေရဲ့"

"နင်…ဘာလာလုပ်တာလဲ တေဇ"

"နင့်ဆီကို ပြန်လာတာလေ"

သပြေ မျက်နှာလွှဲလိုက်ပြီး…

"နင့်ခြေထောက်တွေက ငါ့ခြံထဲက မြေကြီးကို နင်းဖို့တောင် မတန်ဘူး တေဇ…အဲဒါကြောင့် နင် ပြန်ပါ"

"သပြေ"

ချစ်လွန်းလို့ အဝေးကြီးကနေ ပြန်လာတဲ့သူကို ပြောရက်လိုက်တာလို့ တေဇ စိတ်မကောင်းဖြစ်ရသည်သာ။ အေးလေ…သူ့ဘက်ကကြည့်တော့လည်း နာကျင်ခံစားမှုတွေနဲ့ကိုး။

"အဲဒီလိုတော့ မပြောပါနဲ့ သပြေရယ်…လူလူချင်း မတူဘူး၊



မတန်ဘူးဆိုတာ လူတွေကပဲ သတ်မှတ်တာပါ။ နင်နဲ့ငါက တူလည်းတူ၊ တန်လည်းတန်တယ်။ အဲဒါကြောင့် ငါ နင်နဲ့ လက်ထပ်ဖို့ ပြန်လာခဲ့တာ"

"ဘာ"

"ဟုတ်တယ်…နင့်ကို ငါ အရမ်းချစ်တယ်။ အဆုံးရှုံးမခံနိုင်ဘူး"

"သေလိုက်ပါလား"

"မသေပါဘူး…ဘာလို့သေရမှာလဲ။ နင်နဲ့လက်ထပ်ပြီး သားတွေ…သမီးတွေ…မြေးတွေနဲ့ ပျော်ပျော်ကြီး နေသွားဦးမှာ။ ကလေးတစ်ဒါဇင်…အဲ…အဲဒီသားသမီးတွေက ထပ်ပေါက်ပွား လာမှာက သားသမီးတစ်ယောက်ကို မြေးနှစ်ယောက်နှုန်းနဲ့ တွက်ကြည့်…နှစ်ဆယ့်လေးယောက်"

"တေဇ"

"တို့မိသားစုနဲ့တင် တစ်ရွာတည်ကြတာပေါ့"

"ကဲ…ဟာ"

"ဘုတ်"

"အား"

သပြေ့လက်ထဲက ထင်းချောင်းနှင့် တေဇခေါင်းကို ရိုက်ထည့်လိုက်တော့ တေဇ အားကနဲ အော်ပြီး မျက်နှာလေး ရှုံ့မဲ့သွားလေတော့သည်။

"နင်…သွားနော်၊ မသွားရင် ငါ ထပ်ရိုက်မှာ"

"ရက်စက်တယ်ဟာ"

"ကဲ…ဟယ်"

"ဘုတ်"

"အား"

"ဟေး…ဝမ်းသာတယ်ဟေ့…ဝမ်းသာတယ်၊ ကိုကို အရိုက်ခံနေရပြီ"

"ဟင်"

ဝမ်းသာအားရဟန်နှင့် လက်ခုပ်တီးပြီး အော်လိုက်သူက မိုးသောက်ပန်း။ မိုးသောက်ကိုမြင်တော့ သပြေ အံ့သြသွားကာ…

"မိုးသောက်"

မိုးသောက်က ရယ်နေပြီး…

"ဆက်လုပ်…မမ…ဆက်လုပ်…ကိုကို့ကို နာနာရိုက်ပြီး ဆုံးမ…ဆုံးမပြီးရင်တော့ ကိုကိုနဲ့ လိုက်လာခဲ့နော်။ ညီမလေး ကိုကိုတို့အိမ်က စောင့်နေမယ်"

ပြောပြီး မိုးသောက်က နောက်သို့ ပြန်လှည့်ပြေးလေတော့သည်။ မမလို့ခေါ်လိုက်တာလား…ပြီးတော့ ညီမလေးတဲ့။ ဒါဆို… ဒါဆို မိုးသောက် အမှန်တွေ သိသွားပြီလား။ မမနဲ့ညီမလေးလို့ သုံးလိုက်တဲ့နာမ်စားက သပြေ့ရင်ထဲကို စမ်းချောင်းလေး စီးဆင်းသွားသည့်နှယ်ပါ။



"နင်…အံ့သြသွားလား သပြေ"

"…………"

အံ့သြတာတော့ တကယ့်ကို အံ့သြနေတာပါပဲလေ။

"အန်တီက အဖြစ်မှန်တွေအားလုံးကို ဖွင့်ပြောလိုက်ပြီ သပြေ"

"ဟင်"

"အန်ကယ်လ်က နင့်ကို သမီးတစ်ယောက်လို ချစ်နိုင်ပါတယ်တဲ့…မိုးသောက်လည်း နင့်ရဲ့စေတနာမေတ္တာတွေကို နားလည်သွားပါပြီ။ အဲဒါကြောင့် နင်နဲ့ငါ့ကို လက်ထပ်ပေးမယ်ဆိုပြီး လာခဲ့ကြတာ"

နားရှိလို့သာ ကြားရတယ်။ သပြေ ကိုယ့်နားကိုယ်ပင် မယုံပေ။ အိပ်မက်မက်နေတာများလား။ အိပ်မက်ဆိုရင်လည်း ဒီအိပ်မက်လေး ပျောက်ရှသွားမှာစိုးလို့ တစ်သက်လုံး မနိုးချင်နေပါစေတော့။

"ကဲ…သပြေ"

"…………"

"နင်နဲ့ငါ လွတ်လွတ်လပ်လပ် ချစ်ခွင့်ရပြီနော်။ အဲဒီတော့ ဘာလုပ်ရမလဲ"

"တောဇနော်"

"ဘာလဲ"

"နင့်ကို ဘယ်သူက ယူမယ်ပြောလို့လဲ"

"မယူဘူးလား"

"မယူဘူး"

"အဲဒါဆို…အနုနည်းနဲ့မရရင် ငါ အကြမ်းနည်းသုံးမှာနော်"

"ဟင်"

တေဇ ခပ်တည်တည်နှင့် ရှေ့တိုးလာတော့ သခြေ လန့်သွားလေသည်။ ဒီကောင် ဘာလုပ်မှာလဲ။

"တေဇ…နှင်နော်"

"နှင်…ငါ့ကို ယူမှာလား…မယူဘူးလား။ ဒါပဲပြော"

"ယူမယ်…ယူမယ်"

ယူမယ်ဆိုတော့ တေဇ မျက်နှာပြုံးဖြီးဖြီး ဖြစ်သွားပြီး-

"အဲဒါဆိုရင်…အာ…ဘွား…အာဘွား"

"ဟွဲ့"

သခြေ နောက်ဆုတ်ပြေးမလို့ပြင်ပေမယ့် နောက်ကျသွားခဲ့ပါပြီ။ ကိုယ်လုံးလေးက တေဇရင်ခွင်ထဲမှာ နစ်မြုပ်သွားပြီး ပါးပြင်လေးဆီမှာ…

အဒွေးမာတော်တို့ ခကုန်ကြသည်ဆိုလျှင်…

ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ…

အလင်းသစ်

၄-၈-၂၀၁၆



"တိတ်တခိုးအချစ်"

မပိုင်ဆိုင်ဖူးတော့လည်း
စွန့်လွှတ်ခြင်းက ငါ့အတွက် မခဲယဉ်းပါဘူး
မေ့ပစ်လို့ မရတာကိုတော့ အပြစ်မဆိုပါနဲ့။
နင့်ကိုချစ်တဲ့ အချစ်တွေက
ငါ့နှလုံးသားမှာ အမြစ်တွယ်ခဲ့ပြီ။
မစာနာ အလေးမထား
ငါ့အချစ်ကို ဆော့ကစားပြီးမှ
ငါ့ကိုချန်ထားဖို့ မင်းကြံနေတုန်း
ပေါ့ပေါ့ပါးပါးအပြုံးနဲ့
ငါက အရင်လက်ပြနှုတ်ဆက်လို့
အံ့သြမှင်တက် မင်းအတွေးရခက်သွားလား။
ငါ့အချစ်က မာနကြီးတယ်
မထားခဲ့ပါနဲ့လို့ အသနားခံ တောင်းပန်မယ့်အစား
နင့်ကွယ်ရာမှာ ငါ ငိုမယ်။
အချစ်ဆိုတာ အလကားပါလို့
နင့်ကိုလွမ်းတိုင်း ငါ ရေရွတ်တတ်ခဲ့တာ
ကြာလာတော့လည်း
အသည်းမာသူကြီးရယ်လို့ သတ်မှတ်လာကြပေါ့
တကယ်တော့…
ငါ့အသည်းက အလွမ်းနွံထဲ ဆွေးခဲ့ပြီ။

နှင်းနွယ် (ကလေး)